# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၂ ရက် ၂၀၁၆ ခုနှစ်၊ ဇွန် ၇ ရက်၊ အင်္ဂါနေ့ အတွဲ (၅၅)၊ အမှတ် (၂၄၆)


## ကြီးမားသောအကျိုးရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာ ဘုရားသည် ချီးမွမ်းတော်မူ၏။

(ဓမ္မပဒ-၁၇၂)



# စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လုံး၏ ကိုယ်ရေးအကျဉ်း



မစ္စတာ လီရှန်လုံးသည် စင်ကာပူနိုင်ငံ၏ ဝန်ကြီးချုပ်တာဝန်ကို ၂၀၀၄ ခုနှစ်မှ စတင်၍ ထမ်းဆောင်ခဲ့ပါသည်။

မစ္စတာ လီရှန်လုံးအား ၁၉၅၂ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် မွေးဖွားခဲ့ပါသည်။ ငယ်စဉ်က စင်ကာပူ၌ ပညာ သင်ကြားခဲ့ပြီး ကမ်းဘရစ်ချ်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့(သင်္ချာ)ကို လည်းကောင်း၊ ကွန်ပျူတာသိပ္ပံဘာသာရပ် (ဒီပလိုမာ)ကို လည်း ကောင်း ရရှိခဲ့ပါသည်။ ထို့ပြင် ဟားဗတ်ကနေဒီကျောင်းမှ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဝိဇ္ဇာဘွဲ့ကိုလည်း ရရှိခဲ့ပါသည်။

မစ္စတာ လီရှန်လုံးသည် ပြည်သူ့လှုပ်ရှားမှုပါတီ (People's Action Party) ၏ အတွင်းရေးမှူးချုပ်ဖြစ်ပါသည်။ မစ္စတာ လီရှန်လုံးသည် ၁၉၈၄ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ်

*စာမျက်နှာ ၃ ကော်လံ ၅* ❍

# အမေရိကန်ပိတ်ဆို့မှု အားလုံး ရုပ်သိမ်းရေး ကုန်သည်/စက်မှု အသင်းချုပ် ကြိုးပမ်း

**သတင်း-မြင့်မောင်စိုး**

**ရန်ကုန် ဇွန် ၆**

အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော ပိတ်ဆို့မှုအားလုံး ရုပ်သိမ်းပြီး မြန်မာနိုင်ငံ၌ အမေရိကန် ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာအောင် ဆောင်ရွက်နေပြီ ဖြစ်ကြောင်း ဇွန် ၆ ရက် မွန်းလွဲပိုင်းက မြန်မာနိုင်ငံကုန်သည်/ စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေး က ပြောသည်။

"အစိုးရသစ်အနေနဲ့ ပြည်သူတွေပါဝင်တဲ့ စီးပွားရေး လုပ်ငန်းတွေလုပ်ဆောင်ဖို့ ကြိုးပမ်းနေပါတယ်။ ဒီလို လုပ်ဆောင်တဲ့နေရာမှာ အတားအဆီးတွေမရှိဘဲ လွတ်လွတ် လပ်လပ်လုပ်နိုင်ဖို့ အရေးကြီးပါတယ်။ အမေရိကန်နိုင်ငံရဲ့ ပေါ်လစီတွေ၊ မြန်မာနိုင်ငံအပေါ်မှာထားရှိတဲ့ မူဝါဒတွေကို ဖြေလျှော့ပေးဖို့ အထူးလိုအပ်ပါတယ်။ အဓိကဖြစ်နေတဲ့ ကိစ္စက အဟန့်အတားတွေ၊ အရေးယူပိတ်ဆို့မှုတွေ၊ GSP လို့ခေါ်တဲ့ အထူးအခွင့်အရေး ပြန်ရဖို့တွေ၊ ကန့်သတ်ထားတဲ့ ပုဂ္ဂိုလ်တွေစာရင်း ဖြေလျှော့ပေး ဖို့အစစအရာရာအဆင်ပြေဖို့ ဒီကနေ့ ဆွေးနွေးကြပါတယ်။ ဒီကနေတစ်ဆင့် ပိတ်ဆို့မှုတွေ အားလုံးရုပ်သိမ်းသွားပြီး

*စာမျက်နှာ ၈ ကော်လံ ၄* ❒




မန္တလေး၊ ကျောက်မဲ၊ လားရှိုး၊ မူဆယ်လမ်းပိုင်း၌ ယာဉ်များသွားလာမှုအဆင်ပြေစေရန် ယာဉ်ဖြတ်သန်းခကို စမတ်ကတ်ဖြင့် အသုံးပြုနေသည့် တိုးဂိတ်တစ်ခု

# ရှမ်းမြောက်အဝေးပြေးလမ်းပိုင်း ယာဉ်ဖြတ်သန်းခများ စမတ်ကတ်ဖြင့် စတင်ပေးချေအသုံးပြုနေပြီ

**လားရှိုး ဇွန် ၆**

မန္တလေး၊ ကျောက်မဲ၊ လားရှိုး၊ မူဆယ်လမ်းပိုင်း၌ ယာဉ်များ လမ်းပိတ်ဆို့မှု လျော့ကျစေရန်နှင့် ယာဉ်မောင်းသူများ တိုးဂိတ်များ၌ အချိန်ကြာမြင့်စွာ တန်းစီစောင့်ဆိုင်းနေရန်မလိုဘဲ အချိန်အနည်း ငယ်ဖြင့် ယာဉ်များသွားလာမှုကို အဆင်ပြေချောမွေ့စေရေးအတွက် ယာဉ်ဖြတ်သန်းခများကို စမတ်ကတ်ဖြင့် အသုံးပြုနိုင်ရန်အတွက် အိုရီရမ်တယ်ဟိုင်းဝေးကုမ္ပဏီက ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✺

KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# စိုက်သမျှ ရှင်စေ၊ သန်စေ

ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ သဘာဝပတ်ဝန်းကျင်တိုးတက်ကောင်းမွန်ရေး၊ သစ်တောသစ်ပင်ကို ချစ်မြတ်နိုးစိတ်ရှင်သန် ဖြစ်ပေါ်စေရေး စသောရည်ရွယ်ချက်များဖြင့် ယခုနှစ်မိုးရာသီတွင် **Green Environmental Campaign** အစီအစဉ်ဖြင့် ပျိုးပင် ၅၇ ဒသမ ၉၃ သန်းကို ဆေးရုံ၊ ဆေးခန်း၊ စာသင်ကျောင်းများ၊ အများပိုင်နေရာများ၊ သာသနာနယ်မြေများနှင့် ရေဦးရေထွက် ရေဝေရေလဲဒေသများတွင် စိုက်ပျိုးသွားမည်ဟု သိရသည်။


တစ်ဖန် သစ်တောသယံဇာတများ အလေအလွင့်မဖြစ်စေရန် ထိထိရောက်ရောက်ဟန့်တားနိုင်မည့် နည်းလမ်းများကို ဖော်ထုတ်ရေးအတွက် သက်ဆိုင်ရာပညာရှင်များနှင့်ပတ်သက်ဆက်စပ်သူများ အားလုံးပါဝင်သည့် သစ်တောသယံဇာတရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ရန်ကုန်၌ကျင်းပခဲ့သည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် သစ်တောဦးစီးဌာန တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မြန်မာ့သဘာဝသစ်တောများအတွင်းမှ ကျွန်းသစ်ပင်ရေ ၁၉၂၀၀ နှင့် သစ်မာပင်ရေ ၅၉၂၃၃၀ စီသာ နှစ်စဉ်တောထွက် **AAC** ရှိနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါအရေအတွက်မှာ ၂၀၁၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက ကျွန်းသစ်အနေဖြင့် ၆၇ ရာခိုင်နှုန်းလျော့နည်းသွားခြင်းဖြစ်ပြီး သစ်မာအနေဖြင့် ၂၈ ရာခိုင်နှုန်းကျဆင်းသွားခြင်းဖြစ်သည့် အလျောက်သစ်တောများအတွင်းမှ ကျွန်းနှင့်သစ်မာထုတ်လုပ်မှုများကို တင်းတင်းကျပ်ကျပ်ကန့်သတ်ရတော့မည့် အခြေအနေဟုဆိုနိုင်သည်။

မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုဧရိယာမှာလည်း လျော့ကျလျက်ရှိရာ ၁၉၉၀ ပြည့်နှစ်တွင် နိုင်ငံဧရိယာ၏ ၅၇ ဒသမ ၉၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၅ နှစ်တာကာလကိုကျော်ဖြတ်ပြီးနောက် ၂၀၁၅ ခုနှစ်တွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းသာ ကျန်ရှိတော့ကြောင်းသိရသည်။ ထင်းသုံးစွဲမှုအနေဖြင့် နိုင်ငံအတွင်း အိမ်ထောင်စုပေါင်း ၁၀ ဒသမ ၈၈ သန်းရှိသည့်အနက် မြို့ပြတစ်အိမ်ထောင်ထင်းသုံးစွဲမှု ၁ ဒသမ ၄ တန်၊ ကျေးလက်တစ်အိမ်ထောင်ထင်းသုံးစွဲမှု ၂ ဒသမ ၅ တန်နှုန်းဖြင့် နှစ်စဉ်ထင်းမီးသွေးလောင်စာ ကုဗတန် ၁၈ ဒသမ ၉၅ သန်းကို မဖြစ်မနေဖြည့်ဆည်းပေးရန်လိုအပ်သည်ဟုသိရသည်။

အထက်တွင်ဖော်ပြခဲ့သော ကိန်းဂဏန်းများအရ ကျွန်းနှင့်အခြားသစ်မာများ ထုတ်လုပ်မှုကို မဖြစ်မနေကန့်သတ်လျှော့ချရေး၊ ထင်းနှင့်မီးသွေးလောင်စာများ ထုတ်ယူသုံးစွဲမှုလျော့ကျလာအောင်ဆောင်ရွက်ရေးတို့ကို အမှန်တကယ် ထိထိရောက်ရောက်ဆောင်ရွက်နိုင်မှသာ မိမိတို့နိုင်ငံ၏ သဘာဝသစ်တောများရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို အထောက်အကူ ပြုနိုင်မည်ဖြစ်သည်။ မြန်မာ့သစ်တောများပျက်စီးပြုန်းတီးမှု၏ အခြေခံအကြောင်းရင်းများမှာ စည်းကမ်းမဲ့သစ်ထုတ်လုပ်ခြင်း၊ ထင်းနှင့်မီးသွေးတို့ အလွန်အကျွံထုတ်ယူခြင်း၊ တောင်ယာခုတ်ထွင်ကာ တောမီးရှို့ခြင်းတို့ကြောင့်ဖြစ်သည်ဟုဆိုရာတွင် တောင်ယာခုတ်ထွင်ခြင်းနှင့် ထင်းမီးသွေးတို့ထုတ်ယူခြင်းမှာ သက်မွေးဝမ်းကျောင်း ဆင်းရဲနွမ်းပါးမှုတို့နှင့်သက်ဆိုင်မည်ဖြစ်ပြီး စည်းကမ်းမဲ့သစ်ထုတ်လုပ်ခြင်းမှာမူ ဝိသမလောဘနှင့်သာသက်ဆိုင်မည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ မိမိတို့နိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုဧရိယာများ လျော့နည်း ကျဆင်းလာခြင်း၊ သစ်တောများ၏အတန်းအစားများ နိမ့်ကျလာခြင်း၊ သစ်တောသယံဇာတများရေရှည်တည်တံ့မှု ခြိမ်းခြောက်ခံလာရခြင်းစသည်တို့မှာ မိမိ၏ကိုယ်ကျိုးစီးပွားတစ်ခုတည်းကိုသာကြည့်ကာ အနာဂတ်အတွက် အမြော်အမြင်နည်းပါးခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိသုတမရှိခြင်း၊ ဆင်းရဲနွမ်းပါးခြင်းစသည့် အကြောင်းတရားတို့အပေါ်တွင် အခြေခံသည့်အပြင် သက်ဆိုင်ရာဌာနများ၏ အားနည်းချက်များ၊ တာဝန်မကျေပွန်မှုများအပေါ်တွင်လည်း အခြေခံနေသည်ဟုဆိုရမည်ဖြစ်သည်။

မကြာမီ မိုးဖြိုင်ဖြိုင်ရွာသည့်ကာလ **Green Environmental Campaign** အစီအစဉ်ဖြင့် စိုက်ပျိုးမည့်ပျိုးပင်ပေါင်း ၅၈ သန်းခန့်ကို အလေအလွင့်မရှိ အပင်တိုင်းရှင်သန်အောင်၊ ကြီးထွားလာအောင် စိုက်ပျိုးပြုစုခြင်းဖြင့် မြန်မာ့သစ်တောများ စိမ်းလန်းမှုကို တစ်စိတ်တစ်ဒေသ ကုစားနိုင်မည်ဖြစ်ပါကြောင်း။ ။




## သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**သရက်ချောင်း ဇွန် ၆**

ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်တွင် ဇွန် ၅ ရက်က သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ ပန်းတောရပ်ကွက် ဘောလုံးကွင်းနေရာတွင် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ပြုလုပ်ခဲ့ပါသည်။

သစ်ပင်စိုက်ပွဲ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက သစ်တောဦးစီးဌာနမှ ပေးအပ်သော ပျဉ်း၊ မဟော်ဂနီ၊ ပိတောက်၊ စိန်ပန်း၊ ခရေ၊ ကျွန်း၊ ဗာဒံပင်နှင့်တည်ပင်များ အပင်ပေါင်း ၃၀၀ ကျော်ကို တစ်ပျော်တစ်ပါး စိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

**ထင်သာမြင်သာပြုပြင်စရာ**

## ရေပိုက်လိုင်းတူးဖော်ခြင်းများကြောင့် လမ်းပျက်စီးခြင်း၊ ဖုန်းလိုင်းပြတ်တောက်ခြင်းများ မဖြစ်ပေါ်စေရေး ကြပ်မတ်ပေးရန်လို



Diamond wall ကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိသော ဖျာပုံမြို့ ရေပေးဝေရေးစီမံကိန်း၏ ရေပိုက်လိုင်း တူးဖော်ခြင်းလုပ်ငန်းများကြောင့် မြို့ပေါ်ရှိ လမ်းအချို့ ပျက်စီးနေခြင်း၊ တယ်လီဖုန်းလိုင်းများ ပြတ်တောက်ခြင်းများ ကြုံနေကြရကြောင်း ဒေသခံများထံက သိရသည်။

"စီမံကိန်းလုပ်တဲ့အပေါ် ကန့်ကွက်စရာမရှိပါဘူး။ ဖြစ်နေတာက ဒီရေပိုက်လိုင်း တွေချတဲ့အခါ လမ်းတွေဖြတ်တယ်။ ပြီးတော့သေချာပြန်မဖို့ထားလို့ အခု မိုးရွာလိုက်တဲ့အခါ ရေပိုက်ဖြတ်ထားတဲ့ လမ်းတွေ မြေနိမ့်ပြီး ရွှံ့တွေရှိနေတဲ့အတွက် ယာဉ်တွေလမ်းချော်တဲ့ အန္တရာယ်ကြုံနေရပါတယ်"ဟု ဒေသခံ ဦးအောင်နိုင်က ပြောသည်။

ဖျာပုံမြို့တွင် ရေပေးဝေရေး စီမံကိန်း ရေပိုက်လိုင်း တူးဖော်ခြင်းကြောင့် ဖျာပုံမြို့ရှိ အနော်ရထာလမ်းမကြီးပေါ် (၇)လမ်းဆုံ၊ (၈)လမ်း၊ (၉)လမ်း၊ (၁၀)လမ်း၊ (၁၂)လမ်း၊ (၁၃)လမ်းများဆုံရာနေရာ ခြောက်နေရာ၊ ရွှေကျင်လမ်းနှင့် (၁၃)လမ်းဆုံ၊ ရွှေကျင်လမ်းနှင့် (၁၀)လမ်းဆုံ၊ ရွှေကျင်လမ်းနှင့် (၈)လမ်းဆုံ၊ ရွှေကျင်လမ်းနှင့် (၇)လမ်းဆုံး စသည့် စုစုပေါင်းနေရာ ၁၀ နေရာတို့ ပိုက်လိုင်းဖြတ်သွားခြင်းကြောင့် မြေနိမ့်ပြီး ရွှံ့ဗွက်များဖြစ်နေ၍ ခရီးသွားပြည်သူများ ခက်ခဲစွာသွားလာရနေကြောင်း သိရသည်။

ထို့ပြင် မေလအတွင်း ဖျာပုံမြို့( ၅) လမ်းတစ်လျှောက် ရေပိုက်လိုင်းမြှုပ်ရန် တူးဖော်ခြင်းကြောင့် ဆက်သွယ်ရေး ကြိုးလိုင်းပေါင်း ၃၀၀ pair cable နှင့်၁၀၀Pair cable များ ပျက်စီးကာ တယ်လီဖုန်းလိုင်းပေါင်း ၄၀၀ ခန့် ဆက်သွယ်ရေး ပြတ်တောက်သွားရသဖြင့် ပြန်လည်ပြင်ဆင်ပေးနေရကြောင်း ဖျာပုံမြို့ဆက်သွယ်ရေးလုပ်ငန်း လက်ထောက်အင်ဂျင်နီယာ ဦးဗညားဝင်းက အတည်ပြုပြောကြားသည်။

ယခုအခါ မိုးရာသီကျရောက်နေ၍ ပိုက်လိုင်းဖြတ်မြှုပ်သဖြင့် ဖြစ်ပေါ်နေသည့် ရွှံ့ဗွက်များကြောင့် ယာဉ်အန္တရာယ်များ နေ့စဉ်ကြုံနေရကာ အဆိုပါ မြေနိမ့်ရွှံ့ဗွက်များကို အမြန်ဆုံးပြန်လည်ပြုပြင်ပေးရန်နှင့် စီမံကိန်းပိုက်လိုင်းများ ဆက်လက် တူးဖော်မြှုပ်ရာတွင်လည်း ယခုကဲ့သို့ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် တာဝန်ရှိသူများမှ အထူးကြပ်မတ်ဆောင်ရွက်ပေးရန် ဒေသခံပြည်သူများက လိုလားလျက်ရှိသည်။

**သူဇာနွယ်(ဖျာပုံ)**

## ပုဗ္ဗသီရိမြို့နယ် ရွှေ့လျားပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်

**နေပြည်တော် ဇွန် ၆**

နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက်တွင် ရွှေ့လျားပြည်သူ့ဝန်ဆောင်မှုရုံး ဖွင့်လှစ်၍ ရပ်ကွက်အတွင်းရှိ အိမ်ထောင်စုစာရင်း မရှိသေးသော ရွှေ့လျားအိမ်ထောင်စု ၂၀၀အား အိမ်ထောင်စုစာရင်းပြုလုပ်ပေးရန်စာရင်းကောက်ယူခြင်း၊ မွေးစာရင်းနှင့်သေစာ ရင်းလက်မှတ်များထုတ်ပေးခြင်း အိမ်ထောင်စုစာရင်းများကို ပြောင်းဝင်၊ ပြောင်းထွက်စာရင်းတိုးစာရင်းလျော့လုပ်ငန်းများကို ဇွန် ၄ ရက်က မင်္ဂလာဒီပလာရပ်ကွက် ဓမ္မာရုံတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

နေပြည်တော် ဥတ္တရခရိုင်အတွင်းရှိ တပ်ကုန်း၊ ဇေယျာသီရိ၊ ဥတ္တရသီရိ၊ ပုဗ္ဗသီရိစသည့် မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံးများသို့ လာရောက် နိုင်ခြင်းမရှိသော ပြည်သူများအတွက် အပတ်စဉ် ရပ်ကွက်၊ ကျေးရွာအုပ်စုများသို့ ရွှေ့လျားပြည်သူ့ဝန်ဆောင်မှုရုံးများဖွင့်လှစ်ပြီး ပြည်သူများ၏လိုအပ်ချက်များ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၆-၆-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၆၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၃၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၁၀ / ၅၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၅၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၅၀ / ၅၇၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၉၀.၀ |
| ဥရောပ | တစ်ယူရို | ၁၃၅၀.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၅.၅၅ |
| ထိုင်း | တစ်ဘတ် | ၃၃.၆၆၃ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၇၆၁ |
| တရုတ် | တစ်ယွမ် | ၁၈၁.၂၇ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၀.၈၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်များ ဆက်လက်ထောက်ခံ ကူညီဆောင်ရွက်ရေးကိစ္စရပ်များဆွေးနွေး



**နေပြည်တော် ဇွန် ၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဥရောပသမဂ္ဂ စစ်ဘက်ရေးရာကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မီခေးလ် ကိုစ်တာရာ ကော့စ်တို့သည် ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြား စစ်ဘက် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ဥရောပသမဂ္ဂစစ်ရေး အတွေ့အကြုံများ မြန်မာနိုင်ငံသို့ ဝေမျှပေးရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်များတွင် ဥရောပသမဂ္ဂမှ ဆက်လက်ထောက်ခံ ကူညီဆောင်ရွက်သွားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး မစ္စတာ ဂန်း နာကာတာနိ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ တို့သည် နံနက် ၁၁ နာရီခွဲတွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး မစ္စတာ ဂန်း နာကာတာနိအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်**
(သတင်းစဉ်)

# အာရှဗဟိုဘဏ်များငွေစာရင်းရှင်းလင်းရေးအဖွဲ့၏ (၄၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပ

**နေပြည်တော် ဇွန် ၆**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာရှဗဟိုဘဏ်များငွေစာရင်းရှင်းလင်းရေးအဖွဲ့ (Asian Clearing Union - ACU)၏ (၄၅) ကြိမ်မြောက် ဒါရိုက်တာအဖွဲ့ အစည်းအဝေးကို ဇွန် ၄ ရက် နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။ **(ယာပုံ)**




ရှေးဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က အဖွင့်အမှာစကားပြောကြားရာတွင် အေစီယူအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့သည်မှာ ဆယ်စုနှစ်လေးခုကျော်ပြီဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေးနှင့် ငွေရေးကြေးရေးဆိုင်ရာလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်ခဲ့ကြကြောင်း၊ ဒေသတွင်းကုန်သွယ်ရေးနှင့် စီးပွားရေးတိုးတက်လာစေရန် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေးနှင့် ငွေပေးချေမှုနည်းလမ်းများ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် မျှော်လင့်ကြောင်း၊ ကမ္ဘာ့ငွေရေးကြေးရေးဈေးကွက်၌ ပြောင်းလဲမှုများနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုတို့နှင့်အတူ ဖြစ်ပေါ်လာနိုင်သည့် မူဝါဒချမှတ်သူများအတွက် စိန်ခေါ်မှုများဖြစ်ကြောင်း၊ အေစီယူအဖွဲ့ဝင်နိုင်ငံများ၏ ညီညီညွတ်ညွတ် ကြိုးပမ်းအားထုတ်မှုများသည် ကျရောက်လာနိုင်သည့်စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခု အေစီယူအစည်းအဝေးသည် ထိရောက်မှုရှိသောမူဝါဒများကို ချမှတ်နိုင်ရန် အသိအမြင်နှင့် အတွေ့အကြုံများဖလှယ်ရန် အခွင့်အရေးကောင်းတစ်ရပ်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အေစီယူဒါရိုက်တာအဖွဲ့အစည်းအဝေးကို ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က ဆောင်ရွက်ပြီး အဖွဲ့ဝင်နိုင်ငံများမှ ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များက ACU Mechanism ဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုများနှင့် ငွေပေးချေမှုများတွင် အဆင်ပြေချောမွေ့စေရန် လုပ်ငန်းပိုင်းဆိုင်ရာများအတွက် နည်းပညာကော်မတီမှ ဆွေးနွေးချက်များအပေါ် အတည်ပြုဆွေးနွေးခဲ့ကြသည်။ ၂၀၁၇ ခုနှစ်အတွက် အလှည့်ကျသဘာပတိအဖြစ် သီရိလင်္ကာနိုင်ငံ ဗဟိုဘဏ်နှင့် ဒုတိယသဘာပတိအဖြစ် ဘူတန်နိုင်ငံ ဗဟိုဘဏ်တို့အား ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

အေစီယူအဖွဲ့ကို ၁၉၇၄ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ၁၉၇၇ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ အေစီယူအဖွဲ့ဝင်နိုင်ငံများအကြား ငွေပေးချေမှုနှင့် ငွေစာရင်းရှင်းလင်းမှုများအပါအဝင် ငွေရေးကြေးရေးဆိုင်ရာလုပ်ငန်းများကိုအေစီယူအဖွဲ့၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သဖြင့် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ကုန်သွယ်မှုပမာဏတိုးပွားခဲ့ကြောင်း သိရှိရသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ အေစီယူအဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသော ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ အီရန်၊ မော်လဒိုက်၊ နီပေါ၊ ပါကစ္စတန်နှင့် သီရိလင်္ကာနိုင်ငံတို့မှ ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် ယင်းနိုင်ငံများ၏ ဗဟိုဘဏ်အသီးသီးမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အေစီယူအထွေထွေအတွင်းရေးမှူးချုပ်နှင့် အဖွဲ့ဝင်များ၊ လေ့လာသည့်နိုင်ငံအဖြစ် ကမ္ဘောဒီးယားနိုင်ငံဗဟိုဘဏ်မှ ကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အနောက်တောင်မုတ်သုံလေ မြောက်ပိုင်းသို့ ဝင်ရောက်နိုင်

**နေပြည်တော် ဇွန် ၆**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။
**(မြန်မာ့အလင်း)**

❍ ရှေ့ဖုံးမှ

ပြည်သူ့လှုပ်ရှားမှုပါတီ (People's Action Party) ၏ အမတ်အဖြစ် လွှတ်တော်တွင် ရွေးကောက်ခံခဲ့ရပြီးနောက် ခုနစ်ကြိမ်တိုင်တိုင် ပြန်လည်ရွေးကောက်တင်မြှောက် ခြင်းခံခဲ့ရပါသည်။ ၂၀၀၆ ခုနှစ်၊ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင်ကျင်းပပြုလုပ်ခဲ့သည့် စင်ကာပူနိုင်ငံ၏အထွေထွေရွေးကောက်ပွဲများတွင် ပြည်သူ့လှုပ်ရှားမှုပါတီ အနိုင်ရရှိစေရေးအတွက် မစ္စတာ လီရှန်လုံးမှ ဦးဆောင်ဦးရွက် ပြုနိုင်ခဲ့ပါသည်။

မစ္စတာ လီရှန်လုံးသည် ဝန်ကြီးချုပ်တာဝန်ကို မထမ်းဆောင်မီ ဒုတိယဝန်ကြီးချုပ်၊ ဘဏ္ဍာရေးဝန်ကြီး၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး(၂)တို့အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၎င်းသည် ၁၉၉၈ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ စင်ကာပူငွေကြေးအာဏာပိုင်များအဖွဲ့အစည်းတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါသည်။

မစ္စတာ လီရှန်လုံးသည် နိုင်ငံရေးလောကသို့ မဝင်ရောက်မီက စင်ကာပူတပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ဗိုလ်မှူးချုပ်ရာထူးဖြင့် အငြိမ်းစားယူခဲ့ပါသည်။

မစ္စတာ လီရှန်လုံးသည် မစ္စဟိုချင်းနှင့် ၁၉၈၅ ခုနှစ်တွင် အိမ်ထောင်ပြုခဲ့ပြီး သားသုံးယောက်နှင့် သမီးတစ်ယောက်ရှိပါသည်။

မစ္စတာ လီရှန်လုံးသည် စာဖတ်ခြင်း၊ လမ်းလျှောက်ခြင်း၊ ဂန္ထဝင်တေးသီချင်းများနားထောင်ခြင်း၊ ကွန်ပျူတာအစီအစဉ်ရေးဆွဲခြင်းများအား အထူးနှစ်သက်ပါသည်။

## စင်ကာပူဝန်ကြီးချုပ်၏ဇနီး ကိုယ်ရေးအကျဉ်း

မစ္စစ် လီရှန်လုံးသည် စင်ကာပူအခြေစိုက် တီးမားဆက်အာရှရင်းနှီးမြှုပ်နှံသူများဌာနချုပ်၏ အမှုဆောင်အရာရှိချုပ်ဖြစ်ပါသည်။ မစ္စစ် လီရှန်လုံးသည် စင်ကာပူကာကွယ်ရေးဝန်ကြီးဌာန၏ အင်ဂျင်နီယာဌာန၌ ဦးစွာ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့နောက် စင်ကာပူနည်းပညာအုပ်စုတွင် ညွှန်ကြားရေးမှူးရာထူးဖြင့် တာဝန်ဆောင်ခဲ့ပြီး ၁၉၉၇ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ အဆိုပါအုပ်စု၏ အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

မစ္စစ် လီရှန်လုံးသည် စင်ကာပူတက္ကသိုလ်မှ သိပ္ပံဘွဲ့(အင်ဂျင်နီယာ) ရရှိခဲ့ပါသည်။ ထို့ပြင် အမေရိကန်နိုင်ငံ စတန်းဖို့ဒ်တက္ကသိုလ်မှ မဟာဘွဲ့(အင်ဂျင်နီယာ)ကို ရရှိခဲ့ပါသည်။

မစ္စစ် လီရှန်လုံးသည် အထူးပညာရေးကဏ္ဍ(မသန်စွမ်းသူများနှင့် ဉာဏ်ရည်မပြည့်မီသူများအတွက် ပညာရေး)ကို ပံ့ပိုးပေးလျက်ရှိပြီး အခြားကဏ္ဍများတွင်လည်း ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

# လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၄)ဖွင့်လှစ်

**ရန်ကုန် ဇွန် ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင်ထုတ်ပြန်ခဲ့သော လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်၏လုပ်ငန်းစဉ်ရှစ်ရပ်အနက် တစ်ခုအပါအဝင်ဖြစ်သည့် ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများ၏ အစိတ်အပိုင်းဖြစ်သော လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်သည် အရေးပါသောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ အဆိုပါလူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းဆိုင်ရာ စနစ်တစ်ရပ်ဖြစ်ပေါ်လာရေးအတွက် လူမှုရေးရာစီမံခန့်ခွဲမှုသင်တန်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကဦးဆောင်၍ UNICEF မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ၂၀၁၅ ခုနှစ်က မြို့နယ် ၂၇ မြို့နယ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယခု ၂၀၁၆ ခုနှစ် နိုင်ငံတော်အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်တွင် မြို့နယ် ၁၀ မြို့နယ် ထပ်မံတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါမြို့နယ်များမှာ ရန်ကုန်တိုင်းဒေသကြီးတွင် လှိုင်သာယာနှင့် ရွှေပြည်သာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် ချမ်းအေးသာစံနှင့် ကျောက်ပန်းတောင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မုံရွာ၊ မကွေးတိုင်းဒေသကြီးတွင် ရေနံချောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဘိုကလေး၊ မွန်ပြည်နယ်တွင် သံဖြူဇရပ်၊ ကရင်ပြည်နယ်တွင် ကော့ကရိတ်၊ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ကျောက်မဲမြို့နယ်တို့ဖြစ်သည်။

လူမှုဝန်ထမ်းဦးစီးဌာနမှ တိုးချဲ့၁၀ မြို့နယ်တွင် ခန့်အပ်တာဝန်ပေးအပ်မည့် ဖြစ်ရပ်စီမံခန့်ခွဲသူ Case Managers များအတွက် လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းအတတ်သင် သိပ္ပံကျောင်းသင်တန်းခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီး H.E.Mr.Nicholas Coppel က အမှာစကားပြောကြားသည်။ ယင်းနောက် UNICEF ဌာနေကိုယ်စားလှယ် Mr.Bertrand Bainvel က သင်တန်းနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၇ ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းကို ၁၀ ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။
**(သတင်းစဉ်)**

# ရွေးကောက်ပွဲဥပဒေဆိုင်ရာ လုပ်ငန်းစဉ်လေ့လာသုံးသပ်ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၆**

ရွေးကောက်ပွဲဥပဒေဆိုင်ရာလုပ်ငန်းစဉ် လေ့လာသုံးသပ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥပဒေမူဘောင်ပြန်လည်ရေးဆွဲရေး (Legal Framework Reform) အတွက် လွှတ်တော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အခြားသက်ဆိုင်ရာ ပါဝင်ပတ်သက်သူများအကြား ဆက်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု စတင်အကောင်အထည်ဖော်ရန်၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှ လေ့လာရရှိသောသင်ခန်းစာများဖြင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအတွက် သင့်လျော်သည့် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ရန် အကြံပြုစေလိုပါကြောင်း အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

လေ့လာသုံးသပ်ဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးမှအဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ (နီပေါ၊ အင်္ဂလန်၊ ကိုဆိုဗို၊ အင်ဒိုနီးရှား၊ ပါကစ္စတန်၊ နယူးဇီလန်) နိုင်ငံတကာမှ ရွေးကောက်ပွဲအတွေ့အကြုံများ လာရောက်ဖလှယ်ကြသူများနှင့် ရွေးကောက်ပွဲစောင့်ကြည့်ရေးအဖွဲ့များဖြစ်သည့် IFES၊ IDEA နှင့် PACE အဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အတွေ့အကြုံ ဘက်မလိုက်သောသတင်းထုတ်ပြန်မှု အခြေအနေ၊ တခြားနိုင်ငံများတွင် ကြုံတွေ့ရသည့် ရွေးကောက်ပွဲအတွေ့အကြုံသဘောတရားများကို IFES အဖွဲ့ရုံးချုပ်မှ တာဝန်ရှိသူများက မျှဝေသွားရန်နှင့် လွှတ်တော်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့က ဥပဒေမူဘောင်တစ်ရပ်ဖွံ့ဖြိုးလာစေရန် ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများကို ကနဦးသုံးသပ်သည့် ခြေလှမ်းတစ်ရပ်အနေဖြင့် ပံ့ပိုးပေးသွားရန် ရည်ရွယ်ချက်သုံးရပ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယနေ့တွင် အနာဂတ်ရွေးကောက်ပွဲလုပ်ငန်းများ ပိုမိုအားကောင်းစေရန် ပြုပြင်ပြောင်းလဲနိုင်သည့် ကဏ္ဍများ ဆွေးနွေးခြင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာန ကိုယ်စားလှယ်များတက်ရောက်မည်ဖြစ်ပြီး အခြားနိုင်ငံများ၏ ဆောင်ရွက်ပုံနမူနာများအပေါ် သုံးသပ်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




# ဒုတိယအကြိမ် ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာ ညီလာခံ ကင်ညာနိုင်ငံ ရိုဘီမြို့၌ ကျင်းပပြီးစီး

**နေပြည်တော် ဇွန် ၆**

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ မေ ၂၃ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့် ဒုတိယအကြိမ် ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာညီလာခံ (UNEA-2) သို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ညီလာခံတွင် သဘာပတိ Mr. Edgar Gutierrez Espeleta၊ ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ် (UNEP)၏ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Achim Steiner၊ COP 22 ၏ သဘာပတိ Salaheddine Mezouar၊ COP 21 ၏ သဘာပတိ Segolene Royal နှင့် ကုလသမဂ္ဂဒုတိယ အထွေထွေအတွင်းရေးမှူးချုပ် Jan Eliasson တို့က အဖွင့်အမှာစကား ပြောကြားခဲ့ကြသည်။




ပြည်ထောင်စုဝန်ကြီးက နိုင်ငံကိုယ်စားပြု မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံသည် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရာတွင် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေး လျင်မြန်စွာဖွံ့ဖြိုးတိုးတက်မှု နောက်ဆက်တွဲပြဿနာသည် ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ရေရှည်ထိန်းသိမ်းရေးအတွက် စိန်ခေါ်မှုအသစ်များ ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဦးစားပေးကဏ္ဍအဖြစ် အမျိုးသား ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်(၂၀၃၀)၏ မဟာဗျူဟာတွင် ထည့်သွင်းထားပြီး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ညီလာခံနှင့် ပူးတွဲကျင်းပသည့် အပြည်ပြည်ဆိုင်ရာ တောင်တန်းများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ICIMOD) က ကြီးမှူးပြုလုပ်သည့် တောင်တန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိန္ဒူ Kush တောင်တန်းနှင့် ဟိမဝန္တာပူးပေါင်းဆောင်ရွက်ရေး "ကျန်းမာသောတောင်တန်းများ၊ ကျန်းမာသော ဂြိုဟ်များ" ဆွေးနွေးပွဲတွင် တောင်တန်းများသည် ကမ္ဘာ့မြေမျက်နှာပြင်၏ လေးပုံတစ်ပုံရှိပြီး လူဦးရေသန်း ၇၀၀ နေထိုင်ပါကြောင်း၊ ကမ္ဘာ့သစ်တောဖုံးလွှမ်းမှု၏ ၂၃ ရာခိုင်နှုန်းရှိပါကြောင်း၊ တောင်တန်းများ ရေရှည်ဖွံ့ဖြိုးမှုအတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု ရည်မှန်းချက်ဆိုင်ရာ ကြေညာချက်မူကြမ်းအပေါ် မြန်မာနိုင်ငံက အပြည့်အဝထောက်ခံပါကြောင်း၊ အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်(UNEP)နှင့် ကုလသမဂ္ဂအမျိုးသမီးအဖွဲ့က ကြီးမှူးပြုလုပ်သည့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ ရရှိရေးအတွက် အမျိုးသမီးလုပ်ငန်းရှင်များ၏စွမ်းဆောင်ရည် ဆွေးနွေးပွဲ၌ Panel အဖွဲ့ဝင်အဖြစ် ဆွေးနွေးရာတွင် အမျိုးသမီးများအားလုံးသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေး၊ နေထိုင်မှုနှင့် ပျော်ရွှင်မှုပုံစံတွင် အမျိုးသားနှင့်အခွင့်အရေးတန်းတူညီမျှရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမျိုးသမီးများသည် အိမ်ထောင်စုအတွက် အဓိကကျသည့် စွမ်းအင်ဆိုင်ရာ မန်နေဂျာဖြစ်ပါကြောင်း၊ အမျိုးသမီးများ စွမ်းဆောင်မှုအားပေးရန် မိရိုးဖလာအသိပညာ၊ ယဉ်ကျေးမှုနှင့် သိပ္ပံပညာအပေါ် အခြေခံ၍ တီထွင်မှုအသစ်များ အားပေးမြှင့်တင်ရန် လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တောရိုင်းတိရစ္ဆာန် ထုတ်ကုန်များနှင့် တရားမဝင်ရောင်းဝယ်ခြင်း အဆင့်မြင့်ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအနေဖြင့် တောရိုင်းတိရစ္ဆာန်များ၊ ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ရေးအတွက် အရေးပါသည့် အခန်းကဏ္ဍကို နားလည်သိရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တောရိုင်းတိရစ္ဆာန် ရာဇဝတ်မှုဆန့်ကျင်တိုက်ဖျက်ရေးကို ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ညီလာခံတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက် ၂၀၃၀ အစီအစဉ်၊ ၂၀၁၈-၂၀၂၁ ခုနှစ် မဟာဗျူဟာနှင့် ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် လုပ်ငန်းအစီအစဉ်များ၊ ဆင်းရဲမှုအား အမြစ်ပြတ်ဖယ်ရှားရေး၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး၊ သဘာဝသယံဇာတနှင့် ဂေဟစနစ်ထိန်းသိမ်းခြင်း၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီချက် အကောင်အထည်ဖော်ခြင်း၊ ပင်လယ်အတွင်း ပလတ်စတစ်အပျက်အစီးများ စီမံအုပ်ချုပ်မှု၊ တောရိုင်းတိရစ္ဆာန်များ တရားမဝင် ကူးသန်းရောင်းဝယ်ခြင်း၊ ဓာတုနှင့် စွန့်ပစ်ပစ္စည်းစီမံအုပ်ချုပ်မှု၊ စွန့်ပစ်အစားအစာများ လျှော့ချရေးနှင့် ပြန်လည်အသုံးပြုခြင်း၊ သန္တာကျောက်တန်းစီမံအုပ်ချုပ်ခြင်း၊ ပင်လယ်နှင့် သမုဒ္ဒရာဆိုင်ရာကိစ္စ၊ မြေအတန်းစားကျဆင်းခြင်းနှင့် သဲကန္တာရတိုက်ဖျက်ခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ငွေကြေးအရင်းအမြစ်ဆိုင်ရာ ကိစ္စများကို ဆွေးနွေးဆုံးဖြတ်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၃၄)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရေးဆိုင်ရာ တတိယအကြိမ်ကြိုတင်ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၆**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ၂၀၁၆ ခုနှစ်တွင် အာဆီယံစွမ်းအင်ကဏ္ဍ၌ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူကာ (၃၄)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရမည်ဖြစ်ရာ အဆိုပါအစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တတိယအကြိမ် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရုံးအမှတ်(၂၇) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးကို ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းဦးဆောင်၍ ဦးဆောင်ကော်မတီနှင့် ဆပ်ကော်မတီ ၁၃ ခုမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးတွင် ဆပ်ကော်မတီအသီးသီးမှ ဆောင်ရွက်ပြီးစီးမှု အခြေအနေများတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရာတွင် အိမ်ရှင်နိုင်ငံ၏ ဝတ္တရားအားလုံး ကျေပွန်စေရန် ဘက်စုံထောင့်စုံမှ စဉ်းစားပြီးယခင် ရှိပြီးသား အတွေ့အကြုံများကို ပေါင်းစပ်၍ အောင်မြင်အောင်ဆောင်ရွက်ရေးနှင့် ဘဏ္ဍာငွေသုံးစွဲမှုများအား စိစစ်သုံးစွဲကြရေးတို့ကို ဖြည့်စွက်မှာကြားသည်။

အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ဇူလိုင် ၁၂ ရက်မှ ၁၅ ရက်အထိ လည်းကောင်း၊ အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးကို စက်တင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိလည်းကောင်း၊ အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးကို ဒီဇင်ဘာ ၆ ရက်မှ ၇ ရက်အထိ လည်းကောင်း နေပြည်တော်၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ဇွန် ၆ ရက်က ဆွီဒင်နိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညစာခံပွဲအခမ်းအနားတက်ရောက်လာသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းအား မြန်မာနိုင်ငံဆိုင်ရာဆွီဒင်နိုင်ငံသံအမတ်ကြီး H.E.Mr.Staffan Herrstrom ကြိုဆိုနှုတ်ဆက်စဉ်**
(သတင်းစဉ်)

# စီမံချက်ဖြင့် ဆိုင်ကယ်များအရေးယူ

**စလင်း ဇွန် ၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ ရက် ၁၀၀ စီမံချက်အရ စည်းကမ်းမဲ့စီးနင်းကြသော မော်တော်ဆိုင်ကယ်များကို ပညာပေးကာလ ကုန်ဆုံးပြီဖြစ်၍ ဇွန် ၆ ရက် နံနက်ပိုင်းကစတင်ကာ ကြိုတင်သတိပေးထားမှုများ မလိုက်နာသော မော်တော်ဆိုင်ကယ်များကို စတင်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# အပင်ကလည်းမာနေမယ်၊ ပတ်ဝန်းကျင် ပေါင်းမြက်တွေမရှိအောင် ရှင်းထားမယ်ဆိုရင်တော့ အဝါရောင်မိုဇစ်ရောဂါက နောက်နှစ်တွေမှာ လုံးဝမဖြစ်ဘူးလို့ အာမခံပါတယ်

**ဝတ်ရည်မွန်(AMIA)**

ပဲခူး၊ ရောဝတီ၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့၌ အများဆုံးစိုက်ပျိုးကြသည့် မတ်ပဲနှင့် ပဲတီစိမ်းစိုက်ခင်းများ၏ ၈၀ ရာခိုင်နှုန်းနီးပါးလောက်မှာ အပင်အဝါရောင်ဖြစ်နေသည်ဟု တောင်သူများက ရင်ဖွင့်လာပါသည်။



ဒေါက်တာခင်ခင်မာလာမြင့် လက်ထောက်ညွှန်ကြားရေးမှူး စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာန

အပင်တွေဝါပြီး ခန့်မှန်းထားသလို အပွင့်မပွင့်၊ အသီးမတင်တာများသည့် ဒီပြဿနာကို အဖြေရှာနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်မာလာမြင့်နှင့် AMIA အဖွဲ့ဝင် မဝတ်ရည်မွန်က တွေ့ဆုံမေးမြန်းထားပါသည်။

**မေး ။ ။ ခုတလောမှာ ပဲတီစိမ်းစိုက်တဲ့ တောင်သူတွေ ကြုံနေတဲ့ အခက်အခဲက အပင်တွေက အဝါရောင်ဖြစ်သွားတယ်လို့ပြောတယ်။ ဒီလိုအဝါရောင်ပြောင်းသွားတာ ဘာကြောင့်ဖြစ်နိုင်လဲရှင့်။**

ဖြေ ။ ။ အပင်တွေအဝါရောင်ပြောင်းသွားတာက ပဲစိုက်တဲ့ဒေသတွေမှာ အများဆုံးဖြစ်ကြပါတယ်။ ပဲခူးနဲ့ ရောဝတီတိုင်းဒေသကြီးတွေပေ့ါ။ တော်တော်များများတွေ့ရတဲ့နေရာတွေကတော့ နေပြည်တော်မှာပါ၊ ကွင်းဆင်းတာနဲ့ကို တွေ့ရတယ်။ အကုန်လုံးကို ဝါနေတာပဲ။ အဲ့ဒါက မျိုးစေ့ဆောင်ရောဂါလည်း မဟုတ်ဘူး၊ ပိုးသတ်ဆေး မမှန်မကန်သုံးစွဲလို့ ဖြစ်တာလည်းမဟုတ်ဘူး။ အဲ့ဒီရောဂါကို အဝါရောင်မိုဇစ်ရောဂါလို့ ခေါ်ပါတယ်။ ဗိုင်းရပ်စ်တစ်မျိုးပါ။ ဗိုင်းရပ်စ်ဆိုတာမျိုးက တစ်ပင်ကနေတစ်ပင် သယ်ဆောင်တာ ပြန့်ပွားတာမျိုးပေ့ါ။ ဒီနှစ်တစ်နှစ်ကျပြီးသွားရင် နောက်တစ်နှစ်ကျရင်လည်း ဖြစ်နိုင်တယ်၊ ပြန့်ပွားသွားတာပေ့ါ။

အဲ့ဒီဗိုင်းရပ်စ်က ယင်ဖြူကနေတစ်ဆင့် သယ်ဆောင်ပြီး ပျံ့နှံ့တာ။ ယင်ဖြူက ဗိုင်းရပ်စ်ရှိတဲ့ အပင်ကိုသွားပြီး စုပ်တယ်၊ အဲ့ဒီဗိုင်းရပ်စ်က ယင်ဖြူဆီကို ဝင်ပြီးယင်ဖြူက နောက်တစ်ပင်ကို သွားစုပ်တဲ့အချိန် ဗိုင်းရပ်စ်က တံတွေးကနေတစ်ဆင့် အဲ့ဒီအပင်ကို ပျံ့နှံ့တာ။ အဲ့လိုနည်းနဲ့ တစ်ပင်နဲ့တစ်ပင် ပျံ့နှံ့တယ်။ လူတွေလိုပါပဲ၊ ဗိုင်းရပ်စ်ကူးတာနဲ့ ချက်ချင်းဆေးမရှိဘူးပေ့ါ။ ဗိုင်းရပ်စ်ဆိုတော့လည်း တစ်နေရာနဲ့ တစ်နေရာ ပြန့်ပွားနိုင်တယ်လေ။ တောင်သူတွေ သိထားရမှာက ဒီဗိုင်းရပ်စ်ဟာ အမြဲတမ်းကျရောက်နိုင်တယ်ဆိုတာပါပဲ။

**မေး ။ ။ ဒီရောဂါမဖြစ်ပွားအောင် ဘာတွေဆောင်ရွက်သင့်လဲ။ ဘယ်လိုကြိုတင်ကာကွယ်သင့်ပါသလဲရှင့်။**

ဖြေ ။ ။ သူက ဖြစ်ပြီဆိုတာနဲ့ လက္ခဏာက ပြတယ်။ အရွက်က အစိမ်းမဟုတ်တော့ဘဲနဲ့ ကွက်ကျားလေးတွေ ဝါနေတာပေ့ါ။ တချို့တောင်သူတွေဆို ကြည့်လိုက်တာနဲ့ ဒီရောဂါပဲဆိုတာကို ချက်ချင်းတန်းသိတယ်။ မိုဇစ်ရောဂါဖြစ်ပြီဆို တချို့တောင်သူတွေက ဒီအတိုင်းပဲ ပစ်ထားလိုက်တယ်။ သိပ်ပြီး ဂရုမစိုက်ဘူး။ အဲ့မှာ တစ်ပင်တစ်ပင်နဲ့ တဖြည်းဖြည်းကူးတယ်။ အဲ့ဒီအချိန်မှာ ယင်ဖြူတွေက ရောက်လာတယ်။

နမူနာပေးရရင် သွေးလွန်တုပ်ကွေးလိုပါပဲ။ အဲ့ဒီအတွက်ကြောင့် ဗိုင်းရပ်စ်ပျံ့နှံ့မှုမရှိစေဖို့အတွက် ဗိုင်းရပ်စ်ကို သယ်ဆောင်ပေးတဲ့ ယင်ဖြူမရှိအောင် ဆောင်ရွက်ရပါမယ်။ အပင်က ဝါနေပြီဆိုရင် အဲ့ဒီအပင်ကိုဆွဲနှုတ်လိုက်တာနဲ့ ဒါက ပျံ့နှံ့စရာမရှိတော့ဘူး၊ ဒါပေမယ့် ယင်ဖြူရှိနေသရွေ့ကတော့ အဲ့ဒီဗိုင်းရပ်စ်က ရှိနေဦးမှာပဲ။ တစ်ပင်ကနေတစ်ပင် တစ်ခင်းကနေ တစ်ခင်းပြီးတော့ တစ်နယ်လုံး ပြန့်သွားတာပေ့ါ။

ယင်ဖြူတွေ များသွားတဲ့အချိန်မှာဆိုရင် ပိုးသတ်ဆေးတွေဖြန်းလည်း မရတော့ဘူး။ အဝါရောင် မိုဇစ်ရောဂါသတ်ဆေးဆိုတာ ရှိကိုမရှိတာ၊ သတ်ဖို့ဆေးကိုမရှိတာ။ ဒါပေမယ့် ရောဂါကို သယ်ဆောင်တဲ့ ယင်ဖြူကိုတော့ သတ်လို့ရတယ်။ ယင်ဖြူတွေလာရင်လည်း သိသာပါတယ်။ ဖြူဖြူလေးတွေ၊ သိတဲ့တောင်သူတွေကတော့ ကြိုပြီးဆေးဖျန်းလိုက်တာပဲ။

ပိုးသတ်ဆေးတစ်ခုခု ဖျန်းလိုက်ပြီဆိုရင် ယင်ဖြူမရှိတော့ဘူး။ မကူးတော့ဘူး၊ တကယ်လို့ အဝါရောင်အပင်တွေရှိတယ်ဆိုရင် နုတ်ပြီးမီးရှို့ဖျက်ဆီးကြရတယ်။ ဒါပေမယ့် တချို့ကျတော့လည်း နုတ်တယ်ပြီးရင် ဒီအတိုင်းပဲထားခဲ့တယ်။ အဲ့ဒါကရောဂါကို ပြန်လည်ဖြစ်ပွားစေတယ်။ အဲ့လို မရဘူးပေ့ါ။

အဲ့ဒါကြောင့် စစချင်းမှာဆိုရင် အပင်ကိုတောင့်အောင် လုပ်ရမယ်၊ ကျန်းမာအောင်လုပ်ရမယ်။ အပင်ကမာနေရင် ဘယ်ရောဂါ၊ ဘယ်ပိုးမှ ဝင်လို့မရဘူး။



ယင်ဖြူ

အပင်မာအောင် ဘယ်လိုလုပ်ရမလဲဆိုရင် ပိုတက်Kလို့ခေါ်တဲ့အချိုးပေ့ါ။ တောင်သူတွေသိအောင်ပြောရရင် နောက်ဆုံးအချိုးပေ့ါ။ အဲ့ဒါတွေထည့်ရမယ်။ ကွန်ပေါင်းဓာတ်မြေဩဇာဆိုရင် MPK အချိုးဆိုပြီးရှိတယ်။ နောက်ဆုံးအချိုးပေ့ါ။ ဒါပေမယ့် လွယ်ကူပါတယ်။ နောက်ပိုင်း KG ဆိုပြီး ဝယ်အသုံးပြုကြတယ်။ တစ်အိတ်လုံးထည့်ရမှာ မဟုတ်ဘူး။ လေးပုံတစ်ပုံပဲထည့်ခိုင်းတာ။ ဘယ်လောက်မှမကျဘူးပေ့ါ။ ဒီဟာကို အဖူးအပွင့်လေးတွေ စပွင့်လာတဲ့အချိန်မှာ စပြီးထည့်ရမယ်ပေ့ါ။ အပင်ရဲ့သက်တမ်းတစ်ဝက်ပေ့ါ။ အပင်ကမာသွားရင် ပိုးကမလာတော့ဘူး၊ ပြီးတော့ ကျောက်မှုန့်ပေ့ါ၊ အဲ့ဒါတွေလည်း ထည့်လို့ရတယ်။

နှစ်တိုင်းနှစ်တိုင်းက ဒီရောဂါက ကျနေတယ်။ အဲ့ဒါကလည်း ပေါင်းတွေ မြက်တွေ မရှင်းနိုင်လို့ဖြစ်တယ်။ အဲ့ဒီအတွက်ကြောင့် ပိုးသတ်ဆေးကို ဖျန်းဖို့လိုတယ်။ တတိယအဆင့်ကပေ့ါ။ တစ်ဧကို ငါးထုပ်ခြောက်ထုပ်လောက် ဖျန်းဖို့လိုတယ်။ အဲ့ဒါက ယင်ဖြူအတွက် ကြိုတင်ကာကွယ်ပေ့ါ။ အပင်ကလည်း အားဖြည့်ထားမယ်။ ယင်ဖြူလည်း မရှိတော့ဘူး။ ပေါင်းမြက်တွေလည်း မရှိတော့ဘူးဆိုရင် နှစ်စဉ်ဆက်တိုက် ဒီလိုလုပ်မယ်ဆိုရင် မကျစေရဘူးလို့ အာမခံတယ်။

**မေး။ ။ ဗိုင်းရပ်စ် ရောဂါပိုးကျနေတဲ့ အပင်တွေကို ပြန်ကောင်းလာအောင် ဘယ်လိုပြုပြင်ပေးရမလဲရှင့်။**

ဖြေ ။ ။ ဟုတ်ပြီ။ ခုနလို တစ်ခုမှလည်းမလုပ်ခဲ့ဘူး၊ တကယ်လည်း ကျရောက်နေပြီဆိုရင် အပင်ဝါတာနဲ့ တစ်ပြိုင်နက် တစ်ခါတည်းနုတ်ပစ်၊ နုတ်ပြီးမီးရှို့ပစ်မယ်။ ယင်ဖြူကို သတ်ဖို့အတွက် ပင်လုံးဖြတ်ပိုးသတ်ဆေးကို သုံးမယ်၊ တောင်သူတွေက အဲ့ဒါကိုသိတယ်။ အညွှန်းပါအတိုင်းပေ့ါ။ နှုန်းထားပြည့်မီရုံတင် မရပါဘူး။



ပဲတီစိမ်းပင်များ အဝါရောင်မိုဇစ်ရောဂါ ကျရောက်၍ အရွက်များ ဝါနေသည်ကို တွေ့ရစဉ်

ယင်ဖြူက အရွက်မျက်နှာပြင်အောက်မှာ နေတာဖြစ်တယ်။ နှုန်းထားအတိုင်း ဖျန်းပေမယ့် အပေါ်ယံပဲ ဖျန်းနေမယ်ဆိုရင်လည်း အဆင်မပြေဘူး။ အောက်ထိရောက်အောင် ဖျန်းဖို့လိုတယ်။ အဲ့ဒါက အဓိကပဲ ယင်ဖြူရဲ့ သဘောသဘာဝပေ့ါ။ အသေးလေးတုန်းကတော့ သူကဒီအတိုင်းပဲနေတာ၊ ကြီးလာတာနဲ့အမျှ သူက သူ့ရဲ့ခန္ဓာကိုယ်ကို ဖယောင်းလွှာအုပ်လိုက်တာ။ ပိုးသတ်ဆေးက ဘယ်လိုမှ ဖလောင်းလွှာကိုမတိုးဘူး။ အဲ့ဒီအချိန်ဆို အလွန်ကိုနောက်ကျသွားပြီ။ ကြိုတင်ကာကွယ်ရမယ်။ တချို့က ပဲစိုက်ပြီးတော့ တခြားအလုပ်လုပ်တဲ့ လူတွေရှိတယ်။ ဒီပဲခင်းကိုဂရုမစိုက်မိတဲ့ တောင်သူတွေရှိတယ်။ အဲ့ဒီအချိန် ပဲတွေကလည်းဝါနေပြီ ယင်ဖြူကလည်း ဖယောင်းလွှာတွေ အုပ်နေပြီ။ ဘယ်လိုမှမရဘူးဆိုရင် နောက်ဆုံးတစ်ခုက အဲ့ဒီဖယောင်းလွှာတွေကို ဖယ်ထုတ်ပစ်ရမယ်။ ရေပြောင်းပြောင်း ဒါမှမဟုတ် ဆပ်ပြာဖျော်ရည်ပေ့ါ။ အဲ့ဒါကို အပင်အောက်မျက်နှာပြင်ကို ဖျန်းလိုက်ရင် ဖယောင်းကပျော်သွားပြီးတော့ ယင်ဖြူဥလေးတွေ ထွက်လာမယ်။ အဲ့ဒီအချိန်မှာ ပိုးသတ်ဆေးဖျန်းလိုက်ရင် အဲ့ဒါကတော့ အကောင်းဆုံးနည်းလမ်းပါပဲ။

**မေး။ ။ ဒီအဝါရောင်မိုဇစ်ရောဂါက မြန်မာနိုင်ငံမှာ ဖြစ်ပွားတာ အချိန်တော်တော်ကြာနေပြီ။ အဲ့ဒီအတွက် စိုက်ပျိုးရေးဦးစီးဌာနက အဖြေရှာနေပေမယ့် အဖြေရှာမရဘူးလို့လည်း သိထားပါတယ်ရှင့်။ ဘာကြောင့်ဖြစ်နိုင်မလဲရှင့်။**

ဖြေ ။ ။ အဲ့ဒီအဝါရောင်မိုဇစ်ရောဂါကို ခံနိုင်ဖို့အတွက် ခံနိုင်ရည်ရှိတဲ့မျိုးစေ့တွေကိုလည်း စိုက်ပျိုးရေးဦးစီးဌာနကထုတ်တယ်။ ရေဆင်း ၁၁၊ ရေဆင်း ၁၄ ဆိုပြီး ထုတ်တယ်။ တောင်သူတွေရဲ့ပူးပေါင်းဆောင်ရွက်မှုက အရေးကြီးပါတယ်။ အဲ့ဒီမျိုးကို ထုတ်လိုက်ပြီ။ အဲ့ဒါကိုပဲ တောက်လျှောက်စိုက်နေမယ်ဆိုရင်လည်း မျိုးကကြာလာတော့ အရည်အသွေးနိမ့်လာတယ်။ အဲ့ဒီထဲမှာ ရေဆင်း ၁၄ ကလည်း အဲဒီလိုပဲ တဖြည်းဖြည်း နဲ့ နိမ့်လာတယ်ပေ့ါ။ ရေဆင်း ၁၁ ကတော့ အခုထိသုံးလို့ရသေးတယ်။

တကယ် သီးနှံကာကွယ်ရေးဆိုတဲ့အထဲမှာ ဘက်စုံသီးနှံသီးနှံကာကွယ်ရေးက အရေးကြီးပါတယ်။ ပိုးသတ်ဆေးတစ်မျိုးတည်း သုံးရမှာမဟုတ်သလိုမျိုး တစ်မျိုးတည်းနဲ့ သုံးလို့မရဘူး။ ပြီးတော့ ပတ်ဝန်းကျင်သန့်ရှင်းရေးတွေလည်း လုပ်ရမယ်။ မျိုးမှာ နှစ်တိုင်းပိုးကျတယ်ဆိုရင် အဲ့ဒီမျိုးကိုပြောင်းဖို့အတွက် တောင်သူတွေက လက်ခံနိုင်ရမယ်။ တောင်သူတွေစိတ်ပူပန်နေတာက တခြားမျိုးကို ပြောင်းလိုက်ရင် အဆင်ပြေပါ့မလား။

ပြောချင်တာက တောင်သူတွေ မျိုးပြောင်းဖို့ဝန်မလေးနဲ့၊ သီးလှည့်စိုက်ရမယ်။ သီးလှည့်စိုက်ပါဆိုတာက အလွန်အရေးကြီးတယ်။ ရွှေဘိုမှာဆိုရင် ဆစ်ပိုးတွေကျတယ်။ ဒါပေမယ့် အဲ့ဒီမျိုးကိုပြောင်းမလားဆိုတော့ မပြောင်းနိုင်ဘူး၊ ရွှေဘိုပေါ်ဆန်းမွှေးက ဈေးကောင်းရတယ်လေ။ တခြားမျိုးနဲ့ မလဲနိုင်ဘူး။

ပြီးတော့ စပါးပြီး စပါးစိုက်နေတော့ ဘဝစက်ဝန်းကို မဖြတ်နိုင်ဘူးပေ့ါ။ အမှန်က ဆစ်ပိုးကိုမွေးထားသလိုဖြစ်နေတာ။စပါးပြီးရင် ပဲပြောင်းစိုက်လိုက်ရင် ဒီပိုးကကျစရာ မလိုတော့ဘူးလေ။ ဆစ်ပိုးဆိုတဲ့ အမျိုးက ပဲကိုမကြိုက်ဘူး၊ ဆန်ကိုပဲကြိုက်တာလေ။ အဲ့ဒီ Mindset ကိုချိန်းဖို့ လိုအပ်ပါတယ်။ ပြောင်းမယ်ဆိုပြီးလုပ်ပေမယ့် မတ်ပဲမဟုတ်ဘဲ မြေပဲကိုစိုက်မယ်ဆိုလည်း ပဲကြိုက်တဲ့ပိုးက နောက်တစ်ခုလည်း ကြိုက်မှာပဲ။ လုံးဝကို အသီးပြောင်းပြီးစိုက်မှရမှာ။ ပဲနေရာမှာ နှမ်းတို့ဘာတို့ပေ့ါ။ တော်တော်လေးကို ပြောင်းလဲသွားမှာ။

အရင်တုန်းက တောင်သူတွေက ပိုပြီးနားလည်နေသလိုပဲ။ ပြောင်းပြောင်းပြီးစိုက်တဲ့အတွက် ပိုးဆိုတာလည်း မကျဘူး။ ပိုးသတ်ဆေးတွေလည်း အများကြီးမသုံးစွဲရဘူး။ တမန်းဆိုလည်းနက်မှ စပါးဆိုလည်း ပုပ်မှဆိုပြီး လုပ်ကြတယ်။ ပုပ်မှဆိုတော့ အဲ့ဒီမှာပေါင်းတွေလည်း သေသွားတယ်။ ပိုးတွေလည်း သေသွားတယ်။ သဘာဝအလျောက်နောက် တစ်သီးထပ်စိုက်တော့ ပိုးကမလာတော့ဘူး။ အခုက ရိတ်တယ်။ မြေစိုင်မြေခဲကြီးမှာပဲ ပဲစိုက်တယ်။ အဲ့ဒီမှာ တစ်ခုကွာသွားတာပေ့ါ။ အချိန်မရတာကတစ်ကြောင်း ပြီးတော့ လူအင်အားမလောက်ငှတာကတစ်ကြောင်းပေ့ါ။ အဲ့ဒါတွေမှာ အားနည်းလာတဲ့အတွက် အခုလိုဖြစ်လာတယ်လို့ထင်ပါတယ်။ အဝါရောင်မိုဇစ်ဆိုရင် ဒီနှစ်လည်းဖြစ်နေတယ်ဆိုရင် နောက်နှစ်လည်း ဖြစ်ဖို့ကရှိနေတာပဲ။အဲ့ဒါကြောင့် သီးလှည့်စိုက်ပျိုးပါလို့ပါ။

**အဝါရောင်မိုဇစ်ရောဂါကိုခံနိုင်ဖို့အတွက် ခံနိုင်ရည်ရှိတဲ့ မျိုးစေ့တွေကိုလည်း စိုက်ပျိုးရေးဦးစီးဌာနကထုတ်တယ်။ ရေဆင်း ၁၁၊ ရေဆင်း ၁၄ ဆိုပြီး ထုတ်တယ်။ တောင်သူတွေရဲ့ပူးပေါင်းဆောင်ရွက်မှုက အရေးကြီးပါတယ်။ အဲ့ဒီမျိုးကို ထုတ်လိုက်ပြီ။ အဲ့ဒါကိုပဲ တောက်လျှောက်စိုက်နေမယ်ဆိုရင်လည်း မျိုးကကြာလာတော့ အရည်အသွေးနိမ့်လာတယ်။**

**✳ ရှေ့ဖုံးမှ**

၂၀၁၆ ခုနှစ် ဇွန် ၁ ရက်က စတင်အသုံးပြုလျက်ရှိနေပြီး ကားနံပါတ်တစ်ခုလျှင် စမတ်ကတ်နံပါတ်တစ်ခုဖြင့် ယာဉ်အမျိုးအစားအလိုက် ဆောင်ရွက်ပေးလျက်ရှိနေပြီး စမတ်ကတ်တစ်ခုလျှင် ကားတစ်စီးသာ အသုံးပြုရမည်ဖြစ်ပြီး ကျောက်မဲတိုးဂိတ်၊ လားရှိုးမြို့ရှောင်လမ်းတိုးဂိတ်၊ ကျောက်ချောတိုးဂိတ်၊ မိုင်းယုတိုးဂိတ်များတွင် စမတ်ကတ်တစ်ခုအတွင်းသို့ ငွေကျပ် ၁၀၀၀၀ နှင့်အထက် မိမိစိတ်ကြိုက် ထည့်သွင်း အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။ ကတ်တစ်ကတ်၏ တန်ဖိုးမှာ ၃ ဒေါ်လာဝန်းကျင် ကျသင့်သော်လည်း ယခုအချိန်တွင် ကတ်တန်ဖိုးကိုပေးချေရန်မလိုသေးဘဲ အခမဲ့အသုံးပြုနိုင်ပြီဖြစ်သည်။ ယာဉ်မောင်း၊ ယာဉ်ပိုင်ရှင်များ၏ လမ်းပိုင်းအလိုက် ယာဉ်ဖြတ်သန်းခ များကောက်ခံရာတွင် ငွေအကြွေခက်ခဲခြင်းများကြောင့် အခက်အခဲပြဿနာများ မကြာခဏ ဖြစ်ပေါ်နေမှုများကို အဆင်ပြေတိကျမှန်ကန်စွာ ကောက်ခံနိုင်ရေးအတွက်နှင့် တိုးဂိတ်များတွင် ယာဉ်များအချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရမှုများကို အဆင်ပြေစေရန်အတွက် ရည်ရွယ်ဆောင်ရွက် အသုံးပြုရကြောင်း (Oriental Highway Co., Ltd)အိုရီရမ်တယ်ဟိုင်းဝေးကုမ္ပဏီ၏ စီမံကိန်းဒါရိုက်တာ ဦးတင်ကိုကိုထံမှ သိရသည်။

**ဟန်ဒွေး(လားရှိုး)**

## သီပေါဈေးချိုတော် သမဝါယမအသင်းအရပ်ရပ်ဆိုင်ရာစည်းဝေး

**သီပေါ ဇွန် ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ ဈေးချိုတော်ဈေး သမဝါယမအသင်းလီမိတက် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ (၂၄)ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇွန် ၅ ရက် မွန်းလွဲ ၁ နာရီက မဟာသာသနာ့ဗိမာန်တော် မြို့နယ်ဓမ္မာရုံ၌ ကျင်းပသည်။ ဈေးချိုတော်ဈေး သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးအေးကျော်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးရှင်းတမ်းများကို အတည်ပြုချက်ရယူသည်။ သီပေါမြို့ဈေးချိုတော်ဈေး သမဝါယမအသင်းအနေဖြင့် ခေါင်းရွက်ဗျပ်ထိုး ပျံကျဈေးသည်အသင်းသားများအတွက် အားကိုး အားထားရသည့် အသင်းတစ်သင်းဖြစ်သည့်အပြင် သမဝါယမအသင်း၏ ဥပဒေ၊ နည်းဥပဒေများအရ စီမံဆောင်ရွက်မှုများကြောင့် ဝန်ကြီးဌာန၏ စံပြအသင်းအဖြစ် ချီးကျူးဂုဏ်ပြုသတ်မှတ်ခြင်းခံရသည့် အသင်းဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# သစ်တောနှင့်သစ်ပင် ချစ်ခင်သည့်လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ပြည့်ဘဏ္ဍာတိုက်

**မြသွေးယဉ်**

**သစ်တောနှင့်သစ်ပင် ချစ်ခင်သည့်လူမျိုးတွေထဲမှာ ကျွန်မလည်း တစ်ယောက်အပါအဝင်ဖြစ်ပါသည်။ ပန်းဖူး၊ ပန်းငုံ၊ ပန်းပွင့်လေးတွေ မြင်ရင် မြတ်နိုးတတ်သလို သရက်၊ ပိန္နဲ၊ ပိတောက်၊ တမာ၊ ကုက္ကိုပင်ကြီးတွေ မြင်ရင်လည်း တန်ဖိုးထားမြတ်နိုးတတ်သူပါ။ ကျွန်မတို့ မြို့ထဲကတိုက်ခန်းမှာ နေခဲ့ရစဉ်က မြေပိုတစ်လက်မမျှ မရှိလေတော့ တိုက်ဝရန်တာမှာ ပန်းအိုးလေးနဲ့ မဥ္ဇူပန်းပင်လေးပျိုးပြီး သာသနာ့ငါးထောင် အထိမ်းအမှတ်နှင့် မဥ္ဇူပန်းပွင့်လေးငါးထောင်ကျော် အိမ်ကဘုရားမှာ ပူဇော်ခဲ့ဖူးပါသည်။**

ခင်ပွန်းဖြစ်သူ ပင်စင်မယူခင် နိုင်ငံတော်အစိုးရက တရားဝင်ချပေးသည့် မြေကွက်လေးတစ်ကွက် ကံကောင်းစွာရခဲ့ပြန်တော့ ရိုးရှင်းတဲ့အိမ်လေးတစ်အိမ်ဆောက်ပြီး ဘေးမြေပိုလေးမှာ သရက်၊ ပိန္နဲ၊ မာလကာ၊ ဒန့်သလွန်စသည့် သီးနှံပင်တွေ၊ ယုဇနာ၊ စံပယ်၊ ဇလပ်ဖြူ၊ ရွက်လှ၊ သပြေပင်လေးတွေ စိုက်ခဲ့ပါသည်။ အိမ်ရှေ့မှာတော့ မဥ္ဇူပန်းရောင်စုံစိုက်ပြီး အဖြူရောင်ကို ပုလဲစေတီ၊ အဝါရောင်လေးကိုတော့ ရွှေစေတီ၊ အနီရောင်လေးကိုတော့ ပတ္တမြားစေတီအမှတ်ဖြင့် ဘုရားပူဇော်ခဲ့သလို သရက်၊ ပိန္နဲတွေ သီးပြန်တော့ ဘုန်းတော်ကြီးကျောင်းတွေပို့၊ အိမ်နီးချင်းတွေဝေပြီး ကုသိုလ်ယူခဲ့ရတာ ကြည်နူးစရာပါ။ ယုဇနပန်းတွေလှိုင်လှိုင်ပွင့်ပြန်တော့လည်း လှူရဝေရပြန်ပါသည်။

၂၀၁၆ ဇန်နဝါရီလမှာတော့ အကြောင်းအားလျော်စွာ သမီးကြီးတာဝန်ကျရာ နေပြည်တော်ကို ကျွန်မလိုက်ခဲ့ရပါသည်။ ပြင်ပကို ခရီးသွားခဲတဲ့ ကျွန်မအဖို့ မြင်လေရာရာ ပတ်ဝန်းကျင်သည် အသစ်အဆန်းဖြစ်ခဲ့ပါသည်။

နေပြည်တော်အဝင်မှာပဲ သစ်လွင်တဲ့ ဝန်ထမ်းအိမ်ရာလေးတွေ မြို့တော်အင်္ဂါနဲ့ညီအောင် ဆောက်လုပ်ထားသော နိုင်ငံပိုင် အဆောက်အအုံများ၊ ဆေးရုံဆေးခန်းများ၊ မြို့အဝင်ဖြောင့်ဖြူးနေသည့်လမ်းမကြီး၏ ဘေးဝဲယာတစ်ဖက်တစ်ချက်မှာ အကွက်အကွင်းကျကျ ပန်းအလှလေးတွေ စနစ်တကျ စိုက်ပျိုးထားတာကိုလည်း တွေ့ရှိရပါသည်။ တောင်ကမူဆင်ခြေလျှောလေးတွေမှာတော့ ဆောင်းအကုန် နွေအကူးမို့ အစွမ်းကုန်ပွင့်ဖူးနေသည့် နီနီရဲရဲ စိန်ပန်းပင်များ၊ ဝါဝင်းသည့် ငုရွှေဝါ၊ ခရမ်းရောင်အသွေးနှင့် အလှဆင်နေသည့် ပျဉ်းမ၊ ပန်းသွေးရောင် ချယ်ရီပန်းခိုင်များကို ကြည်နူးနှစ်သက်ဖွယ် တွေ့ရှိရပါသည်။ နေပြည်တော်ဝန်ထမ်းအိမ်ရာလေးများကိုလည်း ခရေအိမ်ရာ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာစသည်ဖြင့် နာမည်ပေးထားပုံမှာလည်း ပန်း၏သင်္ကေတကို ယူထားသဖြင့် ဒုတိယပန်းမြို့တော်လေးပဲဟု ကျွန်မတင်စားမိပါသည်။

သမီးကြီးနေခွင့်ရသည့် ဝန်ထမ်းအိမ်ရာပတ်လည်မှာ သရက်၊ ပိန္နဲ၊ သံပရာပင်လေးတွေ ဝိုင်းနေလေတော့ တောအုပ်အလယ်က အိမ်လေးပမာ ခရမ်းလွန်ရောင်ခြည်တွေ မြင့်မားပြီး ပူပြင်းတဲ့ နွေရာသီမှာတောင်အေးမြတဲ့အရိပ်ကိုပေးခဲ့ပါသည်။ နေပြည်တော်တည်ခါစက စိုက်ပျိုးပေးသွားရှာတဲ့ ဆောက်လုပ်ရေးဝန်ထမ်းတွေ၊ စည်ပင်ဝန်ထမ်းတွေကိုလည်း အထူးကျေးဇူးတင်မိပါသည်။

သမီးကြီးရုံးသွားတော့လည်း တရားတစ်ပုဒ်၊ သတင်းစာတစ်အုပ်နှင့် ကျွန်မကျန်ခဲ့ရပြန်သည်။ သစ်တောသစ်ပင်တွေကို ချစ်ခင်တတ်သည့်ကျွန်မ သစ်တုံးကြီးတွေဆိုဒ်မျိုးစုံ ပိုင်ရှင်မဲ့ဖမ်းမိသည့်သတင်း ရက်ဆက်နီးပါးဖတ်ရသည့်အခါ အထူးစိတ်မကောင်းဖြစ်မိပါသည်။ ကျွန်မတို့နိုင်ငံသည် မြေပေါ်မြေအောက် သယံဇာတပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ နိုင်ငံတော်၏ ဘေးပတ်လည်မှာအနောက်ရိုးမ၊ ရခိုင်ရိုးမ၊ ရှမ်းရိုးမနှင့် မြောက်ဘက်မှာတောင်ကုန်းတွေ ဝိုင်းရံနေသလို ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်ကြီးလေးသွယ်ကလည်း တသွင်သွင်စီးဆင်းပြီး ရေအရင်းအမြစ်တို့ပေးဝေလျက် သဘာဝမိခင်ကပေးတဲ့ သစ်တောကြိုးဝိုင်းကြီးတွေမှာ ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ အင်ကြင်း၊ ပိတောက်စသည့် သစ်ပင်တွေနဲ့ စိမ်းစို၍မဟာမြိုင်တော၊ မဲဇာတောလိုသစ်တောကြိုးဝိုင်းတွေ ချင်းတွင်းမြစ်ရိုးနဲ့ ရခိုင်ရိုးမတစ်လျှောက် သစ်ပင်တွေပေါများစွာ ပေါက်ရောက်ခဲ့ပါသည်။ ပထမတန်းတွင် ကျွန်းသစ်ဖြစ်က ခုတ်သင့်သည့်အချိန်ရောက်သည့်တိုင် လေးပင်မှာတစ်ပင်သာခုတ်ရန်၊ အသီးသီးသောအပင်မခုတ်ရ၊ တစ်ပင်ခုတ် တစ်ပင်ပြန်စိုက် စသောသစ်တောဥပဒေတွေရှိခဲ့ပေမယ့် ယခုတော့တရားဝင်ရော တရားမဝင်ပါ အပြောင်ရှင်းစနစ်ဖြင့်ခုတ်ကြ၊ အပင်ငယ်များကို အမြစ်ပါမကျန် ဘူဒိုဇာစက်ကြီးများဖြင့်ထိုးယူ၍ တစ်ဖက်နိုင်ငံမှာ ပြန်စိုက်ကြသဖြင့် တစ်ဖက်နိုင်ငံမှာ စိမ်းလန်းစိုပြည်လာသလောက် ကျွန်မတို့နိုင်ငံမှာ တောတွေပြုန်း၊ မြေဆီတွေခန်း၊ စိမ့်စမ်းတွေခြောက်သွေ့လာတာတွေ့ရ၍ ဥတုရာသီ တောကိုမှီဆိုသလို ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ကျွန်မတို့ ပြည်သူတွေအလူးအလဲခံစားရပါတော့သည်။ မိမိကောင်းစားရေးသာကြည့်သည့် အတ္တကြီးသူတွေရော ပညာဗဟုသုတ အမြော်အမြင်နည်းပါးသောလူတစ်စုကိုပါ အပြစ်တင်နေ၍လည်း အကျိုးထူးမည် မဟုတ်တော့ပါ။ ထို့ကြောင့် “ပျက်အစဉ် ပြင်ခဏ” စိတ်ထားဖြင့် “ကြီးမြန်သစ်ပင်စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ”ဆိုသကဲ့သို့ ကျွန်မတို့တိုင်းရင်းသား ပြည်သူအားလုံးကြိုးစားကြဖို့လိုပါသည်။

ရှေးဦးစွာ သစ်တောများ၏ အရေးပါပုံ၊ ချစ်ခင်မြတ်နိုးတတ်ဖို့ ဟောပြောပညာပေးမှုများလိုအပ်လာသလို ရပ်ကွက်/ကျေးရွာတိုင်း အရိပ်ရသစ်ပင်၊ နှစ်ရှည်သစ်ပင်စသည်ဖြင့် ခွဲခြား၍ တစ်အိမ်ထောင်လျှင် သစ်ပင်ငါးပင်နှုန်းစိုက်ခြင်းဖြင့် အိမ်ခြေ ၁၀၀ ရှိသည့်ရွာတွင် သစ်ပင်ပေါင်း ၅၀၀ ပေါ်ထွက်လာမည်ဖြစ်ပါသည်။ မိမိတာဝန်ယူရသည့် သစ်ပင်ငါးပင်ကိုကြီးထွားရှင်သန်သည်အထိ တာဝန်ယူရမည်ဖြစ်ပြီး တစ်ပင်သေ တစ်ပင်ပြန်စိုက် စီမံချက်ချ၍ ရပ်/ကျေးစာရေးတာဝန်ရှိသူများကလည်း မကြာခဏ ကြီးကြပ်ပေးသင့်ပါသည်။ ပျိုးပင်များကိုတော့ သက်ဆိုင်ရာ စိုက်ပျိုးရေးဌာနက တာဝန်ယူဝေငှပေးရမည်ဖြစ်ပါသည်။ တောရွာတွေရဲ့လောင်စာလိုအပ်ချက်ကို သစ်တောကဏ္ဍမှ ထုတ်ယူသုံးစွဲမှု လျော့နည်းအောင်လည်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သစ်တောသစ်ပင်ချစ်မြတ်နိုးရန် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ဖို့ လာမည့်မိုးရာသီတွင် Green Environmental Campaign အစီအစဉ်ဖြင့် ပျိုးပင် ၅၇ ဒသမ ၉၃သန်းကို ဆေးရုံ၊ ဆေးခန်း၊ စာသင်ကျောင်း၊ အများဆိုင်နေရာ၊ သာသနာ့နယ်မြေ ၊ ရေဝေရေလဲဒေသတွေမှာ စိုက်ပျိုးရန်၊ အပူပိုင်းဒေသတွေမှာ ရေတွင်းရေကန်တူးဖော်မည့်စီမံချက်များကို သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေကြောင်း သိရ၍ စီမံချက်အကောင်အထည်ပေါ်ပေါက်ရေးကို ကျွန်မဝမ်းမြောက်စွာ လက်ကမ်းကြိုဆိုမိပါသည်။

သစ်ခိုးထုတ်မှုနည်းပါးစေရန်အတွက် သစ်တောကြိုးဝိုင်းတွေမှာ အမှုထမ်းနေရသောဝန်ထမ်းများ၏ အသက်အိုးအိမ်စည်းစိမ်ကိုလည်း နိုင်ငံတော်မှ ကာကွယ်ပေးရမည်ဖြစ်ပါသည်။ နိုင်ငံတော်၏ မြေပေါ်မြေအောက်သယံဇာတပျက်စီးမှုကိုမှု ဆိုင်ရာဝန်ကြီးဌာနတစ်ခုတည်းမှမဟုတ်ဘဲ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသခံပြည်သူများကပါ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ရမည်ဖြစ်ပါသည်။

ထို့ကြောင့် တစ်စေ့မှတစ်ပင်၊ တစ်ပင်မှတစ်တော၊ တစ်တောမှ တစ်ဝန်းစိမ်းလန်းစိုပြည်မြန်မာ့မြေဖြစ်ရန် ကျွန်မတို့ကြိုးစားရပါမည်။ ဆရာဇော်ဂျီ၏ စကားလေးကိုကိုးကား၍ ပြောရလျှင်“ထလော့မြန်မာ မြန်မာထလော့အားမလျှော့နှင့်၊ ယခုချိန်ခါတော်ပေစွတည့်၊ ဤမြေယာဤတို့မြေယာတည့်၊ ဤရွာစည်ကား တို့ဝတ္တရားတည့်၊ သူကအစငါကအားလုံး၊ လက်ရုံးမြားမြောင် ဉာဏ်မြားမြောင်ဖြင့် စွမ်းဆောင်နိုင်စေ၊ စွမ်းကြလေလော့ တားလော့တာဝန်၊ ပြွန်လော့လုပ်ငန်းပြိုင်တူလှမ်း၍၊ တစ်စိတ်တစ်ဝမ်းညီစေသော်”ဟူသော စာပိုဒ်ကလေးဖြင့် ကျွန်မ၏ အတွေးတစ်စကို ရေးသားဖော်ပြအပ်ပါသည်။

**မိမိကောင်းစားရေးသာကြည့်သည့် အတ္တကြီးသူတွေရော ပညာဗဟုသုတ အမြော်အမြင်နည်းပါးသောလူတစ်စုကိုပါ အပြစ်တင်နေ၍လည်း အကျိုးထူးမည် မဟုတ်တော့ပါ။ ထို့ကြောင့် “ပျက်အစဉ် ပြင်ခဏ” စိတ်ထားဖြင့် “ကြီးမြန်သစ်ပင်စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ”ဆိုသကဲ့သို့ ကျွန်မတို့တိုင်းရင်းသား ပြည်သူအားလုံးကြိုးစားကြဖို့လိုပါသည်။**



ချင်းပြည်နယ် ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက်အမှတ် (၂) အခြေခံပညာ အထက်တန်း ကျောင်းဝင်းအတွင်း၌ ကျောင်းဝင်းစိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို ဇွန် ၄ ရက်က ကျင်းပရာ ခရိုင် ဒုတိယ အုပ်ချုပ်ရေးမှူး ဦးစိုးလင်းသိန်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက အပင်ပေါင်း ၅၄၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။ (ခရိုင် ပြန်/ဆက်)

## ဘိလိယက်နှင့် စနူကာအားကစားသမားများအားဂုဏ်ပြု

**ရန်ကုန် ဇွန် ၆**

၂၀၁၅ ခုနှစ်က စင်ကာပူနိုင်ငံ၌ကျင်းပခဲ့ပြီးဖြစ်သော (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတစ်ခု၊ ငွေလေးခု၊ ကြေးသုံးခုရယူပေးနိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် ဘိလိယက်နှင့် စနူကာအားကစားသမားများအား ဂုဏ်ပြုပွဲကိုဇွန် ၄ ရက်က စင်ထရယ်ဟိုတယ်၌ ကျင်းပခဲ့သည်။

(၂၈)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲများတွင် အမျိုးသမီးတစ်ဦးချင်း Pool 9 ball ပြိုင်ပွဲ၌အေမီအောင်(ကြေး)၊ အမျိုးသားနှစ်ယောက်တွဲ Pool 9 ball ၌မောင်မောင်နှင့်အောင်မိုးသူ(ကြေး)၊ ဘိလိယက်တစ်ဦးချင်းကျော်ဦး(ကြေး)၊ အမျိုးသားတစ်ဦး ချင်း Pool 9 ball ကိုထက်(ငွေ)၊ ဘိလိယက်တစ်ဦးချင်းအောင်ဌေး(ငွေ)၊ ဘိလိယက်အသင်းလိုက် ကျော်ဦး၊ မင်းစည်သူထွန်း၊ အောင်ဌေး(ငွေ)၊ ဘိလိယက်နှစ်ယောက်တွဲအောင်ဌေးနှင့် မင်းစည် သူထွန်းတို့က ရွှေတံဆိပ် ဆွတ်ခူးပေးကာ ပထမ ငွေကျပ် သိန်း ၅၀၊ ဒုတိယငွေကျပ် သိန်း ၂၀၊ တတိယ ငွေကျပ် ၁၀ သိန်းတို့ကိုအားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဦးသောင်းထိုက်၊ မြန်မာဘိလိယက်နှင့် စနူကာနာယကဥက္ကဋ္ဌ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ဦးစိုးအောင်တို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သည် ၁၉၉၆ခုနှစ်မှ ယနေ့အထိ နိုင်ငံအတွက် ရွှေ ငါးခု၊ ငွေ ၂၀၊ ကြေး ၂၀ အပါအဝင်ဆုတံဆိပ်ပေါင်း ၄၅ ခုကိုဘိလိယက်နှင့် စနူကာအားကစားသမားများက ရယူပေးနိုင်ခဲ့ပြီး (၂၉)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲ၌ အောင်မြင်မှုများရရှိရန် ၂၀၁၅ ခုနှစ်ဒီဇင်ဘာလမှစ၍အမျိုးသား ၁၀ ဦး၊ အမျိုးသမီး သုံးဦးတို့အား နေပြည်တော် Gold Camp လေ့ကျင့်ရေးစခန်း၌စခန်းသွင်း လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

## ဖာပွန်မြို့တွင် မြို့သန့်ရှင်းသာယာလှပရေး စုပေါင်းဆောင်ရွက်

**ဖာပွန် ဇွန် ၆**

ကရင်ပြည်နယ်ဖာပွန်မြို့တွင် မြို့သန့်ရှင်းရေးသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေး အမှိုက်ကင်းစင်ရေးအတွက် ဖာပွန်မြို့နယ်အမှတ် (၂) ရပ်ကွက် ကားလမ်းဘေးဝဲယာနှင့် အထကကျောင်း ဘေးပတ်လည်တွင် ဇွန် ၄ ရက်က စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါစုပေါင်းသန့်ရှင်းရေးတွင် ဖာပွန်မြို့နယ်စစ်ဗျူဟာမှူးဗိုလ်မှူးကြီးကြည်ခိုင်နှင့် တပ်ရင်းတပ်ဖွဲ့များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးနှင့်အဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့်အဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ် အထောက်အကူပြုဥက္ကဋ္ဌ ဦးညိုသိန်းထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးဥက္ကဋ္ဌ ဦးဇော်မင်း၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သိန်းစိုးမြင့်(ပြန်/ဆက်)**

# လွှတ်တော်တစ်ရပ်ကဲ့သို့ပင် အရေးပါသော လွှတ်တော်ကော်မတီများသည် စွမ်းဆောင်ရည်ပြည့်ဝနေရန်နှင့် အားကောင်းနေရန်လိုအပ်



**နေပြည်တော် ဇွန် ၆**

ဒုတိယအကြိမ်လွှတ်တော် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်အဖွဲ့ဝင်များ၏ ခေါင်းဆောင်မှုနှင့် ပညာရပ်ပိုင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးအစီအစဉ် ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ ကျင်းပသည်။

ယခုပြုလုပ်သည့် အစီအစဉ်တွင် နိုင်ငံအသီးသီး၏ လွှတ်တော်များမှ ကော်မတီဆိုင်ရာလုပ်ငန်းများကို Video Clip များဖြင့် လေ့လာခြင်း၊ နိုင်ငံအသီးသီးမှ လွှတ်တော်ကော်မတီဆိုင်ရာ ကျွမ်းကျင်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အတွေ့အကြုံများကို ကြားသိခြင်းတို့အပြင် ကော်မတီများ၏ တာဝန်များကို ထိရောက်ပီပြင်စွာ ထမ်းဆောင်နိုင်ရေးအတွက် အရည်အသွေးမြှင့်တင်ရေးဆိုင်ရာများကို ပြည့်စုံစွာလေ့လာသိရှိကြရမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက အဖွင့်အမှာစကား ပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ လွှတ်တော်နာယကက ပြည်သူ့ကိုယ်စားလှယ်များသည် အရည်အသွေး၊ အရည်အချင်းပြည့်ဝရန်လိုကြောင်း၊ လွှတ်တော်အသီးသီးမှ ကော်မတီများသည် "ပြည်သူ့ဆန္ဒ ပြည်သူ့အသံ" ကို ဖော်ထုတ်ရာ "ပြည်သူ့ဗဟိုပြုဌာန၊ ပြည်သူကိုယ်စားပြုဌာနများ ဖြစ်ကြောင်း၊ အုပ်ချုပ်မှုကဏ္ဍ၏ လုပ်ဆောင်ချက်များအား ထိန်းကျောင်းစောင့်ကြည့်ရန်" ဆိုသော လွှတ်တော်၏ အဓိကတာဝန်ကို ထမ်းဆောင်ရာတွင် လွှတ်တော်ကော်မတီများသည် နည်းလမ်းတစ်ခုဖြစ်ကြောင်း၊ ကော်မတီများသည် နိုင်ငံသားတစ်ဦး တစ်ယောက်ချင်းစီနှင့် လူမှုအဖွဲ့အစည်းများ၏ အမျိုးမျိုးသော အမြင်များအား ထုတ်ဖော်ပြောကြားနိုင်သော လူထုဖိုရမ်များဖြစ်ကြောင်း၊ လွှတ်တော်တစ်ရပ်ကဲ့သို့ပင် အရေးပါသော လွှတ်တော်ကော်မတီများသည် စွမ်းဆောင်ရည်ပြည့်ဝနေရန်နှင့် အားကောင်းနေရန် လိုအပ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များအား မှာကြားသည်။

ထို့အတူ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်ကလည်း ယခုအကြိမ် လွှတ်တော် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ Induction Program သည် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ကိုယ်စားလှယ်များကို နိုင်ငံတကာပါလီမန်များ၏ အတွေ့အကြုံ ဗဟုသုတ ရရှိစေရန်၊ စွမ်းရည်ပြည့်ဝသောကော်မတီများ ဖြစ်လာစေရန်၊ ကော်မတီများ၏ အခွင့်အရေးနှင့် စိန်ခေါ်မှုများကို သိရှိစေရန် ရည်ရွယ်ကြောင်း၊ ရရှိလာသော နိုင်ငံတကာပါလီမန်များ၏ လုပ်ငန်းအတွေ့အကြုံအပေါ်မူတည်ပြီး မိမိတို့၏ လွှတ်တော်လုပ်ငန်းများ ပိုမိုခိုင်မာအားကောင်း သွက်လက်ထက်မြက်လာရန်နှင့် လုပ်ဆောင်ရမည့် ရည်မှန်းချက်ပန်းတိုင်ကို ရှင်းလင်းစွာသိမြင်ရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်ကို တည်ထောင်ရာတွင် လွှတ်တော်သည် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ လွှတ်တော်များ အားကောင်းမှ ဒီမိုကရေစီခိုင်မာတောင့်တင်းလာမည် ဖြစ်ကြောင်း၊ လွှတ်တော်များအားကောင်းရန်အတွက် ကော်မတီများက လုပ်ငန်းကျွမ်းကျင်စွာ ကူညီပံ့ပိုးနိုင်ရန် လိုအပ်ကြောင်း မှာကြားသည်။

အဆိုပါအခမ်းအနားသို့ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်တို့မှ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ လွှတ်တော်အသီးသီးမှ ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ နိုင်ငံတကာပါလီမန်များမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံတကာပါလီမန်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြပြီး ကော်မတီများအနေဖြင့် ဥပဒေပြုရေးလုပ်ငန်းစဉ်တွင် ထိရောက်စွာပါဝင်ဆောင်ရွက်ရေး၊ ဥပဒေပြုရေး၊ ထိန်းကျောင်းစောင့်ကြည့်ရေးနှင့် ကိုယ်စားပြုရေး တာဝန်များ ပိုမိုအားကောင်းလာရေး၊ ပြည်သူလူထုအား ကိုယ်စားပြုခြင်းနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ခံမှုအား စောင့်ကြည့်ထိန်းကျောင်းခြင်း၊ ကော်မတီများ၏ စည်းမျဉ်းစည်းကမ်းနှင့် ကျင့်သုံးမှု၊ လုပ်ထုံးလုပ်နည်းပိုင်းနှင့် သုတေသနပြုလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးကြသည်။

လွှတ်တော် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ် ပထမအကြိမ်ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၉ ရက်အထိ ပြုလုပ်ခဲ့ပြီး ယခုပြုလုပ်သည့် လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်သည် ဒုတိယအကြိမ်ဖြစ်ကာ နိုင်ငံ ၁၂ နိုင်ငံမှ နိုင်ငံတကာလွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ကော်မတီကျွမ်းကျင်သူများ တက်ရောက်ပို့ချမည်ဖြစ်သည်။

လွှတ်တော်ကော်မတီများ၏ ခေါင်းဆောင်မှုနှင့် ပညာရပ်ပိုင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ရေး အစီအစဉ်ကို ဇွန် ၆ ရက်မှ ၁၀ ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်တွင် ကော်မတီများ၏ ထိန်းညှိခြင်းလုပ်ငန်းတာဝန်များ ပိုမိုနားလည်မှုရှိစေရန်၊ အလုံးစုံပါဝင်နိုင်သော ဒီမိုကရေစီစနစ်အတွက် နိုင်ငံတကာ စံချိန်စံညွှန်းနှင့် သတ်မှတ်ချက်များအား သတိပြုနားလည်စေရန်နှင့် လွှတ်တော်ကော်မတီများ၏ လုပ်ဆောင်ချက်များ၊ ဥပဒေများနှင့် ကျင့်သုံးမှုများကို နားလည်စေရန် ရည်ရွယ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အာဆီယံ၏ကင်းလွတ်ခွင့်နှင့်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်သို့ မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်ရန် ပြည်ထောင်စုလွှတ်တော်က အတည်ပြု

**နေပြည်တော် ဇွန် ၆**

နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် အာဆီယံ၏ ကင်းလွတ်ခွင့်နှင့် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်သို့ မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်ရန် ကိစ္စနှင့်စပ်လျဉ်း၍ ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့သည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၊ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်းနှင့် ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ရွှေပုံတို့က ထောက်ခံဆွေးနွေးကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က မိမိတို့အနေဖြင့် သဘောတူစာချုပ်တွင် ပါဝင်ခြင်းဖြင့် အာဆီယံအဖွဲ့ကြီး၏ လုပ်ငန်းတာဝန်များနှင့် ဂျကာတာမြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်ခွင့်ရရှိမည်ဖြစ်ပါကြောင်း၊ ထို့ပြင် သဘောတူစာချုပ်ကို အတည်ပြုလက်မှတ်ထိုးခြင်းဖြင့် အာဆီယံအဖွဲ့၌ တာဝန်သိသော နိုင်ငံတစ်ခုအဖြစ် ဖော်ညွှန်းနိုင်မည်ဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ခန့်အပ်သည့် အမြဲတမ်းကိုယ်စားလှယ်အဖွဲ့များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအဖွဲ့ဝင်များနှင့် ကျွမ်းကျင်ပညာရှင်များ၏ တာဝန်ထမ်းဆောင်ရာ၌ အထောက်အကူပြုမည်ဖြစ်ပြီး ကိုယ်ကျိုးအသုံးပြုမှုများရှိပါက ပြန်လည်ရုပ်သိမ်းနိုင်ခွင့်ကိုလည်း စာချုပ်၌ ရှင်းလင်းစွာ ပြဋ္ဌာန်းထားပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လက်မှတ် ရေးထိုးထားသော်လည်း ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရရှိမှသာ အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ အတည်ပြုစာချွန်လွှာပေးပို့ဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း လွှတ်တော်သို့ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

> **သဘောတူစာချုပ်ကို အတည်ပြုလက်မှတ်ထိုးခြင်းဖြင့် အာဆီယံအဖွဲ့၌ တာဝန်သိသော နိုင်ငံတစ်ခုအဖြစ် ဖော်ညွှန်းနိုင်မည်**
>
> **အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ခန့်အပ်သည့် အမြဲတမ်းကိုယ်စားလှယ်အဖွဲ့များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအဖွဲ့ဝင်များနှင့် ကျွမ်းကျင်ပညာရှင်များ၏ တာဝန်ထမ်းဆောင်ရာ၌ အထောက်အကူပြုမည်**

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက လွှတ်တော်၏ ဆန္ဒရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ယနေ့ အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။ **(သတင်းစဉ်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၆**

အမှတ်(၁) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ (နေပြည်တော်)မှ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် ယာဉ်မောင်းများနှင့် ဆိုင်ကယ်စီးနင်းသူများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိ ပညာပေးဟောပြောဆောင်ရွက်မှုအား ယနေ့တွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၂)၌ ဟောပြောဆောင်ရွက်ကြသည်။

ယာဉ်ထိန်းရဲအရာရှိများက တာဝန်ကျရာဌာနများတွင် ဟောပြောရာ အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်းနည်းစနစ်ငါးမျိုး ခြေကျင်လမ်းလျှောက်သူ၊ အနေးယာဉ်၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် စီးနင်းသူများ လိုက်နာရန် စည်းကမ်းချက်များ၊ လမ်းညွှန်ဆေးရေးအမှတ်သားများ၊ မီးပွိုင့်နှင့် အဝိုင်းတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အမှားအမှန် သရုပ်ပြပုံများ မော်တော်ယာဉ် ဥပဒေ၊ နည်းဥပဒေနှင့် ပြစ်မှုဆိုင်ရာ ဥပဒေများကို အသေးစိတ်ချပြရှင်းလင်းဆွေးနွေးဟောပြောခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင် ၉၀ ကို ဝေငှခဲ့သည်။ **(သတင်းစဉ်)**

# တောင်ငူ၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြော

**တောင်ငူ ဇွန် ၆**

ရက် ၁၀၀ အတွင်း ပြည်သူ့ကျိုးပြုလုပ်ငန်းအဖြစ် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ကျင်းပသည့် တောင်ငူခရိုင်အတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းဝေးစေရေးအတွက် အသိပညာပေးဟောပြောပွဲများကို ဇွန် ၆ ရက် နံနက် ၁၀ နာရီက တောင်ငူမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။ ဟောပြောပွဲတွင် ခရိုင်ဦးစီးမှူး ဦးအောင်တင်ဦးက ကျောင်းသား ကျောင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ နားလည်စေရန်နှင့် ယာဉ်အန္တရာယ်ကင်းဝေးစေရန်၊ အသိပညာပေးဟောပြောပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာနည်းပါးခြင်းကြောင့် ဖြစ်ပေါ်တတ်သည့် အန္တရာယ်ပုံစံများ၊ ဝမ်းနည်းစရာဖြစ်ရပ်များကို ပရိုဂျက်တာဖြင့် ကျောင်းသား ကျောင်းသူများကို ပညာပေးပြသခဲ့ကြောင်း သိရသည်။
**သူရ(တောင်ငူ)**

# ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပပုံ လာရောက်လေ့လာ

**နေပြည်တော် ဇွန် ၆**

ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ အစည်းအဝေးကို ခေါင်းဆောင်မှုနှင့် ပညာရပ်ပိုင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ရေး အစီအစဉ်သို့ တက်ရောက်မည့် တိုင်းဒေသကြီး/ပြည်နယ်များမှ လွှတ်တော်ဥက္ကဋ္ဌ ခုနစ်ဦး၊ ဒုတိယဥက္ကဋ္ဌ ခုနစ်ဦး၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌ ၈၆ ဦး၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင် ၂၁ ဦး၊ သက်ဆိုင်ရာ လွှတ်တော်ရုံး၏ အရာထမ်း ၁၄ ဦး စုစုပေါင်း ၁၃၅ ဦးတက်ရောက်ခဲ့သည်။

ထို့ပြင် ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်း၏ မိတ်ဆွေ ၂၅ ဦး၊ ကရင်ပြည်နယ်အမှတ်(၂)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောသန်းထွဋ်၏ မိတ်ဆွေ ၁၄ ဦးနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ သင်တန်းသား သင်တန်းသူ ၉၅ ဦး စုစုပေါင်း ၂၆၉ ဦးသည် လွှတ်တော်အဆောက်အအုံများကို လှည့်လည်ကြည့်ရှုပြီး ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေ ဆွေးနွေး



**နေပြည်တော် ဇွန် ၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး မစ္စတာ ဂန်း နာကာတာနီနှင့် ယနေ့ နံနက် ၈ နာရီတွင်လည်းကောင်း၊ ဥရောပသမဂ္ဂစစ်ဘက်ရေးရာကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မီခေးလ်ကိုစ်တာရာကော့စ်နှင့် ညနေ ၄ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ ဗေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေ၊ ဂျပန်နိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်နေမှုအခြေအနေ၊ ဂျပန်-အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး ဆောင်ရွက်နိုင်မှုနှင့် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(ဓာတ်ပုံ)**

ဥရောပသမဂ္ဂစစ်ဘက်ရေးရာကော်မတီဥက္ကဋ္ဌနှင့်တွေ့ဆုံစဉ် မြန်မာ့တပ်မတော်နှင့် ဥရောပသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်မှုအတွက် စစ်ဘက်သံတမန်များထားရှိရေး၊ ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးဆိုင်ရာသင်တန်းအပါအဝင် လေ့ကျင့်ရေးသင်တန်းကိစ္စရပ်များ၊ ချစ်ကြည်ရေးခရီးစဉ်ဆိုင်ရာများနှင့် ရေရှည်လုပ်ဆောင်မည့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

## ရုပ်သံထုတ်လွှင့်မှုဆိုင်ရာ မူဝါဒချမှတ်မှုများနှင့် ဆက်လက်ဆောင်ရွက်နိုင်မည့် အစီအစဉ်များ ဆွေးနွေး

**နေပြည်တော် ဇွန် ၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် Pioneer Consulting Asia, Casbaa, Managing Director, Mr. VIRAT PATEL တို့သည် ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါ ဝန်ကြီးရုံး၌ တွေ့ဆုံသည်။

တွေ့ဆုံရာတွင် Mr. VIRAT PATEL မှ ရုပ်သံထုတ်လွှင့်မှုဆိုင်ရာ မူဝါဒချမှတ်မှုများနှင့် ဆက်လက်ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

## စီမံကိန်း အရာထမ်း၊ အမှုထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေး

**နေပြည်တော် ဇွန် ၆**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာန အရာထမ်း၊ အမှုထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှု (မွမ်းမံ) သင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၂) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်က စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးသည့်အနေဖြင့် စီးပွားရေးဆိုင်ရာ ညွှန်းကိန်းများ၊ အမျိုးသားစာရင်း တွက်ချက်မှုနှင့် ထားသိုမှုစနစ်များ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ၊ လုပ်ငန်းစာရင်းအင်းများနှင့် စီးပွားရေးအုပ်စုများခွဲခြားခြင်း၊ စီးပွားရေးဆိုင်ရာ ခန့်မှန်းချက်များကို ပိုမိုနားလည်နိုင်ရန်နှင့် လက်တွေ့ကျင့်သုံးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်သည့် သင်တန်းဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ အတွေ့အကြုံ၊ ဗဟုသုတနှင့် ကျွမ်းကျင်မှု (၃)ရပ်၏ စွမ်းဆောင်ချက်သည် စွမ်းရည်ဖြစ်လာစေပြီး အကျိုးရလဒ်ကောင်းများ ရလာမည်ဖြစ်ကြောင်း၊ ဆန်းသစ်တီထွင်မှု၊ ဖန်တီးနိုင်မှုများရှိမှသာ အခွင့်အလမ်းကောင်းများ ရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းသို့ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် စီမံကိန်းဦးစီးရုံးများမှ အရာထမ်း၊ အမှုထမ်း ၁၀၆ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကို ဇွန် ၆ ရက်မှ ၁၃ ရက်အထိ ရှစ်ရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်သည်။

**(သတင်းစဉ်)**

**တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မိုးရွာမည့်အခြေအနေ**

**နေပြည်တော် ဇွန် ၆** မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကချင်၊ ကရင်၊ ချင်းနှင့် မွန်ပြည်နယ်၊ တနင်္သာရီနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မြန်မာ့အလင်း)

## ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား တပ်မတော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု တိုးတက်ကောင်းမွန်ရေးဆွေးနွေး

**နေပြည်တော် ဇွန် ၆**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် ဂျပန်နိုင်ငံကာကွယ်ရေးဝန်ကြီး မစ္စတာ ဂန်း နာကာတာနိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ နံနက် ၁၀ နာရီတွင် လည်းကောင်း၊ ဥရောပသမဂ္ဂ စစ်ဘက်ရေးရာကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မီခေးလ် ကိုစ်တာရာကော့စ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ ညနေ ၃ နာရီတွင် လည်းကောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ သီးခြားစီတွေ့ဆုံသည်။

ဂျပန်ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံရာတွင် တောင်တရုတ်ပင်လယ်နှင့် ဂျပန်နိုင်ငံ၏ ပင်လယ်ရေကြောင်းဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နယ်စပ်ဒေသဆိုင်ရာ ကိစ္စရပ်များတွင် ဆောင်ရွက်နေမှုအခြေအနေများကို အမြင်ချင်းဖလှယ်ဆွေးနွေးပြီး နှစ်နိုင်ငံ တပ်မတော်ကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ တိုးတက်ကောင်းမွန်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား တပ်မတော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတိုးတက်ကောင်းမွန်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ် ပိုမိုခိုင်မာလာစေရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❒ *ရှေ့စာမျက်နှာမှ*

အမေရိကန်-မြန်မာ ဆက်ဆံရေး ပုံမှန်ပြန်ဖြစ်လာပြီး နောက်တစ်ဆင့်အဖြစ် မြန်မာနိုင်ငံမှာ အမေရိကန်စီးပွားရေး လုပ်ငန်းရှင်တွေအနေနဲ့ လယ်ယာကဏ္ဍ၊ စက်မှု၊ စွမ်းအင်၊ အိုင်တီ စတဲ့နယ်ပယ်အသီးသီး ရင်းနှီးမြှုပ်နှံသွားဖို့ ဆွေးနွေးနေပြီဖြစ်ပါတယ်''ဟု ဒေါက်တာမောင်မောင်လေးက ယနေ့ မွန်းလွဲပိုင်းတွင် UMFCCI ၌ ကျင်းပသော မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်နှင့် အမေရိကန်ကုန်သည်အသင်းတို့ ပူးပေါင်းကျင်းပသည့် အမေရိကန်-မြန်မာစီးပွားရေးဆက်ဆံရေး ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ပတ်သက်သည့် ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

အဆိုပါ အမေရိကန်-မြန်မာ စီးပွားရေး ဆက်ဆံရေးဆွေးနွေးပွဲသည် မကြာသေးမီက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျွန်ကယ်ရီ မြန်မာနိုင်ငံသို့ လာရောက်စဉ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံအား အာရှ၏ ဦးစားပေးနိုင်ငံအဖြစ် သတ်မှတ်လိုက်ပြီးနောက် ပထမဆုံးအကြိမ် အမေရိကန် ကုန်သည်များအနေဖြင့် လာရောက်ကာ ဆွေးနွေးမှုစတင်ခဲ့ခြင်းဖြစ်သည်။

ယင်းဆွေးနွေးပွဲသို့ အမေရိကန်ကုန်သည်အသင်း အရှေ့တောင်အာရှဆိုင်ရာ ထိပ်တန်းညွှန်ကြားရေးမှူး မစ္စတာ ဂျွန်ဂိုယာ ဦးဆောင်သော အဖွဲ့ဝင် ၂၅ ဦးက မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုရုံးမှ တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ကြသည်။

အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် GSP အထူးအခွင့်အရေးကို ပြန်လည်ပေးလိုက်ခြင်းဖြင့် မြန်မာနိုင်ငံမှ ထွက်ကုန်များ အမေရိကန်နိုင်ငံသို့ အခွန်အတုတ်ကင်းလွတ်ခွင့်ရပြီး GSP မရသည့် နိုင်ငံများနှင့်ယှဉ်ကာ ရောင်းချလာနိုင်မည်ဖြစ်သည်။

## ချမ်းမြသာစည်မြို့နယ်တရားရုံးက ဘီဘီစီသတင်းထောက် ကိုနေလင်းကို အလုပ်နှင့်ထောင်ဒဏ် သုံးလချမှတ်

**မန္တလေး ဇွန် ၆**

ပြည်သူ့ဝန်ထမ်းအားတာဝန်ဝတ္တရားဆောင်ရွက်ခြင်းမှ ဟန့်တားရန် မိမိအလိုအလျောက် နာကျင်စေမှု ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၃၃၂)ဖြင့် တရားစွဲဆိုခြင်းခံထားရသည့် ဘီဘီစီသတင်းထောက် ကိုနေလင်းအား ဇွန် ၆ ရက် နောက်ဆုံးရုံးချိန်းတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်တရားရုံးမှ အလုပ်နှင့်ထောင်ဒဏ် သုံးလ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

မန္တလေးမြို့၌ ၂၀၁၅ ခုနှစ် မတ် ၂၇ ရက်က အမျိုးသားပညာရေးဥပဒေကို ကန့်ကွက်ဆန္ဒပြခဲ့သော ဖမ်းဆီးခံ ကျောင်းသားများနှင့် ဝန်းရံပြည်သူများ ပြန်လွှတ်ပေးရေးအတွက် ဆိုင်ကယ်များဖြင့် ဆန္ဒပြခဲ့သော ကျောင်းသားများကို ရဲတပ်ဖွဲ့က တားဆီးခဲ့ရာ ကျောင်းသားနှစ်ဦး၏ ဆိုင်ကယ်လဲကျသွားသဖြင့် ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ပြီး ရဲတပ်ဖွဲ့ဝင်တစ်ဦး မျက်ခုံးကွဲဒဏ်ရာရရှိခဲ့မှုအပေါ်တွင် BBC သတင်းဌာနမှ သတင်းထောက် ကိုနေလင်းက ရဲတပ်ဖွဲ့ဝင်တစ်ဦးကို လက်သီးဖြင့်ထိုးသည်ဟု ဆိုကာ ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁) ရဲစခန်း ဒုတပ်ကြပ်ဘမော်က ပြစ်မှုပုဒ်မ(၃၃၂)ဖြင့် တရားစွဲခဲ့ခြင်းဖြစ်သည်။

သတင်းထောက်ကိုနေလင်းအနေဖြင့် စတင်တရားစွဲဆိုခံခဲ့ရသည့်နေ့မှစ၍ မြို့နယ်တရားရုံးသို့ ရုံးချိန်း ၄၀ကျော်ခန့် စစ်ဆေးခဲ့ပြီးမှ အပြီးသတ်အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

"အခု အမိန့်ချမှတ်ခဲ့တာက အလျှော့အပေါ့ဆုံးပြစ်ဒဏ်ပါပဲ" ဟု အပြီးသတ်အမိန့်ချမှတ်စဉ်တွင် မြို့နယ်တရားသူကြီးက ပြောကြားခဲ့သည်။

တရားသူကြီး၏ ဆုံးဖြတ်ချက်ကို စိတ်ဝင်စားကြသည့် မန္တလေးမြို့ရှိ အရပ်ဘက်အဖွဲ့အစည်းတချို့နှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူတချို့မှာ တရားရုံးအနီး ကြိုတင်ရောက်ရှိခဲ့ကြပြီး ဆုံးဖြတ်ချက်ချမည့်အခြေအနေကို စောင့်ကြည့်ခဲ့ကြကာ အပြီးသတ်အမိန့်ချမှတ်ခဲ့မှုအပေါ်တွင်လည်း ဝေဖန်မှုများပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**အောင်ရဲသွင်**



# တရားမဝင်ဆေးဝါးနှင့် ဆေးအတုများလုံးဝကင်းစင်ပပျောက်ရေး တာဝန်ရှိအဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်မည်

**နိုင်လင်းကြည်၊ သန့်ဇင်ဝင်း**

နေပြည်တော် ဇွန် ၆

**မြန်မာနိုင်ငံ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)၊ အကောက်ခွန်ဦးစီးဌာန၊ နယ်စပ်ကုန်သွယ်ရေးဌာန၊ စားသုံးသူရေးရာအဖွဲ့များ ပူးပေါင်းကာ တရားမဝင်ဆေးဝါးများ၊ ဆေးဝါးအတု များ၊ စံမမီသည့်ဆေးဝါးများ တိုက်ဖျက်သည့်လုပ်ငန်းစဉ် Operation Pengea IX ကို မေ ၃၀ ရက်မှ ဇွန် ၇ ရက်အထိ ရည်မှန်းချက်(၇)ချက် ချကာ ဆောင်ရွက်ခဲ့သည်။**

**Operation Pengea အကြောင်းနှင့် တရားမဝင်အစားအသောက်နှင့် ဆေးဝါးများအန္တရာယ်နှင့် ပတ်သက်၍ လှုပ်ရှားဆောင်ရွက်မှုများကို ပြည်သူများ သိရှိနိုင်ရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။**


ဒေါက်တာသန်းထွင်


ဒေါက်တာသီဂီဇင်


ရဲမှူးကြီးအောင်ဌေးမြင့်

**ဒေါက်တာသန်းထွင်**
**ညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

အစားအသောက်နဲ့ဆေးဝါးကွပ်ကဲရေးဦးစီးဌာနဟာ ၂၀၁၃ ကစပြီးတော့ သီးခြားဌာနဖြစ်လာခဲ့ပါတယ်။ ၂၀၁၄ မှာ တိုးချဲ့ဖွဲ့စည်းခဲ့တယ်။ မြန်မာနိုင်ငံမှာ အစားအသောက်တွေ၊ ဆေးဝါးတွေ၊ လူသုံးကုန်၊ အလှကုန်တွေနဲ့ ပတ်သက်ပြီးတော့ အန္တရာယ်ကင်းရှင်းပြီး အရည်အသွေးပြည့်ဝတဲ့အစားအသောက်တွေ၊ ဆေးဝါးတွေကို ပြည်သူတွေ ရရှိသုံးစွဲနိုင်စေရေး တိုးချဲ့ဖွဲ့စည်းဖို့ လိုတယ်ဆိုပြီး တိုးချဲ့ဖွဲ့စည်းခဲ့တာပါ။

ပြည်သူတွေ ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးမီ ဆေးဝါးတွေ ရရှိသုံးစွဲခြင်းအားဖြင့် ကျန်းမာကြံ့ခိုင်ရေးကို အကြီးမားဆုံးအထောက်အကူဖြစ်မှာ ဖြစ်ပါတယ်။

မြန်မာစကားပုံရှိပါတယ်၊ အစားလည်းဆေး၊ ဆေးလည်းအစာ ဆိုတာပါ၊ အလားတူပဲ အဆိပ်လည်းဆေး၊ ဆေးလည်း အဆိပ်ဆိုတာလည်း ရှိပါတယ်။ ဒါကြောင့် ဆေးဝါးဟာ တန်ဆေး လွန်ဘေးဆိုသလို သေချာတိကျတဲ့ နည်းပညာတွေနဲ့ ထုတ်လုပ်ထားတာဖြစ်ဖို့လိုတယ်။ တိတိကျကျ စစ်ဆေးထားတာဖြစ်ဖို့လိုပါတယ်။ သူက ချက်ချင်းဒုက္ခပေးနိုင်လို့ပါပဲ။ ဒါကြောင့် ဆေးဝါးကို အလွန်ဂရုစိုက်ရပါတယ်။ ဆေးဝါးတွေ အရည်အသွေးပြည့်မီဖို့၊ အန္တရာယ်ကင်းရှင်းဖို့ အာနိသင်ထက်မြက်ဖို့ဆိုတဲ့ ဆေးဝါးနဲ့ပတ်သက်တဲ့ အရည်အချင်းသုံးခုကို နဂိုကတည်းက လုပ်ခဲ့တာပါ။

ပုံမှန် ဆောင်ရွက်နေတာရှိသလို အထူးကိစ္စအနေနဲ့ ဆောင်ရွက်နေတာလည်း ရှိပါတယ်။ ပုံမှန်ဆောင်ရွက်တာကတော့ တစ်တိုင်းပြည်လုံးမှာရှိတဲ့ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေး ဝန်ထမ်းတွေအပြင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနတို့က ဝန်ထမ်းတွေဟာ နီးနွယ်တဲ့ဌာနတွေဖြစ်တဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်၊ စားသုံးသူနဲ့ ပတ်သက်ပြီး ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတွေ၊ မြန်မာနိုင်ငံဆေးကုန်သည်များအသင်း၊ အခုဆိုရင် အသစ်ဖွင့်ထားတဲ့ စားသုံးသူရေးရာ ဦးစီးဌာန၊ စည်ပင်သာယာဝန်ထမ်းတွေပါ ပူးပေါင်းပြီး Market Servery ကို လုပ်ဆောင်လျက်ရှိပါတယ်။ တင်ပြလိုတာကတော့ ပုံမှန်လည်း အမြဲထိန်းကျောင်းနေတယ်။ အထူးကိစ္စအနေနဲ့လည်း ဆောင်ရွက်နေပါတယ်။

အခုအချိန်ကတော့ ပိုမိုအရှိန်မြှင့်လုပ်ဆောင်ရမယ့် အချိန်ဖြစ်ပါတယ်။ ပညာပေး လုပ်ငန်းတွေလုပ်ခဲ့တာလည်း ကြာပြီ။ ထိန်းသိမ်းခဲ့တာလည်းကြာပါပြီ။ ဥပဒေအရ အရေးယူခဲ့တာတွေလည်း ရှိပါတယ်။ ပိုမိုထိရောက်တဲ့ အရေးယူမှုတွေ လုပ်ဆောင်ဖို့ လိုလာပြီ။ ကျွန်တော်တို့လည်း ရက် ၁၀၀ စီမံချက်ထဲမှာ ပါတယ်။ ဆေးဝါးထိန်းသိမ်းကွပ်ကဲတာတွေကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေပါတယ်။ အန္တရာယ်ရှိတဲ့ ဆေးဝါးတွေကို လွယ်လွယ်သုံးစွဲနိုင်တဲ့ ဓလေ့ကို ပြည်သူတွေအနေနဲ့ သတိထားဆင်ခြင်သင့်ပါတယ်။

ဘာကြောင့်လဲဆိုတော့ နေရာတိုင်းမှာ လွယ်လွယ်ရချင်တာ လူ့သဘောသဘာဝပါ။ ဆေးကျတော့ ပြဿနာဘာရှိလဲဆိုတော့ တို့ ဒီဆေးတွေ သောက်နေတာပဲ ဘာဖြစ်လို့လဲ၊ ဒါတွေနဲ့ပဲ ကောင်းနေတာပဲ ဘာဖြစ်လို့လဲလို့ မသိနားမလည်တဲ့ လုပ်သားပြည်သူတွေ ထင်ယောင်ထင်မှား ဖြစ်စရာရှိတယ်။ ဆေးဆိုင်သွားဝယ်ရင်လည်း စပ်ဆေးရောင်းလိုက်တာပဲ၊ ပေးသမျှဆေး သောက်လိုက်တာပဲ၊ ထိုးသမျှဆေး ခံလိုက်တာပဲ၊ ဒါလေးနဲ့ပဲ ကောင်းသွားတာပဲလို့ ထင်ချင်ထင်နေလိမ့်မယ်။ ပြည်သူတွေအနေနဲ့ လွယ်လွယ်ရပြီးတော့ လွယ်လွယ်သုံးတဲ့ လူ့သဘာဝအရ အလွယ်ကြိုက်သော်ငြားလည်း ဆေးကိစ္စမှာ မိမိခန္ဓာကိုယ်ထဲကို ရောက်ရှိမယ့် ဆေးဝါးတွေကို ဆင်ခြင်ပြီးတော့မှ ကျွမ်းကျင်တဲ့ ဆရာဝန်တွေကိုပြဖို့လိုပါတယ်။ ဆေးဝါးတွေကို နိုင်ငံတော်အစိုးရက လုံလောက်အောင် ဖြည့်ဆည်းပေးထားပါတယ်။ FDA အနေနဲ့လည်း မှတ်ပုံတင်တာတွေကို သေချာစိစစ်ပြီးတော့မှ ဆေးဝါးတွေလည်း မပြတ်လပ်ရအောင်၊ စိစစ်ခြင်းကိုလည်း မလျော့ဘဲနဲ့ တင်သွင်းတဲ့ကိစ္စတွေမှာ ဖြေလျှော့မှုတွေ များများပေးပြီး တင်သွင်းစေလျက်ရှိပါတယ်။

ဒုတိယအနေနဲ့ မှတ်ပုံတင်ထားခြင်းမရှိတဲ့ ဆေးတွေကို လွယ်လွယ်ရ၊ လွယ်လွယ်ရောင်း၊ လွယ်လွယ်မြတ်၊ ဒါကိုသာယာနေကြတဲ့ လုပ်ကိုင်စားကြသူတွေလည်း ရှိမှာပါ၊ ကိုယ်ချင်းစာပါတယ်။ ဒါပေမယ့် ပြည်သူတွေမျက်နှာက အဲဒီလက်တစ်ဆုပ်စာဖြစ်တဲ့ လုပ်ငန်းရှင်တွေရဲ့မျက်နှာထက် ကြီးပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အနေနဲ့ လုပ်ငန်းရှင်တွေကို မေတ္တာရပ်ခံလိုတာကတော့ ဒါတွေဟာ အန္တရာယ်ကြီးမှန်း သိလျက်သားနဲ့ ဆက်ပြီးမလုပ်ကြဖို့ တိုက်တွန်းလိုပါတယ်။ သိလျက်သားနဲ့ လုပ်တာက ပိုအပြစ်ကြီးပါတယ်။

**ဒေါက်တာသီဂီဇင်၊ ညွှန်ကြားရေးမှူး**
**ဆေးဝါးဌာနခွဲ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေနဲ့ အရည်အသွေးစစ်မှန်ကောင်းမွန်ကာ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး အကျိုးသက်ရောက်မှုရှိတဲ့ ဆေးဝါးတွေကို အများပြည်သူတွေ သုံးစွဲနိုင်ဖို့ ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်မှုနဲ့ ဆေးဝါးတွေထုတ်လုပ်တာ၊ တင်သွင်းတာ၊ တင်ပို့တာ၊ သိုလှောင်တာ၊ ဖြန့်ဖြူးရောင်းချတာတွေကို စနစ်တကျ ဆောင်ရွက်လျက်ရှိပါတယ်။

နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အတွင်းရှိ ဈေးကွက်တွေက ဆေးဝါးတွေရဲ့အရည်အသွေးတွေကို စစ်ဆေးတာ၊ ဆေးဆိုင်တွေ စစ်ဆေးတာတွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစားအသောက်နဲ့ ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ အဖွဲ့နဲ့အတူ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာမှာ မှတ်ပုံတင်မရှိတဲ့ ဆေးဝါးတွေ၊ ရက်လွန်ဆေးဝါးတွေ၊ ဆေးဝါးအတုတွေ တွေ့ရှိရတဲ့အတွက် အဲဒီဆေးဆိုင်တွေရဲ့ ဆေးဝါးရောင်းချခွင့်လိုင်စင်ကို ကော်မတီရဲ့စီမံခန့်ခွဲမှုနဲ့ ကာလသတ်မှတ် ရုပ်သိမ်းခြင်း၊ ပညာပေးခြင်း၊ ခံဝန်ကတိ ရေးထိုးခြင်း၊ သတိပေးခြင်းတွေကို ၂၀၁၅ ခုနှစ်အတွင်းက ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

အမျိုးသား ဆေးဝါးဥပဒေအရ အရေးယူခဲ့တဲ့ အမှုပေါင်းဟာ ၂၀၁၅ ခုနှစ်မှာ ၅၁ မှု၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ မေလအတွင်း မှုခင်းရဲတပ်ဖွဲ့နဲ့ ပူးပေါင်းပြီး အရေးယူခဲ့တဲ့ အမှုပေါင်း ကိုးမှု၊ ရဲစခန်းက တင်ပြလာတဲ့ အမှု ၂၀ စုစုပေါင်း ၂၉ မှုတို့ကို အမျိုးသားဆေးဝါးဥပဒေအရ တရားစွဲဆိုအရေးယူခဲ့ပါတယ်။

တာဝန်သိ ပြည်သူတွေအနေနဲ့ မသင်္ကာစရာ ဆေးဝါးတွေနဲ့ စားသောက်ကုန်တွေကို တွေ့ရှိခဲ့ပါက www. fdamyanmar.gov.mm ကို ဆက်သွယ်ကာ ညွှန်ကြားရေးမှူးချုပ်ကို လိပ်မူပြီး သတင်းပေးပို့ တိုင်ကြားနိုင်ပါတယ်။

**ရဲမှူးကြီးအောင်ဌေးမြင့်**
**ဒုတိယဌာနကြီးမှူး၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့**

Operation Pangea ဆိုတာက အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့အစည်းက ဦးဆောင်ပြီးတော့ အဖွဲ့ဝင်နိုင်ငံတွေအားလုံးပါဝင်ပြီး တရားမဝင်ဆေးဝါးတွေ၊ နောက်ပြီးတော့ ဆေးဝါးအတုတွေ၊ စံမမီတဲ့ ဆေးဝါးတွေကို တိုက်ဖျက်တဲ့လုပ်ငန်းစဉ်ဖြစ်ပါတယ်။ အခု ဒီ Operation Pangea ဟာ ၂၀၀၈ ခုနှစ်ကနေစပြီးတော့မှ ဆောင်ရွက်ခဲ့ပါတယ်၊ ၂၀၁၆ ခုနှစ်မှာ လုပ်တဲ့ Operation Pangea ဟာ (၉)ကြိမ်မြောက် Interpol Operation တစ်ခုဖြစ်ပြီးတော့ ဒီ Operation မှာ Interpol အဖွဲ့ဝင်နိုင်ငံပေါင်း ၁၅၂ နိုင်ငံပါဝင်တာ ဖြစ်ပါတယ်။

Operation Pangea ဆိုတာက တရားမဝင်ဆေးဝါးတွေ၊ ဆေးဝါးအတုတွေ စံမမီတဲ့ဆေးဝါးတွေကို တားဆီးနှိမ်နင်းရေးဖြစ်ပါတယ်၊ တရားမဝင်ဆေးဝါးတွေဟာ လူတွေရဲ့ မျိုးရိုးဗီဇကိုလည်း ထိခိုက်ပျက်စီးမှုဖြစ်စေတယ်။ WHO ရဲ့ ၂၀၁၀ ပြည့်နှစ် အစီရင်ခံစာအရဆိုရင် ငှက်ဖျားကာကွယ်ဆေးဝါးမျိုးလို တချို့ဆေးဝါးတွေဟာ Third Generation အထိ လူသားမျိုးနွယ်တွေကို ဉာဏ်ရည်ဉာဏ်သွေးနိမ့်ပါးမှုတွေ ဖြစ်စေတယ်၊ ဒါဟာ လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုကို နောက်ကျစေတဲ့အတွက် ပူးပေါင်း တိုက်ဖျက်ဖို့လိုတယ်။ အဲ့ဒီလို တိုက်ဖျက်တဲ့နေရာမှာလည်း နိုင်ငံတစ်နိုင်ငံတည်းကပဲ ဖြေရှင်းလို့မရဘူး။ နိုင်ငံအားလုံး ပူးပေါင်းပါဝင်မှ ရမယ်ဆိုတဲ့ သဘောတူဆုံးဖြတ်ချက်နဲ့ နိုင်ငံအားလုံးပါဝင်ပြီးတော့ တရားမဝင်ဆေးဝါး တိုက်ဖျက်ရေးကို ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဒီ Operation ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ရယ်၊ FDA ရယ်၊ အကောက်ခွန်ဦးစီးဌာနရယ်၊ ကျွန်တော်တို့နဲ့ မိတ်ဖက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ရှိတဲ့သူတွေ အားလုံးပါဝင်ဖွဲ့စည်းပြီးတော့ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၅ ခုမှာ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

ရှစ်ရက်တာကာလ ဆောင်ရွက်မှုအရဆိုရင် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး စတဲ့ တိုင်းဒေသကြီး လေးခုနဲ့ ပြည်နယ်တစ်ခုမှာ တရားမဝင်ဆေးဝါးအတုတွေ ဖမ်းဆီးရမိခဲ့ပါတယ်။ ဒီဆေးတွေဟာ လူတွေရဲ့ကျန်းမာရေးကို ဆိုးဆိုးရွားရွား ထိခိုက်စေတဲ့ ဆေးဝါးတွေ ဖြစ်ပါတယ်၊ ဒါကိုကာကွယ်တားဆီးခြင်းဟာ ပြည်သူတွေရဲ့ ကျန်းမာရေးကိုသော်လည်းကောင်း၊ WHO ရဲ့ အစီရင်ခံစာအရကိုက သူ့ရဲ့ လူ့စွမ်းအားအရင်းအမြစ်ဖြစ်တဲ့ နောက်သားစဉ်မြေးဆက်အထိ ခံစားရမယ့် ရောဂါဝေဒနာတွေကို ကြိုတင်ကာကွယ်ပေးတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။

ကြိုတင် ကာကွယ်ဖို့အတွက် တားဆီးနှိမ်နင်းရေးတွေကို လုပ်ရပါတယ်၊ ကျွန်တော်တို့ဘက်ကတော့ ပထမအဆင့်အနေနဲ့ ဒါတွေကို တိုးတက်ပြီးတော့ ဖြစ်ပေါ်လာခြင်းမရှိအောင် အပိုင်း(၁)အနေနဲ့ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒုတိယပိုင်းအနေနဲ့က စံမမီဆေးဝါးဝင်ရောက်မှုတွေ၊ သုံးစွဲမှုတွေကို လျော့ချသွားနိုင်အောင်နဲ့ နောက်ဆုံးအဆင့်ကတော့ လုံးဝပပျောက်သည်အထိ တားဆီးနှိမ်နင်းရေးတွေကို တာဝန်ရှိတဲ့ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အခုလို ပူးပေါင်းဆောင်ရွက်တဲ့အခါမှာလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ တစ်ခုတည်းသာမကဘဲနဲ့ ဌာနဆိုင်ရာတွေအားလုံး ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ လူမှုအခြေပြု အဖွဲ့အစည်းတွေ၊ ကုမ္ပဏီတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေအားလုံးရဲ့ ပူးပေါင်းပါဝင်မှု လိုသလို ပြည်သူအားလုံးကလည်း ဆေးဝါးအတုရဲ့အန္တရာယ်တွေကို သိရှိပြီးတော့ ဒါတွေကို အားမပေးဖို့ လိုပါတယ်။

ပြည်သူအားလုံးရဲ့ ပူးပေါင်းပါဝင်မှု၊ တာဝန်ရှိအဖွဲ့အစည်းတွေရဲ့ ပါဝင်ဆောင်ရွက်မှုနဲ့ ဆေးဝါးအတု တိုက်ဖျက်ရေးကို အောင်မြင်စွာဆောင်ရွက်နိုင်မှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

**တာဝန်သိ ပြည်သူတွေအနေနဲ့ မသင်္ကာစရာ ဆေးဝါးတွေနဲ့ စားသောက်ကုန်တွေကို တွေ့ရှိခဲ့ပါက www. fdamyanmar. gov. mm ကို ဆက်သွယ်ကာ ညွှန်ကြားရေးမှူးချုပ်ကို လိပ်မူပြီး သတင်းပေးပို့တိုင်ကြားနိုင်**

# လယ်ယာသုံးစက်ပစ္စည်းများ လက်ငင်းနှင့် အရစ်ကျစနစ်များဖြင့်ရောင်းချပေးလျက်ရှိ

**နေပြည်တော် ဇွန် ၆**

စက်မှုဝန်ကြီးဌာန၌ လယ်ယာသုံးစက်နှင့် စက်ပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံ နှစ်ရုံဖြစ်သည့် အမှတ်(၁၆) အကြီးစားစက်ရုံ(ဆင်တဲ)၊ အမှတ်(၁၇)အကြီးစားစက်ရုံ(မလွန်)တို့တွင် လယ်ယာသုံးစက်ပစ္စည်းအမျိုးမျိုးအား တောင်သူလယ်သမားများ လက်လှမ်းမီသုံးစွဲနိုင်ရေးအတွက် လက်ငင်းငွေချေစနစ်အပြင် အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။ ငွေကျပ်သိန်း ၃၀ အောက် ပစ္စည်းများအား တစ်နှစ်ဆိုင်း နှစ်ရစ်ဆပ်ငွေချေစနစ်ဖြင့်လည်းကောင်း၊ ငွေကျပ်သိန်း ၃၀ အထက် ပစ္စည်းများအား နှစ်နှစ်ဆိုင်း သုံးရစ်ဆပ်ငွေချေစနစ်ဖြင့် လည်းကောင်း အာမခံစာချုပ် စာတမ်းထောက်ခံချက်တို့ဖြင့် စာချုပ်ချုပ်ဆို ရောင်းချလျက်ရှိသည်။ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချရာတွင် ပထမအရစ် အားလက်ငင်းပေးချေရမည်ဖြစ်သည်။ ငွေကျပ်သုံးသိန်းအောက် ပစ္စည်းများအား လက်ငင်းငွေချေစနစ်ဖြင့်သာ ရောင်းချလျက်ရှိသည်။

ပျော်ဘွယ်မြို့နယ် ကင်းတားရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ တောင်သူ ၁၀၀ ကျော်အား ဖိတ်ကြား၍ မေ ၂၇ ရက်က စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သည့် လယ်ယာသုံး စက်ပစ္စည်းများအား ပြင်ပထက်ဈေးနှုန်းချိုသာစွာဖြင့် နှစ်နှစ်ဆိုင်း အရစ်ကျရောင်းချပေးမည့် အစီအစဉ်တို့ကို တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့သည်။

ရောင်းချပြီးနောက် After Sales Service(ဝန်ဆောင်မှုလုပ်ငန်း)အနေဖြင့် တောင်သူများသို့ ဝန်ဆောင်မှုပေးရာတွင် ပစ္စည်းဝယ်ယူပြီး ခြောက်လအတွင်း လူကြောင့်မဟုတ်ဘဲ ပျက်စီးပါက ပစ္စည်းခနှင့် လက်ခမယူပြုပြင်ပေးကာ တစ်နှစ်အတွင်း ပျက်စီးပါက ပစ္စည်းခပေးဆောင်ရမည်ဖြစ်ပြီး လက်ခမယူ အိမ်တိုင်ရာရောက် ပြုပြင်ပေးမည်ဖြစ်သည်။ စက်ကိရိယာများအား စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းအသုံးပြုပုံများကို လုပ်ငန်းခွင်အရောက် သင်ကြားပြသပေးသွားမည်ဖြစ်သည်။ စက်အပိုပစ္စည်းများကိုလည်း အလွယ်တကူရရှိအောင် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

အဆိုပါ စက်ရုံ နှစ်ရုံမှ ထုတ်လုပ်သောပစ္စည်းများအား မှာယူလိုပါက စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) နေပြည်တော် ဖုန်း - ၀၆၇-၄၀၅၃၂၃/ ၀၆၇-၄၀၅၂၂၆/ ၀၆၇-၄၀၅၁၆၄/ ၀၉-၅၁၃၈၄၁၄/ ၀၉-၂၀၂၈၆၂၄/ ၀၉-၅၁၉၁၉၈၁ တို့သို့ လည်းကောင်း၊ အကြီးစားစက်ရုံ(မလွန်) ဖုန်း-၀၉-၂၅၆၂၂၁၂၈၃/ ၀၉-၂၅၆၂၂၁၂၈၄/ ၀၉-၂၅၆၂၂၁၂၈၅၊ ဖက်စ်-၀၆၅-၄၅၃၂၀ တို့သို့ လည်းကောင်း၊ အကြီးစားစက်ရုံ(ဆင်တဲ) ဖုန်း-၀၅၃-၄၀၁၆၅/ ၀၅၃-၄၀၀၂၆/ ၀၅၃-၄၀၀၂၈/ ၀၉-၃၁၄၄၆၉၆၃/ ၀၉-၇၉၆၆၂၂၃၃၃ တို့သို့ လည်းကောင်း ဆက်သွယ်မှာယူနိုင်ကြောင်း စက်မှုဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

# ဩစတြေးလျမုန်တိုင်းကြောင့် လူသုံးဦးသေဆုံး အိမ်များပြိုပျက်မှု အန္တရာယ်နှင့်ရင်ဆိုင်နေရ

**ဆစ်ဒနီ ဇွန် ၆**

ဩစတြေးလျအရှေ့ဘက်ကမ်းခြေတစ်လျှောက် အင်အားပြင်းမုန်တိုင်းဝင်ရောက်ပြီးနောက် လူသုံးဦးသေဆုံးခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဇွန် ၆ ရက်က ဖော်ပြခဲ့သည်။

နယူးဆောက်သ်ဝေးလ်တောင်ဘက် ဗစ်တိုးရီးယားနှင့် တက်စ်မေးနီးယားတို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများဆက်လက်တိုက်ခတ်လျက်ရှိကြောင်း သိရသည်။

ဆစ်ဒနီကော်လာရီကမ်းခြေ ရေတိုက်စားမှုကြောင့် ပြိုကျမှုအန္တရာယ်နှင့် ရင်ဆိုင်နေရပြီး အိမ်ထောင်စုများကိုလည်း ရွှေ့ပြောင်းမှုများ ပြုလုပ်ပေးလျက်ရှိသည်။ ယင်းလူနေအိမ်များ၏ တန်ဖိုးမှာလည်း ဒေါ်လာသန်းပေါင်းများစွာ ကုန်ကျခံထားခဲ့ကြောင်း သိရသည်။ ယခုအချိန်တွင် ယင်းအိုးအိမ်များကို လက်လွှတ်ရတော့မည့် အခြေအနေနှင့် ရင်ဆိုင်ရတော့မည်ဖြစ်သည်။

တစ်ပတ်အတွင်း နယူးဆောက်သ်ဝေးလ်ပြည်နယ်ရှိ အိမ်ပေါင်း ၈၆၀၀၀ မှာလည်း မုန်တိုင်းကြောင့် လျှပ်စစ်မီးများပြတ်တောက်လျက်ရှိကြောင်း သိရသည်။ တနင်္လာနေ့ကလည်း ကန်ဘာရာအနီး ကော့တာမြစ်အနီးတွင် အသက် ၃၇ နှစ်အရွယ် အမျိုးသားတစ်ဦး သေဆုံးနေသည်ကိုတွေ့ရပြီး ၎င်းသည်ရေလွှမ်းမိုးနစ်မြုပ်ခံခဲ့ရခြင်းဖြစ်သည်။

အခြားနှစ်ဦးအလောင်းများကိုလည်း ကားများအတွင်း ရဲများကတွေ့ခဲ့သည်။ ၎င်းတို့မှာ ရေစီးကြောင့် ကားများမျောပါသွားရာအတွင်းတွင် ပိတ်မိသေဆုံးနေခြင်းဖြစ်သည်။



ရေကြီးမှုသတိပေးချက်များကိုလည်း ပြည်နယ်အတော်များများတွင် ထုတ်ပြန်ထားသည်။ မြောက်ပိုင်း တက်စ်မေးနီးယားသည် ဆယ်စုနှစ်များအတွင်း ရေလွှမ်းမိုးမှုဒဏ်ကို အဆိုးရွားဆုံး ခံခဲ့ရကြောင်း သိရသည်။ **(ဘီဘီစီ)**

# အမေရိကန်သတင်းစာဆရာတစ်ဦးနှင့် စကားပြန်တစ်ဦး အာဖဂန်တွင်အသတ်ခံရ



**ကဘူးလ် ဇွန် ၆**

အမေရိကန် ဝါရင့်ဓာတ်ပုံသတင်းစာဆရာတစ်ဦးနှင့် NPR သတင်းဌာန အတွက် တာဝန်ထမ်းဆောင်နေသော စကားပြန်တစ်ဦးတို့သည် အာဖဂန်တောင်ပိုင်းရှိ အာဖဂန်တပ်ဖွဲ့နှင့်အတူ လိုက်ပါနေစဉ်တွင် အသတ်ခံရခြင်းဖြစ်ကြောင်း ဇွန် ၅ရက်က NPR သတင်းဌာနနှင့် စစ်ဘက်ဆိုင်ရာအရာရှိများက ပြောခဲ့သည်။

NPR သတင်းဌာနမှ ဒေးဗစ်ဂီလ်ကေးနှင့် အာဖဂန်စကားပြန် ဇာဘီဟူလာတာမာနာတို့သည် ဟဲလ်မန်၊ လက်ရှ်ကာဂါနှင့် မာဂျာပြည်နယ်များသို့ အာဖဂန်တပ်ဖွဲ့နှင့် အတူသွားရောက်ရာ ၎င်းတို့စီးနင်းလာသောယာဉ်သည် တာလီဘန်တို့၏ ချုံခိုတိုက်ခိုက်မှုကိုခံခဲ့ရသည်ဟု အာဖဂန်စစ်ဘက်မှ ပြောခွင့်ရှိသူ ရာကီအာမတ်တာဆာလ်က ရိုက်တာ သတင်းဌာနသို့ ပြောခဲ့သည်။

ယင်းတိုက်ခိုက်မှုသည် ဒေသစံတော်ချိန် ညနေ နှစ်နာရီခွဲဝန်းကျင်တွင် ဖြစ်ပွားခဲ့ပြီး ယာဉ်မောင်းတစ်ဦးနှင့် စစ်သားတစ်ဦးတို့လည်းသေဆုံးခဲ့သည်ဟု တာဆာလ်က ပြောခဲ့သည်။ ယင်းတို့နှစ်ဦးနှင့်အတူသွားရောက်သော NPRဝန်ထမ်းနှစ်ဦးမှာ ထိခိုက်မှုမရှိကြောင်း NPR သတင်းဌာနက ပြောခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့များက မာဂျာနှင့် လက်ရှ်ကာဂါကြားရှိလမ်းကို ယင်းဒေသတွင်း ပြင်းထန်သောတိုက်ခိုက်မှုအပြီး မကြာသေးမီကပင် ဖွင့်လှစ်ခဲ့သည်။ တိုက်ခိုက်မှု အသေးစိတ်နှင့် သတင်းစာဆရာများ သေဆုံးမှုကို ၂၀၅ ကြိမ်မြောက် အုပ်ချုပ်သူများ အစည်းအဝေးတွင် အတည်ပြုမည်ဖြစ်ကြောင်း ဗိုလ်ချုပ်မိုဟာမက်အေမင်က ပြောခဲ့သည်။

ဟဲလ်မန့်ဒေသတွင် တာလီဘန်တို့နှင့် နေတိုးကျောထောက်နောက်ခံ အစိုးရတပ်များကြား အပြင်းအထန်တိုက်ပွဲများရှိခဲ့သည်။ သတင်းစာဆရာများ ကာကွယ်ရေးကော်မတီ၏ ပြောကြားချက်အရ အာဖဂန်နစ္စတန်သည် မီဒီယာသမားများအတွက် အန္တရာယ်အရှိဆုံး နိုင်ငံတစ်ခုဖြစ်ပြီး ၁၉၉၂နှစ်မှစ၍ သတင်းစာဆရာအနည်းဆုံး ၂၇ဦးအသတ်ခံခဲ့ရကြောင်း ပြောခဲ့သည်။

**(ရိုက်တာ)**

# ရတနာဆိုင်အတွင်းမှ ငွေများ မျောက်တစ်ကောင် ခိုးယူ

**နယူးဒေလီ ဇွန် ၆**

အိန္ဒိယနိုင်ငံ အန်ဒရာပရာဒေ့ရှ်ပြည်နယ်၌ ကျွမ်းကျင်မှုရှိသော မျောက်တစ်ကောင်သည် သစ်သီးများပေးသည်ကို လျစ်လျူရှု၍ ရတနာဆိုင်အတွင်းသို့ဝင်ရောက်ကာ ဆိုင်အတွင်းအံဆွဲထဲမှ ငွေကြေးများ ခိုးယူခဲ့သည်။

လွန်ခဲ့သော လကဖြစ်ပွားခဲ့သည့် ခိုးမှုကို ဆိုင်အတွင်းစောင့်ကြည့်ကင်မရာဖြင့် မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ဗီဒီယိုမှတ်တမ်းများအရ မျောက်သည် တံခါးကို ဆွဲဖွင့်၍ ဆိုင်အတွင်း ဝင်ရောက်ခဲ့ကြောင်း တွေ့ရသည်။

ယင်းမျောက်သည် ဆိုင်အတွင်း မိနစ် ၂၀ ခန့် ထိုင်နေခဲ့၍ ဆိုင်မှစာရေးသည် ၎င်းကို ဆိုင်အတွင်းချန်ထားခဲ့ပြီး ငှက်ပျောသီးယူပေးခဲ့သည်။ မျောက်သည် ဆိုင်အတွင်း အံဆွဲကိုဆွဲလှပ်၍ ငွေများကို ၎င်း၏ ပါးစပ်အတွင်း ခိုးဝှက်ခဲ့သည်။

ဆိုင်စာရေးက ယင်းမျောက်ကို ငှက်ပျောသီးများပေးခဲ့သော်လည်း မျောက်က စိတ်မဝင်စားပေ။ ဆိုင်ပိုင်ရှင်က မျောက်မှာငှက်ပျောသီးကိုစိတ်မဝင်စားဟု ပြောခဲ့သည်။

ထို့နောက် မျောက်သည် ဒေါ်လာ ၁၅၀ ကို ယူဆောင်ကာ ထွက်ပြေးသွားခဲ့သည်။ အွန်လိုင်းမှတစ်ဆင့် ယင်းဗီဒီယိုကို ကြည့်ရှုလိုက်ရသူများက အဆိုပါမျောက်မှာ ခိုးယူရန်လေ့ကျင့်ပေးထားသော မျောက်ဖြစ်ကြောင်း ဝေဖန်ကြသည်။

ယင်းမျောက်သည် ဒုတိယအကြိမ် လာရောက်ခိုးယူခဲ့ခြင်းဖြစ်ပြီး ပထမတစ်ကြိမ်မှာ ဆိုင်၏အခြေအနေကိုလေ့လာလို၍ လာရောက်ခြင်းဖြစ်နိုင်ကြောင်း အချို့ကပြောသည်။

**(အင်န်အိတ်ချ်ကေ)**

# ဘယ်လ်ဂျီယံ၌ လူစီးရထားနှင့် ကုန်ရထားတိုက်မိ

**ဘရပ်ဆဲလ် ဇွန် ၆**

ဘယ်လ်ဂျီယံနိုင်ငံ Hermalle-Sous-Huy မြို့၌ ရထားတိုက်မှုဖြစ်ပွားရာ လူကိုးဦးသေဆုံးပြီး သုံးဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု သတင်းထောက်များက ပြောသည်။

ခရီးသည်တင်ရထားက ကုန်ပစ္စည်းတင်ဆောင်လာသောရထားကို နောက်မှဝင်တိုက်မိခြင်းဖြစ်သည်ဟု ဘယ်လ်ဂျီယံနိုင်ငံ မီးရထားလုပ်ငန်းမန်နေဂျာတစ်ဦးက ပြောသည်။ ရထားနှစ်စင်းမှာ လမ်းကြောင်းတစ်ခုတည်းပေါ်တွင် တိုက်မိခြင်းဖြစ်သည်ဟု မီးရထားလုပ်ငန်းက ပြောသည်။

ခရီးသည် တင်ဆောင်လာသောရထားမှာ ဆိုးဆိုးရွားရွား ပျက်စီးခဲ့သော်လည်း ကံကောင်းထောက်မ၍ တစ်ဦးတစ်ယောက်မျှ သေဆုံးခဲ့ခြင်းမရှိဟု မြို့တော်ဝန်က ပြောသည်။ Liege နှင့် Namur ကြား ခရီးသွားစဉ် ရထားပေါ်၌ လူ ၄၀ လိုက်ပါခဲ့ခြင်းဖြစ်ပြီး ကုန်တင်ရထားနှင့်တိုက်မိခြင်းဖြစ်သည်။ မီးရထားတွဲခြောက်တွဲမှ နှစ်တွဲမှာ ရထားသံလမ်းချော်ခဲ့သည်ဟု အမျိုးသားမီးရထားထိန်းချုပ်ရေးမှ ထုတ်ပြန်ကြေညာသည်။

**(ဘီဘီစီ)**



# ဖေ့ဘွတ်ခ်တည်ထောင်သူ၏ အကောင့် ဟက်ကာများ၏ ပစ်မှတ်ဖြစ်နေ

**နယူးယောက် ဇွန် ၆**

ဖေ့ဘွတ်ခ်တည်ထောင်သူ မာခ်ဇူကာဘတ်သည် ကမ္ဘာ့အကြီးဆုံး လူမှုမီဒီယာကို တည်ထောင်သူဖြစ်သော်လည်း ၎င်းသည်ပင်လျှင် ဟက်ကာများ၏ တိုက်ခိုက် မှုမှ မလွတ်နိုင်ပေ။ တွစ်တာ၊ အင်စထရာဂန်တို့အပါအဝင် ဖေ့ဘွတ်ခ် တည်ထောင်သူ၏ အကောင့်တို့ကို တနင်္ဂနွေနေ့က တိုက်ခိုက်ခြင်းခံရသည်ဟု ယူဆရသည်။

Ourmine ဟု ခေါ်သော ဟက်ကာအုပ်စုက ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း ပြောသည်။ ၎င်းဟက်ကာအုပ်စုတွင် တွစ်တာမှ နောက်လိုက် ၄၀၀၀၀ ကျော်ရှိသည်။

ယင်းအုပ်စုသည် ၎င်းတို့၏ တိုက်ခိုက်မှုအတွက် ကြွားဝါပြောဆိုခဲ့ပြီး မစ္စတာဇူကာဘတ်ကို ၎င်းတို့နှင့် ဆက်သွယ်ရန်ပြောခဲ့သည်။

**(ဘီဘီစီ)**

# တရုတ်-အမေရိကန် အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးပွဲကျင်းပ

**ပေကျင်း ဇွန် ၆**

အမေရိကန်နှင့် တရုတ်မှ ထိပ်တန်းအရာရှိများသည် (၈)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲကို ပြုလုပ်ခဲ့ကြပြီး တရုတ်နိုင်ငံ၏ တောင်တရုတ်ပင်လယ်၌ ပင်လယ်ရေကြောင်းလှုပ်ရှားမှုကဲ့သို့သောကိစ္စများသည် အထူးအလေးပေးဆွေးနွေးရမည့် ကိစ္စများဟု ခန့်မှန်းထားသည်။ နှစ်ရက်ကြာပြုလုပ်မည့် စီးပွားရေးနှင့် မဟာဗျူဟာမြောက် ဆွေးနွေးပွဲကို ပေကျင်း၌ပြုလုပ်ပြီး အိုဘားမားအစိုးရအဖွဲ့ နောက်ဆုံးတက်ရောက်သော ဆွေးနွေးပွဲဖြစ်သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့်ဘဏ္ဍာရေးဝန်ကြီး ဂျက်လူးတို့သည် အမေရိကန်အဖွဲ့ကို ဦးဆောင်တက်ရောက်သူများဖြစ်သည်။ တောင်တရုတ်ပင်လယ်အရေးအပါအဝင် ပင်လယ်ရေကြောင်း လုံခြုံရေးကို ဦးစားပေးဆွေးနွေးမည်ဟု ယူဆရသည်။ ထို့အပြင် မြောက်ကိုရီးယား နျူကလီးယားအရေးနှင့် ဒုံးကျည်ပစ်လွှတ်မှုများနှင့်ပတ်သက်၍ တရုတ်၊ အမေရိကန်နှစ်နိုင်ငံလုံးက ဆွေးနွေးပွဲ၌ ၎င်းတို့၏အမြင်များကို ဖလှယ်နိုင်သည်။ စီးပွားရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံ၌ စတီးပိုမိုထုတ်လုပ်နိုင်ရေးစာချုပ်ကိစ္စဆွေးနွေးမည်ဟု ယူဆရသည်။

**(အင်န်အိတ်ချ်ကေ)**

# ကိုလံဘီယာ၏ အောင်မြင်ချိန်နှင့် ဗင်နီဇွဲလား၏ကျဆုံးချိန်

**ကလျာမိုးမြင့်**

စစ်အေးတိုက်ပွဲပြီးဆုံးချိန်မှာ ကိုလံဘီယာဟာ ရာဇဝတ်မှုတွေကြီးစိုးတဲ့ စစ်ပွဲဇုန်ကြီးဖြစ်လာခဲ့ပြီး ကိုလံဘီယာရဲ့ အရှေ့ဘက် အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ဗင်နီဇွဲလားဟာ နယ်မြေတည်ငြိမ်အေးချမ်းတဲ့ ကျွန်းနိုင်ငံတစ်ခုအဖြစ်ရှိနေခဲ့ပါတယ်။ ယခုအခါမှာတော့ ကိုလံဘီယာဟာ ကမ္ဘာလှည့်ခရီးသွားများ မျက်စိအကျဆုံး ကမ္ဘာ့နိုင်ငံတွေထဲက တစ်ခုဖြစ်လာနေပြီး ဒီလိုအချိန်မှာ ဗင်နီဇွဲလားနိုင်ငံဟာ ပြိုလဲမယ့် ဆဲဆဲ အခြေအနေကို ရောက်ရှိနေခဲ့ပြန်ပါပြီ။

ကိုလံဘီယာနိုင်ငံမှာ စိတ်ရှုပ်ထွေးဖွယ်ရာ ပြဿနာပေါင်းသောင်းခြောက်ထောင်ကို တွေ့ကြုံခံစားနေခဲ့ရတာဟာ ရာစုနှစ်ထက်ဝက်ကျော်ကြာခဲ့ပြီဖြစ်ပြီး လူနှစ်သိန်းကျော်အသက်ဆုံးရှုံးခဲ့ရပါပြီ။ နိုင်ငံအတွင်းကနေ အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရတဲ့ ပြည်သူပေါင်း ငါးသန်းလောက်ရှိပါတယ်။ အသွားပါတဲ့ ချိန်းကြိုးတွေနဲ့ လူတွေကို ရက်ရက်စက်စက် အမဲဖျက်ပစ်တဲ့ လက်နက်ကိုင်တပ်သား တွေ၊ လူထောင်ပေါင်းများစွာကို ပြန်ပေးဆွဲသတ်ဖြတ်မှုတွေပြုလုပ်နေတဲ့ ကွန်မြူနစ်အစွန်းရောက်စစ်သွေးကြွအဖွဲ့တွေ ကြီးစိုးမင်းမူနေတာကြောင့် ခြေမချရတဲ့ နယ်မြေတစ်ခုဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် အစိုးရထက်တောင် ဩဇာတိက္ကမကြီးတဲ့ မူးယစ်မှောင်ခိုဂိုဏ်းတွေ လွှမ်းမိုးခဲ့တဲ့နေရာလည်း ဖြစ်ပါတယ်။

တစ်ချိန်တည်းမှာပဲ ဗင်နီဇွဲလားဟာ ဒီမိုကရက်တစ်ရွေးကောက်ပွဲတွေ ကျင်းပခဲ့ပြီး စီးပွားရေးတိုးတက်မှုရရှိအောင်ကြံဆောင်ခဲ့ပါတယ်။ ဒါကို လက်တင်အမေရိက တစ်ကြောမှာ ဆိုဗီယက် ကျောထောက်နောက်ခံပြုထားတဲ့ စစ်သွေးကြွများဟာ အမေရိကမှ ကူညီပံ့ပိုးပေးထားတဲ့ စစ်အုပ်ချုပ်နည်းစနစ်အားဖြင့် တိုက်ခိုက်ဖြိုလှဲပြစ်ခဲ့ပါတယ်။ သို့သော်လည်း ဗင်နီဇွဲလားနိုင်ငံမှာ ကွန်မြူနစ်တော်လှန်ရေး ပေါ်ပေါက်လာဖို့ ဆွပေးနေတဲ့ ကျူးဘားရဲ့ကြိုးပမ်းမှုကတော့ အဖျားရှူးသွားခဲ့ပါတယ်။

ဘာလင်တံတိုင်းကို ဖြိုချခဲ့ပြီးနောက် ကိုလံဘီယာမှလွဲ၍ နေရာအနှံ့အပြားမှာ ဆိုဗီယက်ထောက်ခံတဲ့ အင်အားစုများ အငွေ့ပျံပျောက်ကွယ်သွားခဲ့ပါတယ်။ အဲဒီခေတ် အချိန်အခါမျိုးမှာ ဘယ်မှာငွေကြေးရင်းနှီးမြှုပ်နှံရမလဲဆိုတဲ့ရွေးချယ်မှုမျိုးရှိလာခဲ့ရင် ဗင်နီဇွဲလားကိုသာ ရွေးချယ်မိကောင်းရွေးချယ်မိမှာဖြစ်ပါတယ်။ ဗင်နီဇွဲလားဟာ ဆင်းရဲမွဲတေမှု ဦးရေကြီးမားများပြားပြီး လူလတ်တန်းစားအနည်းငယ်သာရှိပေမယ့် ကမ္ဘာမှာရှိတဲ့ အခြားသောနိုင်ငံများထက် ရေနံကြွယ်ဝတဲ့ နိုင်ငံဖြစ်နေတာက တာသွားတဲ့အချက်ပါပဲ။ နိုင်ငံရေးအရလည်း တခြားနိုင်ငံတွေထက်တည်ငြိမ်မှုရှိနေတဲ့ အချိန်ဖြစ်ပါတယ်။

ထိုအချိန်မှာ လက်ရှိတာဝန်ယူသွားတဲ့ နီကိုလပ်စ်မဒူရိုဦးဆောင်သော ဆိုရှယ်လစ်ပြည်ထောင်စုပါတီ အစိုးရအဖွဲ့နဲ့ ခေါင်းဆောင်ဟောင်း ဟူဂိုချာဗက်ဇ်တို့ဟာ ရေနံကြွယ်ဝမှုကိုအသုံးချပြီး တိုင်းပြည်တိုးတက်ရေးအတွက် ဖြစ်ဖြစ်မြောက်မြောက် ဆောင်ရွက်သွားတာမျိုး မရှိခဲ့ပါဘူး။ အဲလိုဆောင်ရွက်ရမယ့်အစား ပါတီဟာ ကျူးဘားသမ္မတ ဖီဒယ်ကက်စထရို ရဲ့ ဆိုရှယ်လစ်ဝါဒကို အစွမ်းကုန် သွတ်သွင်းခဲ့ပါတယ်။ ချာဗက်ဇ်ဟာ



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ ကိုလံဘီယာလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (FARC) မှ ခေါင်းဆောင်များနှင့်ညှိနှိုင်းဆွေးနွေးစဉ်

ကက်စထရိုကို ၎င်းရဲ့ အကြံပေးပုဂ္ဂိုလ်အဖြစ် ခေါ်တွင်ခဲ့ပြီး ဗင်နီဇွဲလားနိုင်ငံကို နိုင်ငံတော်က လုံးဝအာဏာယူထားတဲ့ တစ်ပါတီအာဏာရှင်စနစ်အောက် သို့ ကျရောက်စေခဲ့ပါတယ်။

၎င်းတို့ဟာ ဒီစနစ်ကို ဘယ်သောအခါမှ ဆွဲနုတ်ဖယ်ရှားဖို့ မစဉ်းစားခဲ့ကြပါဘူး။ ပြီးခဲ့တဲ့ သီတင်းပတ်က ဝါရှင်တန်ပို့စ်မှာ ဗင်နီဇွဲလားနိုင်ငံကို ကျရှုံးနေတဲ့ နိုင်ငံတစ်ခုအဖြစ် ရေးသား ဖော်ပြခြင်းခံခဲ့ရပါတယ်။ "အလွန်ကြွယ်ဝချမ်းသာတဲ့အခြေအနေကနေ ဆင်းရဲမွဲတေမှုနဲ့ အဆုံးသတ်သွားတဲ့နိုင်ငံမျိုး မရှိခဲ့သေးဘူး" ဆိုပြီး ရေးသားခဲ့တာပါ။ အစိုးရဟာ စီးပွားရေးကို ထိန်းချုပ်ဖို့ ကြိုးစားရာကနေ ရှုံးနိမ့်ပျက်ပြားစေခဲ့ပါတယ်။

အမှန်စင်စစ် ဆိုရှယ်လစ်ဝါဒဆိုတဲ့ အမည်နာမအောက်မှာ ဗင်နီဇွဲလားဟာ သေခြင်းတရားထက် ခါးသီးတဲ့အရာတွေကိုရရှိခဲ့ပြီး အရှင်လတ်လတ်ငရဲပြည်ကို ကျရောက်ခဲ့ရပါတော့တယ်။ နိုင်ငံမှာရှိတဲ့ ကုန်လှောင်ရုံမှန်သမျှဟာ ဗလာကျင်းခဲ့ပြီး ဆေးရုံမှန်သမျှဟာ ဆေးဝါးပြတ်တောက်ကာ တစ်နိုင်ငံလုံး အမှောင်အတိ ဖုံးလွှမ်းခဲ့ရပါတယ်။

ငွေကြေးဖောင်းပွမှုနှုန်းဟာလည်း ယခုနှစ်မှာ ၅၀၀ ရာခိုင်နှုန်းနီးပါးရှိနေပြီး လာမယ့်နှစ်မှာ ဆိုရင် ၁၅၀၀ ရာခိုင်နှုန်းထိတောင် ပိုလာမယ်လို့ ခန့်မှန်းကြပါတယ်။ ဟိုတယ်တွေမှာ အိမ်သာသုံးစက္ကူတောင် မရှိတော့တဲ့အခြေအနေ ဖြစ်နေပြီး ဧည့်သည်တွေကို ကိုယ်တိုင်ယူဆောင်လာကြဖို့ မေတ္တာရပ်ခံရတဲ့အထိ နိုင်ငံဟာ ဆိုရှယ်လစ်ဝါဒရဲ့ နောက်ဆုံးအဆင့်ကို ရောက်ရှိနေခဲ့ပြီပဲ ဖြစ်ပါတယ်။

နိုင်ငံတစ်ဝန်းခိုးဆိုးလုယက်မှုတွေဟာ ကျေးလက်တောရွာတွေပါမကျန် ဖြစ်ပွားနေပါတယ်။ ရဲအရာရှိတွေဟာလည်း အစိုးရရဲ့အကွေ့ကောက်နဲ့ ဖိနှိပ်မှုတွေကို ကာကွယ်နေရတဲ့အတွက် ရာဇဝတ်မှုတစ်ချို့တလေကိုတောင်မှ ထိန်းသိမ်းဖြေရှင်း နိုင်စွမ်းမရှိကြတော့ပါဘူး။ ယခုဆိုရင် ရာဇဝတ်မှုတွေဟာ ဗင်နီဇွဲလားရဲ့နေရာတိုင်းမှာ တွေ့မြင်နေကျဖြစ်ခဲ့ပြီလေ။

ဒီလိုအချိန်မှာ ကိုလံဘီယာနိုင်ငံကတော့ မထင်မှတ်ဘဲငရဲခန်းမှ လွတ်မြောက်လာခဲ့ပြီး တိုးတက်ပြောင်းလဲလာပါတယ်။ ၁၉၉၀ ပြည့်နှစ်အတွင်း ကိုလံဘီယာမှာ ဖြစ်ပျက်ခဲ့တာတွေဟာ အိပ်မက်တစ်ခု လိုဖြစ်ခဲ့ပါပြီ။ ၁၉၉၀ပြည့်နှစ် အထိ ကိုလံဘီယာမှာ လူပေါင်း ၆၀၀၀ ကျော် သတ်ဖြတ်ခြင်းခံခဲ့ရပါတယ်။ အခုအခါမှာတော့ မက်ဒယ်လင် မူးယစ်မှောင်ခိုအဖွဲ့ရော ကာလီကုန်သည် လက်ဝါးကြီးအုပ်အဖွဲ့ပါ မရှိကြတော့ပါဘူး။ FARC (ကိုလံဘီယာလက်နက်ကိုင်တော်လှန် ရေးအဖွဲ့)လည်း သိပ်များများ မကျန်ရှိ တော့တဲ့အပြင် ကျန်ရှိနေသေးတဲ့ အဖွဲ့တွေကလည်း အစိုးရနဲ့ငြိမ်းချမ်းရေး စေ့စပ်ညှိနှိုင်းမှုပြုလုပ်ထားပြီဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ကိုလံဘီယာရဲ့ ဒုတိယအကြီးဆုံးမြို့တော် မက်ဒယ်လင်မှာ ရာဇဝတ်မှုဖြစ်ပွားမှုနှုန်းဟာ ၉၅ ရာခိုင်နှုန်းလောက်ထိ အတော်လေးလျော့ကျသွားခဲ့ပါတယ်။ မက်ဒယ်လင်လို မြို့ပြအချို့ကိုဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ မြို့တော်အတွင်းအများပြည်သူစာကြည့်တိုက်များ၊ ပန်းခြံများ တည်ဆောက်ခဲ့ပြီး တောင်ကုန်းဒေသတွေမှာ ကျောင်းတွေတည်ဆောက်ခဲ့ပါတယ်။ မြို့တော်ရှိ စီးပွားရေးနဲ့ စက်မှုလုပ်ငန်းအချက်အချာနေရာများနဲ့ အနီးဝန်းကျင်များသို့ ပို့ဆောင်ဆက်သွယ်ရေးလမ်းကြောင်း ချိတ်ဆက်မှုများ ပြုလုပ်ခဲ့ပါတယ်။ လူမှုရေးမြှင့်တင်မှုနဲ့ ပတ်ဝန်းကျင်ဆိုင်ရာမြှင့်တင်မှု စသည်ဖြင့် အဘက်ဘက်က ကြိုးပမ်းခဲ့ပါတယ်။ ဒါကြောင့်လည်း ၂၀၁၂ ခုနှစ်မှာ သယ်ယူပို့ဆောင်ရေးနဲ့ဖွံ့ဖြိုးတိုးတက်မှု ဥပဒေဆိုင်ရာအဖွဲ့ရဲ့ အသိအမှတ်ပြုမှုကို ရရှိခဲ့ပါတယ်။ကိုလံဘီယာမှာ ဖြစ်ပျက်ခဲ့တဲ့ မျှော်လင့်ချက်ကင်းမဲ့မှုမျိုးကို အခု ဗင်နီဇွဲလားမှာ ရင်ဆိုင်နေရပါပြီ။

**ကိုးကား- World Affair Journal**

**အမှန်စင်စစ် ဆိုရှယ်လစ်ဝါဒဆိုတဲ့ အမည်နာမအောက်မှာ ဗင်နီဇွဲလားဟာ သေခြင်းတရားထက် ခါးသီးတဲ့အရာတွေကိုရရှိခဲ့ပြီး အရှင်လတ်လတ်ငရဲပြည်ကို ကျရောက်ခဲ့ရပါတော့တယ်**



ကုန်ပစ္စည်းပြတ်တောက်နေသော ဗင်နီဇွဲလားရှိ အရောင်းဆိုင်များ

## ထိုင်းနိုင်ငံ အရှေ့ဘက်ဆိပ်ကမ်းတွင် ရေနံတင်သင်္ဘောတစ်စင်းမီးလောင်မှုဖြစ်

**ဗန်ကောက် ဇွန် ၆**

ဇွန် ၆ ရက်က ရေနံတင်သင်္ဘောတစ်စင်း ထိုင်းနိုင်ငံအရှေ့ဘက် ဆိပ်ကမ်းဖြစ်သော လမ်ချဘန်အနီး မီးလောင်ခဲ့ရာ လူတစ်ဦး အပြင်းအထန်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

တန် ၂၀၀၀၀ ရှိသင်္ဘောကြီးကို ကမ်းခြေသို့ဆိုက်ကပ်လာစဉ် ဒေသစံတော်ချိန် ညနေ ၃နာရီ မိနစ် ၄၀ ခန့်တွင် မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အသက် ၂၄နှစ်အရွယ်ရှိ ထိုင်းအလုပ်သမားတစ်ဦး ဒဏ်ရာအပြင်းအထန်ရရှိသွားကြောင်းသိရသည်။ ၎င်း၏ခန္ဓာကိုယ်မှာ ၈၀ ရာခိုင်နှုန်းလောက်မီးလောင်သွားခဲ့ပြီး ဆေးရုံသို့ အလျင်အမြန်ပို့ဆောင်ခဲ့ရသည်။

မီးလောင်မှုဖြစ်ပွားရာနေရာတွင် ရဲများက ဝန်းရံထားပြီး မီးသတ်သမားလေးဦးကို မီးငြိမ်းသတ်ရန် စေလွှတ်လိုက်သည်။ မီးသတ်သမားများသည် မီးညွန့်ကျိုးအောင် ငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်မှုဖြစ်ပွားရခြင်းကို စုံစမ်းလျက်ရှိကြောင်းသိရသည်။

လမ်ချဘန်ဆိပ်ကမ်းသည် ထိုင်းနိုင်ငံ၏အကြီးဆုံးဆိပ်ကမ်းတစ်ခုဖြစ်ကာ ပတ္တယားနှင့် ၂၅ ကီလိုမီတာလောက်သာဝေးကြောင်း သိရသည်။ ယင်းဆိပ်ကမ်းသည် ၂၅၇၂ ဧကရှိကာ ကုန်တင်သင်္ဘောကြီးများဆိုက်ကပ်နိုင်သော ဆိပ်ကမ်းဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**



# မော်ချီး၌ အနာဂတ်အလင်းတန်းကျေးရွာအသစ် ဖွင့်ပွဲကျင်းပ

မော်ချီး ဇွန် ၆

**ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက နိုင်ငံတွင်း သဘာဝဘေးအန္တရာယ်ကျရောက်သည့် နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အနက် ၂၀၁၅ ခုနှစ်အတွင်း ကယားပြည်နယ် မော်ချီးဒေသ မြေပြိုမှုများကြောင့် သဘာဝဘေးသင့်ခဲ့သည့် ဒေသခံတိုင်းရင်းသားများနေထိုင်ရန်အတွက် ရွာအသစ် တည်ဆောက်လှူဒါန်းခဲ့ရာ ဒေသခံပြည်သူများက အနာဂတ်အလင်းတန်းရွာဟု အမည်ပေးခဲ့ကြပြီး အဆိုပါကျေးရွာ အသစ်တည်ဆောက်ပြီးစီးခြင်း အထိမ်းအမှတ်နှင့် ကျေးရွာဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ယင်းကျေးရွာ၌ ကျင်းပသည်။**



ရှေးဦးစွာ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ ဒေါ်ယုဝေမောင်က ရွာသစ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရွာသစ်ကို ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နန်းခမ်းနောင့်နှင့် ဒုတိယဥက္ကဋ္ဌ(၂) ဒေါ်နန်းမိုဟွမ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ **(အပေါ်ပုံ)** ကျေးရွာသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် ဒေသစိမ်းလန်းစိုပြည်စေရေး အထိမ်းအမှတ်သစ်ပင်များ စိုက်ပျိုးကြသည်။

ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်း၍ အဆိုပါကျေးရွာတွင် နေအိမ်အလုံး ၆၀၊ စာသင်ကျောင်းဆောင်တစ်ဆောင်၊ စာကြည့်တိုက်တစ်လုံး၊ ရေသိုလှောင်ရန် ရေဂါလန် ၅၀၀၀ ဆံ့ တစ်လုံး၊ ဂါလန် ၃၀၀၀ ဆံ့ နှစ်လုံးနှင့် နေအိမ်များအရောက် ရေပိုက်သွယ်တန်းပေးခြင်း၊ လျှပ်စစ်မီးအတွက် ၁၀၀ ကေဗွီ အေထရန်စဖော်မာတစ်လုံး၊ အိမ်သုံးမီတာ ၆၂ လုံးနှင့် ရွာအတွင်း မြေသားလမ်းများ ဖောက်လုပ်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ဖောင်ဒေးရှင်းသည် ၂၀၀၇ ခုနှစ်မှ စတင်ကာ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုး၊ အခြားပရဟိတလုပ်ငန်းများ၊ မြန်မာနိုင်ငံအနှံ့အပြား၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သော ကောလင်း၊ ဝန်းသို၊ ကလေး၊ ဟားခါး၊ စေတုတ္တရာ၊ ပွင့်ဖြူ၊ စကု၊ ရခိုင်နှင့် မော်ချီးမြို့များ၏ ရေကြီးရေလျှံတောင်ပြိုမှုဖြစ်စဉ်များနှင့် (Water Supply Project) စီမံကိန်းတို့အတွက် စုစုပေါင်းငွေကျပ် ၁၀၀ ဘီလီယံကျော် လှူဒါန်းအသုံးပြု၍ နိုင်ငံနှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ်မှစ၍ ယခုအချိန်ထိ မြန်မာပြည် အနှံ့အပြားတွင် တူးဖော်အောင်မြင်ခဲ့သော အဝီစိစက်ရေတွင်းပေါင်း ၇၆ တွင်း၊ ရေလှောင်ကန်ပေါင်း ၉၈ ခု၊ ရေတိုင် ၂၆၂ တိုင်တို့ကို လည်းကောင်း၊ ရေရှားပါးအခက်အခဲဖြစ်ရာ နေရာများတွင် ဒေသခံပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ရေသယ်ယာဉ် ၄၃ စီးဖြင့် ရေဖြန့်ဝေပေးခြင်းတို့ကိုလည်းကောင်း ဆောင်ရွက်ခဲ့ပြီး ရှမ်း၊ ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ လီဆူး၊ အာခါ၊ ယင်း၊ ပဒေါင်၊ ကယား၊ ကရင်၊ ဗမာ စသည့် ဒေသခံတိုင်းရင်းသားများ၊ ဘုန်းတော်ကြီးကျောင်း ၆၀ ကျော်၊ စာသင်ကျောင်း ၄၉ ကျောင်း၊ ဆေးရုံ ၁၁ ရုံနှင့် မီးသတ်ဌာန ၁၂ ခုတို့အတွက် လုံလောက်သော သောက်သုံးရေများ ပံ့ပိုးပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

ရေဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ် ပန်းပုကွင်းကျေးရွာ နဂါးရစ်တောင် ဓမ္မပါလတောရကျောင်း၌ သီတင်းသုံးလျက်ရှိသော နဂါးရစ်တောင် ဆရာတော်ဦးဝိသုဒ္ဓနှင့် တပည့်သားသမီးများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်သိန်း ၁၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသန်းထွန်းနှင့်အဖွဲ့ဝင် ဦးထွန်းဦးတို့ လက်ခံယူစဉ်

(သတင်းစဉ်)




## အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်

နေပြည်တော် ဇွန် ၆

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

(မိုး/ဇလ)

# ဇွန် ၆ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် ဇွန် ၆ ရက် (တနင်္လာနေ့)ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၁၀၀၀ မှ ၄၂၀၀၀ |
| ၂။ | ညှော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၃၅၀၀ |
| ၃။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၁၅၀၀ |
| ၄။ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၅၀၀ မှ ၃၀၀၀၀ |
| ၅။ | မိုးသုခ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၅၀၀၀ မှ ၂၆၀၀၀ |
| ၆။ | နှမ်းသီးထပ်(ရှယ်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၀၀၀ မှ ၁၉၅၀၀ |
| ၇။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၆၇၅၀၀၀ |
| ၈။ | ပဲစင်းငုံ RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၇၉၀၀၀ |
| ၉။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ပဲခူး၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၀၀ မှ ၁၇၀၀ |
| ၁၀။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြင်းခြံ၊ ပျော်ဘွယ်၊ မုံရွာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၇၅ မှ ၆၃၅ |
| ၁၁။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၂၀၀ မှ ၃၃၅၀ |
| ၁၂။ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၁၀၀ မှ ၃၇၀၀ |
| ၁၃။ | ငရုတ်ရှည် | ဝါးခယ်မ၊ ရွှေလောင်း၊ ပန်းတနော်၊ အိန္ဒိယ၊ အိမ်မဲ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၆၀၀ မှ ၃၃၅၀ |
| ၁၄။ | ငရုတ်(မိုးထောင်) | ညောင်ရမ်း၊ ကျောက်စိမ်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၉၀၀ မှ ၃၃၅၀ |
| ၁၅။ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၀၀ မှ ၉၄၀ |
| ၁၆။ | သရက်သီး(စိန်တစ်လုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၉၀၀၀ မှ ၁၆၀၀၀ |
| ၁၇။ | သရက်သီး(ရင်ကွဲ) | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၃၅၀၀၀ မှ ၄၀၀၀၀ |
| ၁၈။ | မင်းကွတ်သီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀ မှ ၁၅၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။

**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင် တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲကို မေလနောက်ဆုံးပတ်က ရန်ကုန်အနောက်ပိုင်းခရိုင် ပညာအလင်း ခေတ်မီစာကြည့်တိုက်၌ ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်မော်က မူးယစ်ဆေးဝါး အန္တရာယ်အကြောင်း ရှင်းလင်းဟောပြောနေစဉ်**

အောင်မြင့်(ပြန်/ဆက်)



### ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ အထက(၂) (မြဝတီ)၊ တတိယတန်း(က)မှ မဟေမာန်ထူး၏ ဖခင်အမည်မှန်မှာ ဦးစောသိန်းထိုက်စိုး ၁၀/ကထန(နိုင်)၁၀၆၂၆၅ဖြစ်ပါကြောင်း။

**ဦးစောသိန်းထိုက်စိုး**

**Aung's College (Tu Tu - Su Su)**

**ENGLISH Speaking & Phonetics /Grammar**

ပို့ဆောင်ဆက်သွယ်ရေး/ ငွေ/ ကြေး-ဒုဦးစီးမှူး/ အငယ်တန်းစာရေး

ရသုံးမှန်းခြေ-စိစစ်ရေးမှူး(၂) သင်တန်းစတော့မည်

၁၀၆၊စဉ့်အိုးတန်းလမ်း၊လသာ။ ဖုန်း- 250727,09-5163884

### ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက် သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေး (Extra-ordinary General Meeting)၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး(Annual General Meeting) ဖိတ်ကြားလွှာ

ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်သည် သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေး (Extra-ordinary General Meeting)နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှင့် နှစ်ပတ်လည် အထွေထွေအစည်းအဝေး(Annual General Meeting)တို့ကို အစဉ်အတိုင်း အချိန်ပိုင်းခြား၍ တစ်ခုစီသီးသန့် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အစုရှယ်ယာရှင်များ အားလုံး တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစည်းအဝေး ကျင်းပမည့်ရက်** - ၂၇-၆-၂၀၁၆ ရက်

**အစည်းအဝေး စတင်ကျင်းပမည့်အချိန်** - နံနက် ၉နာရီ

**အစည်းအဝေး ကျင်းပမည့်နေရာ** - ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်

အစုရှယ်ယာရှင် တစ်ဦးချင်းထံသို့လည်း ဖိတ်စာများပေးပို့ပေးမည်ဖြစ်ပါသည်။ အစည်းအဝေးနှင့် ပတ်သက်၍ အသေးစိတ် သိရှိလိုသည်များရှိပါက ဖုန်း-၀၆၇-၄၂၁၉၄၁သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်**

### Accounting & Auditing Fair (2016) ပြပွဲတွင် ပါဝင်လိုသည့်အသင်းအဖွဲ့အစည်းများအား ဖိတ်ခေါ်ခြင်း

စာရင်းနှင့်စာရင်းစစ်ပညာဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ထောင်စုစာ ရင်းစစ်ချုပ်ရုံး ရက်၁၀၀စီမံချက်၏ ပထမအစီအစဉ်ဖြစ်သော Accounting & Auditing Fair (2016)ကို ၂၀၁၆ ခုနှစ် ဇူလိုင် ၉ရက်နှင့် ၁၀ရက်(စနေနေ့နှင့်တနင်္ဂနွေနေ့)များတွင် ရန်ကုန်မြို့၊ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံတွင် ကျင်းပမည်ဖြစ်ပါ၍ ပြပွဲတွင်ပါဝင်လိုသော စာရင်းပညာနှင့် သက်ဆိုင်သည့် စိတ်ဝင်စားသောအသင်း၊ အဖွဲ့အစည်းများသည် ဦးအောင်နိုင်မောင်မောင်(ဖုန်း-၀၁-၅၀၅၆၄၂၊ ၀၁-၅၃၄၁၆၀)နှင့် ဦးသန်းထွန်း (ဖုန်း-၀၁-၂၂၃၁၄၃) တို့သို့ ၁၅-၆-၂၀၁၆ရက် ညနေ ၄း၃၀ နာရီထက် နောက်မကျဘဲ ဆက်သွယ်သတင်းပေးပို့ရန် ဖိတ်ခေါ်အပ်ပါသည်။

**ပြပွဲဖြစ်မြောက်ရေးကော်မတီ**

### ဖခင်အမည်မှန်

ဒလမြို့၊ အမက(၉)၊ တတိယတန်းမှ မောင်ချမ်းမြေ့အောင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းဝင်းဖြစ်ပါကြောင်း။

**ဦးထွန်းဝင်း**

### အမည်ပြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဒဟ(၃၃)လမ်း၊ အမှတ်(၁၂၀၂)နေ ဦးကံလှ၏သား ဦးတိုး ၁၂/သဃက(နိုင်)၀၂၉၈၆၀ အား ဦးတိုးအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **ဦးတိုးအောင်**

### ငြင်းချက်ထုတ်ရန် သမ္မန်စာ တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀ တာမွေမြို့နယ် တရားရုံးတော်၌ ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ်(၁)

ဒေါ်သန်းမြင့် **တရားလို**
(၎င်း၏အခွင့်ရကိုယ်စားလှယ် မေသီရိ) **နှင့်**
ဒေါ်ခင်မမ **တရားပြိုင်**

တာမွေမြို့နယ်၊ အမှတ် (၉၆)၊ ၁၅၅လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့ နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်ခင်မမသိစေရမည်။

သင့်အပေါ်၌ ဒေါ်သန်းမြင့်က အိမ်ငှားနှင့်ထုတ်ဖယ်ရှားပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ်၊ ဇွန် ၃၀ရက်၊ (၁၃၇၈ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားစွဲဆိုသည့်အမှုကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ သင်ကထုချေတင်ပြအမှီပြုလိုသည့် အချက်အလက်များကို သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်အတွင်း တင်သွင်းရမည်။

၂၀၁၆ခုနှစ်၊ ဇွန် ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကေသီလှိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တာမွေမြို့နယ်တရားရုံး**



နမ့်ခမ်း-နမ့်ဖတ်ကာသွား ကားလမ်းပိုင်းတစ်နေရာ

# နမ့်ခမ်း-လားရှိုး ခရီးသည်တင်ယာဉ်ငယ်တစ်စီးပျောက်ဆုံးနေ

**နမ့်ခမ်း ဇွန် ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်နှင့် လားရှိုး ပြေးဆွဲနေသော ခရီးသည်တင်ယာဉ်ငယ်တစ်စီး ဇွန် ၅ ရက်က ပျောက်ဆုံးသွားကြောင်း သိရသည်။

အဆိုပါပျောက်ဆုံးသွားသောယာဉ်ကို နမ့်ခမ်းမြို့နယ် နမ့်တီးကျေးရွာတွင်နေထိုင်သော စိုင်းရီဆိုင်မိန်း(၂၉ နှစ်)က မောင်းနှင်ကာ ဇွန် ၅ ရက် နံနက် ၇ နာရီခန့်တွင် ခရီးသည်ငါးဦး ကိုတင်ဆောင်ပြီး လားရှိုးမြို့သို့ထွက်ခွာခဲ့ရာ ယနေ့အထိ ဖုန်းဖြင့်ဆက်သွယ်ခြင်း၊ လိုက်လံရှာဖွေခြင်းပြုသော်လည်း နမ့်ဖတ်ကာ၊ ကွတ်ခိုင်၊ သိန်းနီ၊ လားရှိုးသို့ရောက်ရှိလာခြင်း မရှိဘဲ နမ့်ခမ်းနှင့် နမ့်ဖတ်ကာကြားတွင် ပျောက်ဆုံးနေကြောင်း နမ့်တီးကျေးရွာအုပ်ချုပ်ရေးမှူးက နမ့်ခမ်းမြို့မရဲစခန်းသို့ လာရောက်အကြောင်းကြားခဲ့သည်။ နမ့်ခမ်း-နမ့်ဖတ်ကာ လမ်းသည် လမ်းခရီးတိုပြီး မူဆယ်မှသွားလျှင် ယာဉ်ကြောပိတ်ဆို့မှုရှိသဖြင့် ယင်းလမ်းမှ သွားခြင်းဖြစ်သည်။

ပျောက်ဆုံးနေသောယာဉ်မှာ Fielder (တိုယိုတာ) ယာဉ်အမျိုးအစားဖြစ်ပြီး ယာဉ်နံပါတ်အနီ FF/9723 ဖြစ်ကာ ပျောက်ဆုံးသွားသော ယာဉ်ကို တာဝန်ရှိသူများက ပြန်လည် တွေ့ရှိရေး စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။

နမ့်ခမ်း-နမ့်ဖတ်ကာတောင်ပေါ်လမ်း(၁၃)မိုင်လမ်းအတိုင်း ယာဉ်မောင်း စိုင်းရီဆိုင်မိန်းအပါအဝင် ခရီးသည်ငါးဦးနှင့် ထွက်ခွာသွားသော အဆိုပါယာဉ်မှာ ဇွန် ၆ ရက် အထိ နမ့်ဖတ်ကာကိုပင်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးနေပြီး ဆက်သွယ် မရကြောင်း သိရသည်။

ယခုအချိန်ထိ နမ့်ဖတ်ကာသို့ ရောက်ရှိခြင်းမရှိဘဲ နမ့်ခမ်း-နမ့်ဖတ်ကာတောင်ပေါ် လမ်းကြောင်းတွင် ပျောက်ဆုံး နေသဖြင့် မိသားစုဝင်များ စိုးရိမ်လျက်ရှိကြောင်း သိရသည်။

(၁၁၈)

# ကောလင်း၌ လေယာဉ်ပုံးဟုယူဆရသော ဗုံးသီးတစ်လုံးတွေ့ရှိ

**ကောလင်း ဇွန် ၆**



စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် သပြေအိုင်အုပ်စု ချောင်းကွေ့ကျေးရွာနေ ဦးဖိုးပေါ် (၄၀ နှစ်) တောင်သူလုပ်ကိုင်သူသည် ချောင်းကွေ့ကျေးရွာ စင်လင်ချောင်း အတွင်း သဲသောင်ပြင်မှ သဲများအား လှည်းဖြင့်သယ်ယူရန် တူးဖော်နေစဉ် အရှည် ၂၀ လက်မ၊ လုံးပတ် ၁၃ လက်မ အရွယ်အစားရှိ လေယာဉ်ဗုံးဟုယူဆ ရသော ဗုံးသီးတစ်လုံး တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ လေယာဉ်ဗုံးဟုယူဆရ သော ဗုံးသီးတစ်လုံးကို ကောလင်း မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ် သန်းမင်းဌေးနှင့် အဖွဲ့ / နယ်မြေခံ တပ်မှ တပ်ကြပ်ကြီး တင်ရှိန်တို့ သွား ရောက်ကြည့်ရှုခဲ့ပြီး ချောင်းကွေ့ ကျေးရွာခွဲခေါင်းဆောင် ဦးဝင်းဇော်၏ နေအိမ်တွင် ယာယီထိန်းသိမ်းထားရှိကာ ဗုံးသီးအား သယ်ဆောင်ရန်အတွက် နယ်မြေခံတပ်ရင်းသို့ တင်ပြထားပြီး ဖြစ်ကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

# ဆေးခြောက်နှင့် စိတ်ကြွရူးသွပ်ဆေးများ ဖမ်းမိ

**နေပြည်တော် ဇွန် ၆**

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၅ ရက်က ကလောမြို့အထွက် ကားလမ်းမပေါ်တွင် ဇင်ကိုကိုလတ် မောင်းနှင်လာ သည့်ယာဉ်အမှတ် YNG- EE/---- မတ်တူးမော်တော်ယာဉ်ကိုရှာဖွေရာ ဆေးခြောက် ငါးကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြားခြောက်ပြားတို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှတပ်ဖွဲ့ဝင်များသည် လားရှိုးမြို့နယ် လားရှိုး-မိုင်းယော်သွားကားလမ်း နားဖကျေးရွာအဝင်တွင် အိုက်မိန်းမောင်းနှင်လာသော ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ကိုလည်းကောင်း၊ အလားတူ မူးယစ်တပ်ဖွဲ့စု(၃၄) ကော့သောင်းမှ တပ်ဖွဲ့ဝင်များသည် ကော့သောင်းမြို့ အေးရိပ် ငြိမ်ရပ်ကွက် ပန်းရိပ်မြိုင်လမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ ရန်နိုင်မျိုးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၄ ပြား၊ မြန်မာငွေ ၂ ဒသမ ၈၅ သိန်း၊ ထိုင်းငွေ ၂၅၀၀ ဘတ်၊ ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေလော့ကတ်တစ်ခု၊ ရွှေလက်စွပ်တစ်ကွင်း၊ ရွှေနားကွင်း တစ်ကွင်းနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ အလားတူ မူးယစ်တပ်ဖွဲ့စု (၃၉)ရေးမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ရေးမြို့နယ် အာယုတောင် ကျေးရွာအုပ်စု ရွာကလေးကျေးရွာနေ မတင်ရီ၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၁၆၉ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရ သည်။

**ကိုရဲ**

# KIA အဖွဲ့ဝင် နှစ်ဦးကို အားမြင့်ယမ်းမှုန့်ပုံးများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၆**




ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မြို့မပြည်သူ့စစ်အဖွဲ့ဝင်များသည် ဇွန် ၄ ရက် ညနေ ၅ နာရီခွဲခန့်က မော်တောင်းရွာအနီး၌ ကွမ်းလုံမြို့နေ ယာဉ်မောင်း ကိုကိုထွန်းမောင်းနှင်ပြီး မာဒီးနှင့် ဘရန်ဒွဲအောင်တို့လိုက်ပါလာသည့် မသင်္ကာဖွယ်ရာ ယာဉ်အမှတ် 9B/---- မာဇဒါအမျိုးအစား ခြောက်ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ သစ်သီးဗာများ၏ အောက်တွင် အနက်ရောင်အားမြင့်ယမ်းမှုန့်များ ထည့်ထားသော သံပုံး ၅၀ ကို တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများအား စိစစ်ချက်အရ KIA အဖွဲ့မှ အောင်ထွန်းဆိုသူက တပ်ဖွဲ့ဝင်အချင်းချင်းဖြစ်သူ မာဒီးနှင့် ဘရန်ဒွဲအောင်တို့အား UWSA "ဝ" နယ်မြေအတွင်းမှ ယမ်းမှုန့်များကိုသယ်ဆောင်စေ၍ ၎င်းထံသို့ ပို့ဆောင်ပေးရန် တာဝန်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးရမိသူများ၊ ယာဉ်နှင့် ယမ်းမှုန့်များအား မူဆယ်မြို့မရဲစခန်းသို့ စနစ်တကျ အပ်နှံပြီး ဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိ သည်။

(မြဝတီ)

---

## ပညာရေးဝန်ကြီးဌာန
## နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
## ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI)အတွက်
# သင်တန်းသားများခေါ်ယူခြင်း

၁။ ၂၀၁၆ခုနှစ် ဇွန် ၁ ရက်တွင် ပညာရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီး သွားလာရေးလုပ်ငန်းဝန်ကြီးဌာနတို့ပူးပေါင်း၍ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍ ပညာရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့ပူးပေါင်း၍ သက်မွေး ပညာရပ်ဆိုင်ရာ သင်တန်းများကို ညောင်ရွှေ သက်မွေးပညာသင်တန်းကျောင်း (NVTI)တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ **လျှောက်ထားသူသည်-**

(က) မည်သည့်နှစ်တွင်မဆို အခြေခံပညာမူလတန်း(စတုတ္ထတန်း) အောင်မြင်သူဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါသန်စွမ်း ကျန်း မာသူ ဖြစ်ရမည်။

၃။ အပတ်စဉ်တစ်ခုလျှင် သင်တန်းသား ၂၀ စီ လက်ခံသင်ကြားပေးမည်ဖြစ်သည်။

၄။ လုပ်ငန်းခွင်ကျွမ်းကျင်သော သင်တန်းသားများ မွေးထုတ်ပေးနိုင်ရေးအတွက် စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းပြီးဆုံးကြောင်း အသိ အမှတ်ပြု အောင်လက်မှတ် (Certificate)ရရှိမည်ဖြစ်ပါသည်။

၅။ ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI)သို့ တက်ရောက်ခွင့် ရရှိသော သင်တန်းသားများအတွက် သင်တန်းတက်သည့်ကာလများအတွင်း သင်တန်းကြေးနှင့် စားစရိတ်မှာ အခမဲ့ဖြစ်ပြီး နေထိုင်ရန် အဆောင်စီစဉ်ပေးပါမည်။

**ဖွင့်လှစ်မည့်သင်တန်းများနှင့်သင်တန်းကာလ**

(က) လယ်ယာသီးနှံနှင့် ဥယျာဉ်ခြံသီးနှံများအား GAP နည်းစနစ်ဖြင့် စိုက်ပျိုးခြင်းသင်တန်း (သင်တန်းကာလ-၁ လ)

(ခ) ငါးဖိန်းသားဖောက်သင်တန်းနှင့်ငါးဆေးထိုး သားဖောက်သင်တန်း (သင်တန်းကာလ-၂ ပတ်)

(ဂ) တစ်လုံးထိုးအင်ဂျင်ပြုပြင်ခြင်းသင်တန်း (သင်တန်းကာလ-၁ လ)

(ဃ) အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း (သင်တန်းကာလ- ၁လ)

**သင်တန်းဖွင့်လှစ်မည့်ရက်**

ဇွန် ၁၅ရက် ၂၀၁၆ ခုနှစ်

**သင်တန်းနေရာ**

ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI)၊ မိုင်းပေါက်လမ်း၊ မကျီးစင်ကျေးရွာအနီး၊ ညောင်ရွှေမြို့

**ဆက်သွယ်စုံစမ်းရန် ဖုန်းနံပါတ်**

ငါးလုပ်ငန်းဦးစီးဌာန ဖုန်း- ၀၉-၅၁၈၇၁၂၄

စိုက်ပျိုးရေးဦးစီးဌာန ဖုန်း-၀၉-၄၂၈၂၀၈၄၀၀

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဖုန်း-၀၉-၄၃၀၂၆၃၄၃၊ ၀၆၇-၄၀၉၂၄၃

နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန ဖုန်း-၀၆၇-၄၀၄၅၀၅

ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI) ဖုန်း-၀၉-၅၂၁၅၆၄၉

[လျှောက်လွှာများကို ၁၃-၆-၂၀၁၆ရက် နောက်ဆုံးထား၍ နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ရယူလျှောက်ထားနိုင်ပါသည်။]

**ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI)**

---

**ဖခင်အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ကွမ်းခြံကုန်း မြို့နယ်၊အထက (တော်ကလိတ်)၊ န၀မတန်းမှ မဖြူဖြူစင်၏ဖခင်အမည် မှန်မှာ ဦးဝင်းဗိုလ် ၁၂/ကခက(နိုင်) ၀၀၀၃၃၇ ဖြစ်ပါကြောင်း။ **ဦးဝင်းဗိုလ်**

**အမည်ပြောင်း**

ပဲခူးတိုင်းဒေသကြီး၊ပဲခူးမြို့၊ ဟသ်ာာ ကုန်း၊ (၁၉)ရပ်ကွက်နေ ဦးအောင် ဇော်မြင့်၏သား အထက(၁)၊ ပထမ တန်း(A)မှ မောင်ကြယ်စင်ဟိန်းအား မောင်မင်းသန့်ဟု ပြောင်းလဲခေါ်ပါ ရန်။ **မောင်မင်းသန့်**

**မိဘအမည်မှန်**

သထုံမြို့၊ အထက(၄)၊ တက္ကသိုလ် ဝင်တန်း(ခ)မှ မအိသူခိုင်၏ဖခင် ဦးသီဟအောင် ၁၀/သထန(နိုင်) ၁၅၀၁၆၄၊အမိ မလှဲ့လှဲ့ဝင်း၁၀/သထန (နိုင်)၂၅၉၈၃၂တို့ဖြစ်ပါသည်။ **ဦးသီဟအောင်-ဒေါ်လှဲ့လှဲ့ဝင်း**

---

## ပြည်နယ်ပညာရေးမှူးရုံး
## ချင်းပြည်နယ်၊ ဟားခါးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ဖော်ပြပါ ကျောင်းဆောင်များဆောက်လုပ်ရန်အတွက် စိတ်ဝင်စားသူ ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

| | | |
|---|---|---|
| (က) | (၁၂၀×၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်အသစ်ဆောက်ရန် | (၇) ဆောင် |
| (ခ) | (၁၀၀×၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်နှစ်ထပ်အသစ်ဆောက်ရန် | (၁) ဆောင် |
| (ဂ) | (၁၀၀×၃၀)ပေ RCC နှစ်ထပ်အသစ်ဆောက်ရန် | (၁) ဆောင် |

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၆-၆-၂၀၁၆ ရက်

၃။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၅-၇-၂၀၁၆ ရက်

၄။ **တင်ဒါဖွင့်လှစ်မည့်ရက်** - ထပ်မံကြေညာပါမည်။

၅။ **တင်ဒါလျှောက်လွှာရယူရန်နှင့် ပြန်လည်တင်သွင်းရန်** - ပြည်နယ်ပညာရေးမှူးရုံး ချင်းပြည်နယ်၊ ဟားခါးမြို့

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၀-၂၁၂၀၄၊ ၀၇၀-၂၁၀၁၈၊ ၀၇၀-၂၁၀၄၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပြည်နယ်ပညာရေးမှူး**
**ချင်းပြည်နယ်၊ ဟားခါးမြို့**

# မြန်မာ-တောင်ကိုရီးယား ဒုတိယခြေစမ်းပွဲ ယနေ့ကျင်းပမည်

**ရန်ကုန် ဇွန် ၆**

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနှင့် တောင်ကိုရီးယားလက်ရွေးစင် အမျိုးသမီးအသင်းတို့၏ ခြေစမ်းပွဲ ဒုတိယပွဲစဉ်ကို ဇွန် ၇ ရက် (**ယနေ့**) ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံအမျိုးသမီးပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် နိုင်ငံတကာခြေစမ်းပွဲများ ဆက်တိုက်ကစားနေခြင်းဖြစ်ပြီး ဇွန် ၄ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် တောင်ကိုရီးယားအသင်းနှင့် ခြေစမ်းပွဲ ပထမပွဲတွင် ငါးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် မေလအတွင်းက သွားရောက်ခဲ့သည့် ဂျပန်ခြေစမ်းခရီးစဉ်နှင့် ယခုတောင်ကိုရီးယားလက်ရွေးစင်အမျိုးသမီးအသင်းတို့နှင့် ခြေစမ်းပွဲများမှာ နိုင်ပွဲရယူနိုင်ခြင်း မရှိခဲ့သော်လည်း ခြေစွမ်းမြင့်မားသည့်အသင်းများနှင့် ကစားခဲ့ရသောကြောင့် အတွေ့အကြုံကောင်းများ ရယူနိုင်မည်ဖြစ်သည်။

အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၆ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ မြန်မာအမျိုးသမီးအသင်းအနေဖြင့် ပြင်ဆင်ချိန်ရက်ပေါင်း ၅၀ နီးပါးရရှိနေပြီး တောင်ကိုရီးယားအသင်းနှင့် ခြေစမ်းပွဲအပြီးတွင် ဆက်လက်ပြင်ဆင်နိုင်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းကို နယ်သာလန်နိုင်ငံသား ရော်ဂျာရိုင်နာက ကိုင်တွယ်လျက်ရှိပြီး ပဏာမလက်ရွေးစင်ကစားသမား ၂၆ ဦးဖြင့် ဖွဲ့စည်းထားသည်။ **ရဲရင့်ရှိုင်း**

## မြန်မာ့ရုပ်မြင်သံကြား News Channel

၇-၆-၂၀၁၆ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ - လူမှုစီးပွားမြင်ကွင်းများ
- ၈း၃၅ - **နေပြည်တော်အမျိုးသားပြတိုက်**
- ၉း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၀း၃၅ - မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ်
- ၁၁း၁၅ - **ရောဝတီလင်းပိုင် မျိုးသုဉ်းမည့် အန္တရာယ်ပြည်သူများ ဝိုင်းဝန်းကာကွယ်**

**ညပိုင်း**

- ၁၅း၃၅ - Football Magazine (ရောဝတီ ယူနိုက်တက်အသင်း)
- ၁၆း၁၅ - EURO-2016 Group (D)
- ၁၆း၄၅ - နိုင်ငံတကာခြေစမ်းပွဲ ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (အမျိုးသမီးလက်ရွေးစင်) (မြန်မာလက်ရွေးစင်အသင်းနှင့် ကိုရီးယားလက်ရွေးစင် အသင်း)
- ၂၀း၀၀ - ပြည်တွင်းသတင်း
- - လွှတ်တော်ရေးရာအဖြာဖြာ
- - နိုင်ငံခြားဇာတ်လမ်းတွဲ
- - **မကြွေတဲ့ နှင်းဆီ** (အပိုင်း-၉)
- - Yes or No Talk Show
- - တမ်းတမ်းတတဖြစ်ခဲ့ရသော ရုပ်ရှင်တေးများ (အပိုင်း-၁၂)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

● *ကျောဖုံးမှ*

ဟောင်ကောင်နှင့်ပွဲတွင် မြန်မာအသင်းအဆုံးသတ်ကောင်းခဲ့ပြီး ဂေတ်ဖရိုင်းဒရစ်လက်ထက် ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဂေတ်ဖရိုင်းဒရစ်၏ မြန်မာအသင်းသည် ၂၀၁၅ နိုဝင်ဘာလက ကစားခဲ့သည့် ခြေစမ်းပွဲတွင် ဟောင်ကောင်အား ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့် ရှုံးကြွေးကို ပြန်ဆပ်နိုင်ခဲ့ခြင်း ဖြစ်သည်။

မြန်မာနည်းပြချုပ် ဂေတ်ဖရိုင်းဒရစ်သည် စင်ကာပူအသင်းအား ရှုံးနိမ့်ခဲ့သည့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး ကြည်လင်းနှင့် ကျော်ကိုကိုတို့ကို ပွဲစကတည်းကအသုံးပြုကာ တောင်ပံနှစ်ဖက်တွင်ထားခဲ့သည်။ တိုက်စစ်တွင် သန်းပိုင်နှင့် အောင်သူတို့ကိုတွဲပေးခဲ့ပြီး ပွဲစကတည်းက ဟောင်ကောင်အသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။ စင်ကာပူအသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် မြန်မာအသင်းမှာ ပုံမှန်ထက်အားပိုထုတ်ခဲ့ပြီး ကျော်ကိုကိုနှင့် ကြည်လင်းတို့ တောင်ပံတွင် ကစားခဲ့သောကြောင့် တိုက်စစ်အားပိုကောင်းခဲ့သည်။ ၂၃ မိနစ်တွင် မြန်မာလက်ရွေးစင်အသင်းဂိုးပေါက်ပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့ပြီး တိုက်စစ်မှူးသန်းပိုင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရသောကြောင့် ဟောင်ကောင်အသင်းဂိုးပြန်ရရန် ကြိုးပမ်းလာသော်လည်း မြန်မာအသင်းက အမှားအယွင်းမရှိ ထိန်းချုပ်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် အိမ်ရှင်မြန်မာအသင်းကသာ ပွဲကိုထိန်းချုပ်သွားနိုင်ခဲ့ပြီး တိုက်စစ်ကစားပုံမြိုင်ဆိုင်စွာဖြင့် ဟောင်ကောင်အသင်းဘက်သို့ ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ အောင်သူအစားဝင်လာသည့် မောင်မောင်လွင်က ၇၃ မိနစ်တွင် ကျော်ကိုကိုဖန်တီးပေးမှုမှ ဒုတိယဂိုးသွင်းယူခဲ့သည်။ မြန်မာအသင်းအတွက် တတိယအနိုင်ဂိုးကို ၈၇ မိနစ်တွင် ရဲကိုဦးက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ ဖိုလ်လုပွဲမတက်ရောက်နိုင်ခဲ့သော်လည်း တတိယနေရာလုပွဲတွင် နည်းပြချုပ်ဂေတ်ဖရိုင်းဒရစ်၏ လူထုတ်ပုံနှင့် နည်းဗျူဟာမှန်ကန်မှုများကြောင့် နိုင်ပွဲရခဲ့ခြင်းဖြစ်သည်။

**ဗီယက်နမ်ချန်ပီယံဆုရရှိ**

ဖိုလ်လုပွဲအဖြစ် ဗီယက်နမ်အသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဗီယက်နမ်အသင်းက အချိန်ပိုတွင် သုံးဂိုးပြတ်အနိုင်ရကာ ချန်ပီယံဆုရရှိသွားသည်။

စင်ကာပူအသင်းမှာ ၎င်းတို့ကစားဟန်အတိုင်း ခံစစ်အသားပေးကစားသောကြောင့် ဗီယက်နမ်အသင်း ပိုပြီးကစားနိုင်ခဲ့သော်လည်း ထိရောက်သည့် ဂိုးသွင်းခွင့်ရအောင် မစွမ်းဆောင်နိုင်၍ ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် ဗီယက်နမ် အခွင့်အရေးပိုရသော်လည်း ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ဘဲ စင်ကာပူကလည်း အမာခံအချို့ထည့်ကာတိုက်စစ်အားမြှင့်ခဲ့သည်။

မိနစ် ၉၀ တွင် ဂိုးမရှိ သရေကျနေ၍ အချိန်ပိုဆက်လက်ယှဉ်ပြိုင်ရာ ဗီယက်နမ်အသင်းဂိုးများရခဲ့ပြီး ၉၁ မိနစ်တွင် လီဆောင်မင်၊ ၉၈ မိနစ်တွင် ငုယင်မန်ကူယက်၊ ၁၁၃ မိနစ်တွင် ဒန်သန်ထရန်တို့က သွင်းယူခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ပထမ ဗီယက်နမ်၊ ဒုတိယ စင်ကာပူ၊ တတိယ မြန်မာတို့ကရရှိခဲ့ပြီး ဆုကြေးများအဖြစ် ပထမ-အမေရိကန်ဒေါ်လာ ၂၀၀၀၀၊ ဒုတိယ အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ တတိယ အမေရိကန်ဒေါ်လာ ၅၀၀၀ ချီးမြှင့်ခဲ့သည်။ ဆုများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။

# ကိုပါအမေရိကဖလား အုပ်စုပွဲစဉ် မက္ကဆီကိုနှင့် ဗင်နီဇွဲလားတို့ အနိုင်ရရှိ




ကိုပါအမေရိကအုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဇွန် ၆ ရက် နံနက်ပိုင်းက အုပ်စု(ဂ)ပွဲစဉ်၌ မက္ကဆီကိုက ဥရုဂွေးကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗင်နီဇွဲလားက တစ်ဂိုး-ဂိုးမရှိဖြင့် ဂျမေကာကို အနိုင်ရရှိခဲ့သည်။

ယနေ့ပွဲတွင် မက္ကဆီကိုက ၄-၃-၃ ကစားကွက်ဖြင့်ပွဲထွက်လာပြီး ဥရုဂွေးက ၄-၁-၄-၁ ပုံစံဖြင့်ပွဲထွက်ခဲ့သည်။ ပွဲစပြီး လေးမိနစ်တွင် ဥရုဂွေးနောက်တန်းကစားသမား အယ်ဗာရိုပါရီရာ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သဖြင့် မက္ကဆီကိုတို့ ဦးဆောင်ဂိုးရရှိခဲ့သည်။ ပထမပိုင်းပြီးခါနီး ပွဲချိန် ၄၅ မိနစ်တွင် ဥရုဂွေးကွင်းလယ်ကစားသမား ဗီစီနို နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရသည်။ ဒုတိယပိုင်း ၇၃ မိနစ်တွင် မက္ကဆီကို ကွင်းလယ်ကစားသမား ဂွာဒါဒို နှစ်ဝါတစ်နီဖြင့် ပြန်လည်ထုတ်ပယ်ခံရသည်။

ပွဲချိန် ၇၄ မိနစ်တွင် ဥရုဂွေးအသင်းခေါင်းဆောင် ဂိုဒင်က ချေပဂိုးသွင်းယူခဲ့သည်။ မက္ကဆီကိုအတွက် အနိုင်ဂိုးများကို ပွဲချိန် ၈၅ မိနစ်တွင် အသင်းခေါင်းဆောင် ရာဖေးမားကွက်ဇ်က သွင်းယူခဲ့ပြီး ပွဲပြီးခါနီး မိနစ် ၉၀ တွင် ကွင်းလယ်ကစားသမား ဟက်တာဟာရဲရားက သွင်းယူခဲ့သည်။ ဂျမေကာနှင့် ဗင်နီဇွဲလားပွဲတွင် ဗင်နီဇွဲလားအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို တိုက်စစ်မှူးဂျိုးဆက်ဖ် မာတီနက်ဇ်က သွင်းယူခဲ့သည်။

ဇွန် ၇ ရက် နံနက် ၈ နာရီခွဲတွင် အုပ်စု(ဃ)မှ အာဂျင်တီးနားနှင့် ချီလီ၊ ဇွန် ၈ ရက် နံနက် ၆ နာရီခွဲတွင် အမေရိကန်နှင့် ကော်စတာရီကာ၊ နံနက် ၉ နာရီတွင် ကိုလံဘီယာနှင့် ပါရာဂွေးတို့ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ■ **သီဟ**

**မက္ကဆီကိုအတွက် ဟာရဲရား တတိယဂိုးသွင်းယူအပြီး ကစားသမားများ အောင်ပွဲခံနေစဉ်**


### အမည်ပြောင်း

ရွှေဘိုမြို့နယ်၊ ကံကြီးတောကျေးရွာနေ ဦးညွန့်ဝင်း-ဒေါ်မြင့်အေးတို့၏သား မောင်ကျော်ရဲလွင်အား မောင်ဇော်ရဲလွင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဇော်ရဲလွင် ၅/ရဘန(နိုင်)၀၀၁၀၆၁**

### အမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၃၈) အောင်ချမ်းသာ မူလွှန်ကျောင်း ဆဋ္ဌမတန်းမှ အဖဦးစောထူး ၉/ပမန(နိုင်)၁၄၉၃၉၇၏ သမီးမှာ မနော်ဗီဗီထူးဖြစ်ပါကြောင်း။ **မနော်ဗီဗီထူး**

### ဖခင်အမည်မှန်

မုံရွာမြို့၊ မြို့သစ်ရပ်ကွက်၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း စတုတ္ထတန်းအောင်မှ မလင်းလက်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းဝင်း ၅/ခဥန(နိုင်)၀၀၄၀၄၆ ဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

မောင်ကျော်ဇေယျ ၇/ဖမန(နိုင်)၁၉၆၃၄၁၏ နိုင်ငံကူးလက်မှတ် အမှတ် MA-833768 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၂၈၃၇၈၃၅**

### ဖခင်အမည်မှန်

မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ရသစ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း နဝမတန်းမှ မောင်အံ့ထူးနိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးနိုင် ၉/တသန(နိုင်)၀၅၃၆၆၅ ဖြစ်ပါကြောင်း။ **ဦးအောင်မျိုးနိုင်**

### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန အထူးကုဆေးရုံကြီး(မင်္ဂလာဒုံ) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန အထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)တွင် တက်ရောက်ဆေးကုသမှုခံယူနေ သောလူနာများအတွက် အသုံးပြုရန်လိုအပ်သော FDAအသိအမှတ်ပြု ဆေးဝါးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးဆေးဝါးများ၊ ဓာတ်မှန်ဖလင်နှင့်ဆေးရည်များနှင့် ဆေးရုံသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံရောင်းချမည့်ရက်** - ၃-၆-၂၀၁၆ရက်(သောကြာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁-၇-၂၀၁၆ရက်(သောကြာနေ့) ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ အထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
အထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)
ရန်ကုန်-ပြည်လမ်း၊ ကျိုက္ကလို့ ဘုရားအနီး၊ မင်္ဂလာဒုံမြို့နယ်
ဖုန်း-၀၁-၆၃၅၂၉၉၊ ၆၃၇၅၄၁**

### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန အမျိုးသားသွေးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် အမျိုးသားသွေးဌာန၌ သွေးနှင့်သွေးပစ္စည်းများ ဖောက်ယူရာတွင် စစ်ဆေးရန်လိုအပ်သည့် သွေးလှူဘဏ်သုံးပစ္စည်းများ ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားပြည်တွင်း လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၃-၆-၂၀၁၆ရက်(တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်** - ၂၄-၆-၂၀၁၆ရက်(သောကြာနေ့)
**တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀နာရီ

၃။ တင်ဒါပုံစံနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အမျိုးသားသွေးဌာန၊ ရန်ကုန်မြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်စုံစမ်းနိုင်ပါသည်။

**အမျိုးသားသွေးဌာန**

### ကန့်ကွက်နိုင်ကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်ရှိ မြေကွက်ကြီး အမှတ်(၂၄)၊ အိမ်အမှတ် (၉၅၀)၊ အကျယ်အဝန်း ပေ၄၀×ပေ၆၀၊ ၀ ဒသမ ၀၅၅ ဧကအား ကျွန်ုပ်မှဝယ်ယူရန် တန်ဖိုးတစ်စိတ်တစ်ဒေသအား စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထား အစုံအလင်ဖြင့် ယခုကြော်ငြာပါပြီး ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အရောင်းအဝယ်ကို ပြီးစီးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဦးအောင်သိန်း ၇/ပခန(နိုင်)၁၃၃၄၉၃
အိမ်အမှတ် ၃၄၁၊ ဆေးရုံဟောင်းလမ်း၊ ကျောက်ကြီးစုရပ်ကွက်၊ ပဲခူးမြို့**

### ကန့်ကွက်နိုင်ကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်ရှိ မြေကွက်ကြီး အမှတ်(၂၄)၊ အိမ်အမှတ် (၉၄၉)၊ အကျယ်အဝန်း ပေ၄၀×ပေ၆၀၊ ၀ ဒသမ ၀၅၅ ဧကအား ကျွန်ုပ်မှဝယ်ယူရန် တန်ဖိုးတစ်စိတ်တစ်ဒေသအား စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထား အစုံအလင်ဖြင့် ယခုကြော်ငြာပါပြီး ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အရောင်းအဝယ်ကို ပြီးစီးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဦးအောင်သိန်း ၇/ပခန(နိုင်)၁၃၃၄၉၃
အိမ်အမှတ် ၃၄၁၊ ဆေးရုံဟောင်းလမ်း၊ ကျောက်ကြီးစုရပ်ကွက်၊ ပဲခူးမြို့**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သတိပဋ္ဌာန်လမ်း၊ အမှတ်၆၆၊ ခြောက်လွှာနေ ဒေါ်ခင်ခင်မော် ၁၂/တမန(နိုင်)၀၀၆၁၇၃၏သား မောင်ရဲထွဋ်အောင် ၁၂/တမန(နိုင်) ၁၀၈၄၀၃သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူမဖြေရှင်းပေးပါ။

**ဒေါ်ခင်ခင်မော်
၁၂/တမန(နိုင်)၀၀၆၁၇၃**

### ဖခင်အမည်မှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ အထက်တန်းကျောင်းခွဲ၊ အလက(၂)၊ တက္ကသိုလ်ဝင်တန်း(A)မှ နေမျိုးအောင်(ခ)မျိုးအောင် ၏ ဖခင်အမည်မှန်မှာ ဦးကျော်လှ ၁၃/သပန(နိုင်)၀၇၁၄၉၄ ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၁၉လမ်း၊အမှတ်၄၅တည်ရှိရာ နေအိမ်အဆောက်အအုံအဟောင်းကို ဖျက်သိမ်းပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်နှင့်အညီ အဆောက်အအုံသစ်ကို ပြန်လည်ဆောက်လုပ်မည်ဖြစ်ပါသည်။

လက်ရှိအဆောက်အအုံဟောင်း၊ မြေညီထပ်၊ မျက်နှာမူလျက်(ယာ)တွင် နေထိုင်သူ ဦးတင်ထွန်း ၁၂/မဂတ(နိုင်)၀၇၁၄၄၀ကို ဆောက်လုပ်ပြီး အဆောက်အအုံအသစ်မှ ပထမထပ်အခန်းကို ပြန်လည်ပေးအပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများ ယနေ့မှ (၁၀) ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသော အထောက်အထား အပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါသည်။

**မြေရှင်နှင့်ကန်ထရိုက်တာတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)
LL.B,DBL,DML,DIL,DLP,WIPO(Switzerland)
ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)
B.Sc,Hon(IC),HGP,R.L,D.B.L.
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့၊
ဖုန်း-၂၉၄၈၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊စလင်းမြို့နယ်၊ ဆင်ဖြူကျွန်း အထကကျောင်းမှ တက္ကသိုလ်ဝင်တန်း ကျောင်းသား မောင်စိုးမြတ်မင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ရုံး၈/စလန(နိုင်)၁၉၅၅၁၄ ဖြစ်ပါကြောင်း။ **ဦးကျော်ရုံး**

### ဖခင်အမည်မှန်

ပန်းတောင်းမြို့နယ်၊ ထုံးဘို (အထက) တက္ကသိုလ်ဝင်တန်း(C)မှ မောင်ရဝေနိုင်၏ ဖခင်အမည်မှန်မှာ ဦးဇော်နိုင်ဝင်း ဖြစ်ပါကြောင်း။ **ဦးဇော်နိုင်ဝင်း၇/ပမန(နိုင်)၁၄၈၃၄၄**

# ရှုမငြီးတဲ့ချစ်သမီးသို့(၂)

**တိုက်မောင်း**

သမီးရေ-

နေကောင်းရဲ့လား။ အဖေလည်း ကျန်းမာပါတယ်။ ပြီးခဲ့တဲ့လက သမီးလေးဆီကို ဖေဖေရေးခဲ့တဲ့စာထဲမှာ အချိန်မှန် အိပ်ရာထဖို့၊ ဘုရားရှိခိုးတာမပျက်ဖို့၊ ဂိမ်းတွေကို အချိန်ကြာကြီး ဆက်တိုက်မဆော့ဖို့ စတဲ့အကြောင်းအရာတွေကို သမီးလေး မှတ်မိဦးမယ်ထင်ပါတယ်။

သမီးရဲ့အမေ ဖုန်းဆက်တုန်းကတော့ ပြောပါတယ်။ အခုဆိုရင် သမီးလေးဟာ နေ့စဉ်ပုံမှန်လုပ်ရမယ့်အလုပ်တွေကို မပျက်မကွက်ဆောင်ရွက်နေပြီဆိုတာသိရလို့ အဖေဝမ်းသာရပါတယ်။ အလေ့အကျင့်ဆိုတာ နိစ္စဓူဝအချိန်မှန်ဆောင်ရွက်ခြင်းကနေ ရလာတတ်တာပဲသမီး။ အဲဒီလို ကောင်းမြတ်တဲ့အစဉ်အလာတွေကို အဖေ့သမီးလေး ရေရှည်ထိန်းသိမ်းသွားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

သမီးရေ-

ဘာလိုလိုနဲ့ သမီးတို့ကျောင်းတွေလည်း ဖွင့်နေပြီနော်။ သမီးလေး ကျောင်းတက်တာ အဆင်ပြေတယ်မဟုတ်လား။ ကျောင်းတက်ဖို့အတွက် လိုအပ်တဲ့ပစ္စည်းတွေကိုတော့ သမီးရဲ့အမေက ဖြည့်ဆည်းပေးထားတယ်လို့ ပြောပါတယ်။ မိုးစိုခံပြီး လုံခြုံတဲ့ လွယ်အိတ်တစ်လုံးရယ်၊ မိုးကာအင်္ကျီ ဒါမှမဟုတ် ထီးတစ်ချောင်း၊ ရေစိုခံတဲ့ ဖိနပ်တစ်ရံ ဒါတွေတော့ ဝယ်ပေးထားပြီးမဟုတ်လား။ သမီးရဲ့အသုံးအဆောင်တွေဟာ လှပဖို့ထက် ရာသီဥတုနဲ့ဆီလျော်ပြီး အသုံးတည့်ဖို့က ပိုအရေးကြီးမယ်လို့ အဖေထင်တယ်။

ဒါနဲ့သမီးရေ-

ဒီလတော့ သမီးရဲ့အနာဂတ်ရည်မှန်းချက်နဲ့ပတ်သက်လို့ ပြောချင်တာလေးတွေ ရှိတယ်။ အခုဆိုရင် သမီးဟာ အလယ်တန်းကျောင်းသူကြီးတောင် ဖြစ်နေပြီပဲ။ ရည်မှန်းချက်လေးတွေတော့ ရှိနေသင့်ပြီပေါ့။ ကျောင်းသား ကျောင်းသူတစ်ယောက်ရဲ့ ရည်မှန်းချက်ဟာ ဘာဖြစ်မယ်လို့ သမီးထင်သလဲ။ အလွယ်ပြောကြစတမ်းဆိုရင် စာမေးပွဲအောင်ဖို့၊ ဒီထက်ပိုပြီး တိတိကျကျပြောရမယ်ဆိုရင် ထူးထူးချွန်ချွန်နဲ့ စာမေးပွဲအောင်ဖို့လို့ အများအားဖြင့် ဖြေကြလိမ့်မယ်လို့ အဖေထင်တယ်။ ဒီအဖြေဟာ မှားသလားဆိုတော့ မမှားပါဘူး။ ဒါပေမယ့် မှန်သလားဆိုတော့လည်း ပြည့်စုံတဲ့အဖြေတစ်ခုတော့ မဟုတ်သေးဘူးသမီး။

တကယ်ဆိုရင် ကျောင်းသား ကျောင်းသူတစ်ယောက်ဟာ ရေတိုရည်မှန်းချက်နဲ့ အနာဂတ်ရည်မှန်းချက်ဆိုပြီး နှစ်မျိုးခွဲထားသင့်တယ်လို့ အဖေ့အယူအဆအရ ထင်မြင်မိတယ်။ သမီးလေး နားရှုပ်မသွားနဲ့ဦးနော်။ ရေတိုရည်မှန်းချက်ဆိုတာကတော့ သမီးရယ်... အနာဂတ် ရည်မှန်းချက်ဆီကို အောင်မြင်စွာရောက်ဖို့အတွက် တစ်ထစ်ချင်းတက်လှမ်းနေရတဲ့ လှေကားထစ်လေးနဲ့တူတယ်။ လမ်းခုလတ်မှာ ခြေချော် မကျအောင် မှန်မှန်နဲ့ဖြည်းဖြည်းချင်း ဇွဲနပဲနဲ့ ဆောင်ရွက်ရတယ်။ ရေတိုရည်မှန်းချက်ဟာ အနာဂတ်ပန်းတိုင်ကို အထောက်အကူပြုတယ်သမီး။ သမီးတို့ အခုတက်ရောက်ရမယ့်အတန်းမှာ သင်ကြားရမယ့်ဘာသာရပ်တွေဟာ သမီးတို့ ဦးနှောက်နဲ့ တွေးခေါ်ချိန်ဆနိုင်တဲ့ဉာဏ်ကို မျှတစွာ လေ့လာနိုင်အောင် ပြုစုပြဋ္ဌာန်းထားတာပဲသမီး။

ဆရာဆရာမတွေက သင်ခန်းစာတွေကို သင်ကြားနေချိန်မှာ ပထမဆုံးလုပ်ရမှာက အာရုံစိုက်ပြီးနားထောင်ဖို့ပဲသမီး။ ဆရာစာသင်နေချိန်မှာ အိမ်ကခွေးလေးအကြောင်း စဉ်းစားနေတာမျိုး၊ ဘေးကသူငယ်ချင်းနဲ့ စကားပြောနေတာမျိုး၊ နောက်ပြီး လက်ရှိသင်ကြားနေတဲ့သင်ခန်းစာနဲ့ မသက်ဆိုင်တဲ့စာတွေကို လုပ်နေတာမျိုးကို အထူးရှောင်ကြဉ်သင့်ပါတယ်။ ဆရာသင်ကြားတာကို နားမလည်ရင် ချက်ချင်းထပြီး မေးမြန်းရဲရမယ်။ သိသလိုလိုနဲ့ ဟန်ဆောင်ပြီးမနေရဘူးနော်။ ဒါဆိုရင် ကျောင်းဆင်းလို့ အိမ်ရောက်တဲ့အခါ အခြားအလုပ်တွေပြီးတော့ စာကြည့်ချိန်ရောက်ပြီဆိုပါစို့။ စာသင်ခန်းထဲမှာ သေသေချာချာနားထောင်ခဲ့တဲ့ ကျောင်းသားတစ်ယောက်အဖို့ သင်ကြားပေးလိုက်တဲ့ သင်ခန်းစာတွေကို ပြန်လည်လေ့ကျင့်တွက်ချက်ကျက်မှတ်တဲ့အခါ ပိုမိုလွယ်ကူပြီး ထိရောက်မှုရှိတယ်ဆိုတာကို သမီးလေး သိထားသင့်တယ်။ လက်တွေ့စမ်းသပ်ကြည့်ဖို့လည်း အဖေတိုက်တွန်းချင်တယ် သမီး။

သမီးရေ-

အဖေတို့နိုင်ငံမှာ အတိတ်က လွဲမှားတဲ့ပညာရေးစနစ်ကြောင့် အဖေတို့ကာလရော သမီးတို့ခေတ်ထိပါ ကျောင်းသား ကျောင်းသူအတော်များများဟာ စာတွေကို ကြက်တူရွေးလို တစာစာနဲ့ နှုတ်တိုက်ကျက်မှတ်ခဲ့ကြတယ်။ အဖေ့အမြင်တော့ ဆိုလိုရင်းအဓိပ္ပာယ်၊ ဒီအဖြေကို ဘယ်လိုရလာတယ်။ ဒါက ဘာကြောင့်ဒီလိုဖြစ်ရတာလဲ၊ ဟိုလိုဆိုရင်ရော မဖြစ်နိုင်ဘူးလား စသဖြင့် သင်ခန်းစာတစ်ခု၊ သင်္ချာတစ်ပုဒ်ကို အဲဒီလို မေးခွန်းတွေထုတ်ပြီး အပြန်ပြန်အလှန်လှန် စဉ်းစားကြစေချင်တယ်။ ဒါမှသာ သမီးတို့ရဲ့ဦးနှောက်ဟာ စဉ်းစားတွေးခေါ်နိုင်တဲ့ဉာဏ်ရည်တွေ ဖွံ့ဖြိုးတိုးတက်လာမှာပဲသမီး။

**အဖေတို့နိုင်ငံမှာ အတိတ်က လွဲမှားတဲ့ပညာရေးစနစ်ကြောင့် အဖေတို့ကာလရော သမီးတို့ခေတ်ထိပါ ကျောင်းသား ကျောင်းသူအတော်များများဟာ စာတွေကို ကြက်တူရွေးလို တစာစာနဲ့ နှုတ်တိုက်ကျက်မှတ်ခဲ့ကြတယ်။ အဖေ့အမြင်တော့ ဆိုလိုရင်းအဓိပ္ပာယ်၊ ဒီအဖြေကို ဘယ်လိုရလာတယ်၊ ဒါက ဘာကြောင့်ဒီလိုဖြစ်ရတာလဲ၊ ဟိုလိုဆိုရင်ရော မဖြစ်နိုင်ဘူးလား စသဖြင့် သင်ခန်းစာတစ်ခု၊ သင်္ချာတစ်ပုဒ်ကို အဲဒီလို မေးခွန်းတွေထုတ်ပြီး အပြန်ပြန်အလှန်လှန် စဉ်းစားကြစေချင်တယ်။ ဒါမှသာ သမီးတို့ရဲ့ဦးနှောက်ဟာ စဉ်းစားတွေးခေါ်နိုင်တဲ့ဉာဏ်ရည်တွေ ဖွံ့ဖြိုးတိုးတက်လာမှာပဲသမီး**

နောက်ပြီး ပိုမိုကောင်းမွန်တဲ့ ဖန်တီးနိုင်စွမ်းအားတွေမြင့်မားလာမယ်။ ကျောင်းမှာ ဆရာမက ဒါသင်တယ်။ သမီးတို့ကလည်း ဒါပဲကျက်တယ်ဆိုရင် သမီးတို့ရဲ့ ဉာဏ်ရည်ဟာ ထက်မြက်လာမှာ မဟုတ်ဘူး။ သမီးနားလည်လွယ်အောင် ဥပမာပေးရရင် ဓားတစ်ချောင်းဟာ အမြဲတမ်းသွေးနေမှ ထက်တယ်သမီး၊ မသွေးဘဲနဲ့ အကြာကြီးပစ်ထားရင် သံချေးတက်ပြီး မကြာခင်မှာ ပျက်စီးသွားတတ်တယ်။ အဲဒီလိုပဲ သမီးတို့ရဲ့ ဓားနဲ့တူတဲ့ဦးနှောက်ဟာ အမြဲတမ်းထက်မြက်နေဖို့ သွေးနေရမယ်။ ဒါမှသာ သမီးတို့ရဲ့အနာဂတ် ဒီမိုကရေစီနိုင်ငံမှာ ထူးချွန်ထက်မြက်တဲ့ ခေါင်းဆောင်ကောင်းတွေ ပေါ်ထွက်လာမှာမဟုတ်လား။ ဒီလောက်ဆိုရင် သမီးရဲ့ရေတိုရည်မှန်းချက်က ဘာလဲဆိုတာ ရှင်းရှင်းလင်းလင်း နားလည်လောက်ပြီလို့ ထင်ပါတယ်။

သမီးရေ-

လူတစ်ယောက်ဟာ မွေးဖွားလာတဲ့အချိန်ကစပြီး သေဆုံးချိန်အထိ လူမှုပတ်ဝန်းကျင်မှာ ရုန်းကန်လှုပ်ရှားရင်း ရှင်သန်ကြီးပြင်းလာကြရတယ်။ အဖေတို့ သမီးတို့ ပတ်ဝန်းကျင်မှာ အချို့လူတွေက အောင်မြင်ပျော်ရွှင်နေကြတယ်။ အချို့ကျတော့ သာမန်ဘဝနဲ့ ကျေနပ်နေကြရတယ်။ တချို့လူတွေကျတော့ ချို့ချို့တဲ့တဲ့နဲ့ ပင်ပန်းဆင်းရဲကြီးမားစွာ လုပ်ကိုင်စားသောက်နေကြရတာကို သမီးလေး မြင်တွေ့ဖူးမှာပါ။ လူတွေဟာ မွေးဖွားကြီးပြင်းလာတဲ့ ပတ်ဝန်းကျင်တွေမှာ ကံတရားအရပဲ နေထိုင်ကြရတယ်။ ရွေးချယ်ပိုင်ခွင့် မရှိကြပါဘူး။ အချို့ကျတော့ မိဘကဆင်းရဲပေမယ့် သူ့အလုည့်ကျတော့ ချမ်းသာပြီး အောင်မြင်တဲ့လူအဖြစ်ရောက်အောင် တက်လှမ်းနိုင်ခဲ့ကြတယ်။ အချို့လူတွေကျတော့ မိဘအရိပ်အောက်ကနေ ရုန်းမထွက်နိုင်ဘဲ နဂိုအတိုင်း ဘာမှပြောင်းလဲမသွားကြဘူး။ ဒီလို ဘာကြောင့်ကွာခြားသွားတယ်လို့ သမီးထင်သလဲ။

အဖေ့အမြင်တော့ အနာဂတ်ရည်မှန်းချက်အပေါ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်တဲ့ရလဒ်ကပဲ လူတွေရဲ့ဘဝကို အဆင့်အတန်းကွဲပြားသွားစေတယ်လို့ ထင်တယ်။ အနာဂတ်ရည်မှန်းချက်ဟာ လူတစ်ယောက်နဲ့တစ်ယောက် ထားရှိတာချင်း မတူညီကြဘူး။ အချို့က ဆရာဝန်ကြီးဖြစ်ချင်တယ်။ အချို့က စစ်ဗိုလ်ကြီးဖြစ်ချင်ကြတယ်။ အချို့ကျတော့ အင်ဂျင်နီယာတို့၊ ရှေ့နေတို့၊ နာမည်ကြီးဒီဇိုင်နာတို့ ဖြစ်ချင်ကြတယ်စသဖြင့် အမျိုးမျိုးအဖုံဖုံအလွယ်တကူ ပြောကြတာပေါ့ကွယ်။ အနာဂတ်ရည်မှန်းချက်နဲ့ပတ်သက်လို့ ဒီထက်ပိုပြီး တိတိကျကျချမှတ်လို့လည်း ရသေးတယ်သမီး။ ဥပမာ ဆရာဝန်ကြီးဖြစ်ချင်တယ် ဆိုကြပါစို့။ ခွဲစိတ်အထူးကု ဆရာဝန်ကြီးဖြစ်ချင်တာလား။ မျက်စိအထူးကုဆရာဝန်ကြီးလား၊ နှလုံးအထူးကုဆရာဝန်ကြီးလား စသဖြင့် တိတိကျကျ ထပ်ပြီးခွဲခြားလို့ ရသေးတယ်။ ဒါဆိုရင်တော့ အနာဂတ်ရည်မှန်းချက်ဟာ ပီပီပြင်ပြင်၊ ပြတ်ပြတ်သားသား၊ ရှင်းရှင်းလင်းလင်း ချမှတ်ပြီးဖြစ်တယ်လို့ ဆိုရမှာပေါ့။

သမီးရေ-

ရည်မှန်းချက်မရှိတဲ့သူဟာ ပဲ့မပါတဲ့လှေလိုပဲ ဦးတည်ရာမဲ့ သွားချင်ရာသွားနေတတ်တယ်။ ဘယ်ကမ်းဘယ်သောင်ကို ဘယ်အချိန်မှာရောက်မယ်ဆိုတာမသိ။ ပင်လယ်ထဲမှာ တဝဲလည်လည်နဲ့ ကမ်းမမြင်လမ်းမမြင်သွားနေသလိုပဲ ဖြစ်လိမ့်မယ်သမီး။ ဒါကြောင့်မို့ သမီးတို့လို ငယ်ရွယ်စဉ်လူငယ်တွေကို အနာဂတ်ရည်မှန်းချက်နဲ့ပတ်သက်ပြီး တိတိကျကျ ချမှတ်ထားကြဖို့ တိုက်တွန်းနေရတာပေါ့။

သမီးရေ-

အဖေ့ရဲ့စာကိုဖတ်ရတာ သမီးလေး ငြီးငွေ့သွားပြီလား။ ခဏနားချင်လည်း နားလိုက်ပါဦး။ ပြီးရင်ဆက်ဖတ်ပေါ့။ ဒီလိုသမီးရဲ့- အချို့လူတွေက ရည်မှန်းချက်ကိုတော့ တိတိကျကျ ချထားတယ်။ လက်တွေ့အကောင်အထည်ဖော်တာ အားနည်းကြတော့ လမ်းခုလတ်မှာပဲ နောက်ကျန်ခဲ့ပြီး လိုရာပန်းတိုင်နဲ့ ဝေးခဲ့ကြရတယ်။ အဖေ အကြံပေးချင်တာကတော့ ရည်မှန်းချက်ကိုရောက်ဖို့ ရှင်းလင်းပြတ်သားတဲ့ အချိန်ဇယားတွေ၊ လုပ်ငန်းဇယားတွေကို ပထမဆုံး ရေးဆွဲထားသင့်တယ်။ တိကျတဲ့အချိန် သတ်မှတ်ထားရမယ်။ နည်းလမ်းတွေ ရွေးချယ်ထားရမယ်။ နောက်ပြီး တွေ့ကြုံနိုင်တဲ့ အခက်အခဲတွေကိုလည်း ကြိုတင်စဉ်းစားထားသင့်တယ်။ ဒီလို ဘက်စုံထောင့်စုံနဲ့ စနစ်တကျစီမံပြီး ကြိုးစားမယ်ဆိုရင် ကိုယ်ရည်မှန်းထားတဲ့ အနာဂတ်ပန်းတိုင်ကို မလွဲမသွေ အောင်မြင်စွာ ရောက်ရှိသွားမှာကတော့ မြေကြီးလက်ခတ်မလွဲပဲသမီး။ ဒီလောက်ဆိုရင် သမီးလေး အနာဂတ်ရည်မှန်းချက်နဲ့ ပတ်သက်လို့လည်း ဂဃနဏ သိရှိသွားပြီလို့ အဖေယူဆပါတယ်။

သမီးရေ-

သမီးရဲ့ အနာဂတ်ရည်မှန်းချက်ဟာ ဘာဖြစ်ရမယ်လို့ သမီးနဲ့ တိုင်ပင်ဆွေးနွေးညှိနှိုင်းမှုမရှိဘဲ အဖေသဘောတစ်ခုတည်း ရှေ့တန်းတင်ပြီး ဘယ်တော့မှ မလုပ်ဘူးဆိုတာကိုတော့ သမီးလေး ယုံကြည်စေချင်တယ်။ သမီးရဲ့အနာဂတ်ရည်မှန်းချက်ကို သမီးကိုယ်တိုင် စိတ်တိုင်းကျ မှန်မှန်ကန်ကန် ရွေးချယ်နိုင်တယ်။ အဖေကတော့ သမီးရဲ့ဘေးက ပံ့ကိုင်ရှင်ပေါ့။ ဒါကလည်း သမီးလေး ရည်မှန်းချက်ရောက်တဲ့အထိပါပဲ။ လမ်းမချော်သွားအောင်၊ နောက်မကျန်ခဲ့အောင် ဖေးမကူညီပေးမယ်။ အကြံဉာဏ်တွေ နည်းလမ်းကောင်းတွေနဲ့ ပံ့ပိုးပေးသွားမယ်။ လတ်တလော သမီးကို ပြောချင်တာကတော့ ရေတိုရည်မှန်းချက်ဖြစ်တဲ့ လာမယ့်အတန်းက သင်ခန်းစာတွေကိုသာ ကြေညက်အောင် ကြိုးစားသွားဖို့ပဲသမီး။ ဒီလိုကြိုးစားနိုင်ဖို့အတွက် အရေးအကြီးဆုံးကတော့ ကျန်းမာရေးကောင်းမှဖြစ်မယ်ဆိုတာ သမီးလေး မှတ်သားထားစေချင်တယ်။ အချိန်မှန်အိပ်၊ အချိန်မှန်စား၊ အချိန်မှန်ကစားမယ်ဆိုရင် ကျန်းမာရွှင်လန်းတက်ကြွတဲ့ ကျောင်းသူကလေးတစ်ယောက် ဖြစ်နေမှာပါပဲသမီး။

သမီးရေ-

စာလည်းရှည်သွားပြီ။ သမီးလည်း နားချင်ရောပေါ့။ ဒါကြောင့် အဖေ့ရဲ့စာကို ဒီနေရာမှာပဲ အဆုံးသတ်လိုက်တော့မယ်။ သမီးရဲ့မောင်လေးကိုလည်း ထိန်းဖို့ မမေ့နဲ့ဦး။ နောက်လကျမှပဲ သမီးရဲ့သင်ခန်းစာတွေကို နေ့စဉ် ဘယ်လိုအချိန်ဇယားဆွဲပြီး လေ့လာရမယ်ဆိုတာကို ဆက်ရေးတော့မယ်။ နောင် ရင့်ကျက်လာတဲ့ ဒီမိုကရေစီနိုင်ငံအတွက် အုတ်တစ်ချပ်သဲတစ်ပွင့် အဖြစ်နဲ့ ပါဝင်ဆောင်ရွက်နိုင်တဲ့ အရည်အသွေးပြည့်မီတဲ့ သမီးရတနာလေးဖြစ်ပါစေလို့ဆုတောင်းရင်း...

**အဝေးရောက်ဖေဖေ**
**တိုက်မောင်း**

## အင်္ဂလိပ်၊ ဂျပန်နှင့် ကိုရီးယားဘာသာ ပညာဒါနသင်တန်းဆင်းပွဲကျင်းပ

**တောင်တွင်းကြီး ဇွန် ၆**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းမှ လူငယ်လူရွယ်များ နိုင်ငံတကာသုံးဘာသာစကား တတ်မြောက်စေရန် ရည်ရွယ်၍ ရတနာပင်စည်တောရ ဓမ္မရိပ်သာကျောင်းတိုက် ဆရာတော်က ကြီးမှူး၍ ပထမအကြိမ် ဖွင့်လှစ်ခဲ့သော အင်္ဂလိပ်၊ ဂျပန်နှင့် ကိုရီးယားဘာသာစကား ပညာဒါနသင်တန်းများ၏ သင်တန်းဆင်းပွဲကို အဆိုပါကျောင်းတိုက်၌ ဇွန် ၄ ရက်က ကျင်းပခဲ့သည်။




သင်တန်းဆင်းပွဲတွင် ဘာသာရပ်အလိုက် ပထမရရှိပြီး ထူးခွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါ ဘာသာစကားသင်တန်းများကို တစ်လကြာ သင်ကြားပို့ချခဲ့ခြင်းဖြစ်ပြီး တောင်တွင်းကြီးမြို့နယ်အတွင်းမှ လူငယ်များ စိတ်ဝင်စားစွာ တက်ရောက်ခဲ့ကြကြောင်းနှင့် အင်္ဂလိပ်ဘာသာ သင်တန်းတွင် ၉၄ ဦး၊ ဂျပန်ဘာသာ သင်တန်းတွင် ၅၂ ဦးနှင့် ကိုရီးယား ဘာသာသင်တန်းတွင် ၂၆ ဦး ဖြေဆိုအောင်မြင်ခဲ့ကြောင်း သိရသည်။ **(၀၈၅)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမားသင်တန်းဖွင့်

**ထားဝယ် ဇွန် ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်း ဆောင်ရွက်လျက်ရှိသော ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်အရ ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကြောင်း အထောက်အကူပြုစေရန်အတွက် လက်သမားသင်တန်းကို ထားဝယ်မြို့ ရှမ္မတွင်းရွာ ဘုန်းတော်ကြီး ကျောင်းဓမ္မာရုံ၌ ဇွန် ၄ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသက်ပိုင်က အမှာစကား ပြောကြားပြီး ထားဝယ်ခရိုင်ဦးစီးမှူး ဦးငွေသိန်းက သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ ဒေသတွင်းကျေးရွာများမှ သင်တန်းသား ၂၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဇွန် ၁၃ ရက်အထိဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရက် ၁၀၀ စီမံချက်အရ ထားဝယ်ခရိုင်အတွင်း အသက်မွေးဝမ်းကြောင်း အထောက်အကူပြုသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ မြို့နယ်ကူးတို့ကျေးရွာတွင် ခွင့်ပြုငွေကျပ်ငါးသန်းဖြင့် စက်ချုပ်သင်တန်းကိုဖွင့်လှစ်ပြီး သင်တန်းသူ ၁၅ ဦးအားလည်းကောင်း၊ ရှမ္မတွင်းကျေးရွာတွင် ခွင့်ပြုငွေကျပ် ၂ ဒသမ ၅ သန်းဖြင့် လက်သမားသင်တန်းကိုဖွင့်လှစ်ပြီး သင်တန်းသား ၂၅ ဦးအားလည်းကောင်း၊ ကူးတို့ကျေးရွာတွင် ခွင့်ပြုငွေကျပ် ၂ ဒသမ ၅ သန်းဖြင့် ပန်းရံသင်တန်းကိုဖွင့်လှစ်ပြီး သင်တန်းသား ၂၅ ဦးအားလည်းကောင်း၊ သရက်ချောင်းမြို့နယ် ရန်တောင်ကျေးရွာတွင် ခွင့်ပြုငွေကျပ်သုံးသန်းဖြင့် လက်သမား၊ ပန်းရံ၊ သံချိသံကွေးသင်တန်းကို ဖွင့်လှစ်ပြီး သင်တန်းသား ၆၀ အားလည်းကောင်း၊ ကင်းရှေ့ကျေးရွာတွင် ခွင့်ပြုငွေကျပ်သုံးသန်းဖြင့် စိုက်ပျိုးရေး မွေးမြူရေးဆိုင်ရာ အသိပညာပေးသင်တန်းကိုဖွင့်လှစ်ပြီး သင်တန်းသား ၁၆၀ အားလည်းကောင်း၊ လောင်းလုံးမြို့နယ် ကထောင်းနီကျေးရွာတွင် ခွင့်ပြုငွေကျပ် ၂ ဒသမ ၅ သန်းဖြင့် လက်သမားသင်တန်းကို ဖွင့်လှစ်ပြီး သင်တန်းသား ၄၀ အားလည်းကောင်း၊ ကညံ့ကျွန်းကျေးရွာတွင် ခွင့်ပြုငွေကျပ် ၂ ဒသမ ၅ သန်းဖြင့် ပန်းရံသင်တန်းကိုဖွင့်လှစ်ပြီး သင်တန်းသား ၄၀ အားလည်းကောင်း၊ ရေဖြူမြို့နယ် ကျောက်ထောင့်ကျေးရွာတွင် ခွင့်ပြုငွေကျပ်ငါးသန်းဖြင့် အပ်ချုပ်စက်သင်တန်းကိုဖွင့်လှစ်ပြီး သင်တန်းသူ ၁၀ ဦးအားလည်းကောင်း အသက်မွေးဝမ်းကျောင်း အထောက်အကူပြုပညာရပ်များ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ချောင်းကမ်းပါးရေတိုက်စားမှု ကာကွယ်နိုင်ရန် ကြိုတင်စီစဉ်နေ

**ဆင်ဖြူကျွန်း ဇွန် ၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့နယ်ခွဲရှိ စလင်းချောင်းမှာ မိုးရာသီတွင် ချောင်းရေကြီးလာနိုင်သဖြင့် ချောင်းကမ်းပါးများ ရေတိုက်စားမှုမှ ကာကွယ်နိုင်မည့်အစီအမံများ ကြိုတင်ဆောင်ရွက်ရန်အတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ဇွန် ၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်ခိုင်၊ စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ တိုင်းဒေသကြီး မြစ်ကြောင်းဖွံ့ဖြိုးမှုနှင့်ရေ လမ်းထိန်းသိမ်းရေးဦးစီးဌာနမှ အင်ဂျင်နီယာဦးဝင်းနှင့် အဖွဲ့ဝင်များပါဝင်သည့်အဖွဲ့က ဆင်ဖြူကျွန်းမြို့မှ စလင်းချောင်းရေတိုက်စားနိုင်မည့် ကမ်းပါးနေရာများ၊ ရဒေးကန်တော်နှင့်ဥရှစ်ကုန်းရွာများတွင် ကန်တော်ချောင်းရေ တိုက်စားနိုင်မည့်နေရာများ၊ ကန်တော်ချောင်းတစ်လျှောက်ရှိ ညောင်ငုတ်တို၊ ကုက္ကိုတန်း၊ ခြောက်ပင်ကျွန်းရွာများတွင် ရေတိုက်စားနိုင်သည့်နေရာများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ကြိုတင်ကာကွယ်ရေးအစီအမံများကို ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**



ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ နိဗ္ဗာန်ကျောင်းတိုက်ရှိ နှစ်ကျိပ်ရှစ်ဆူ ရာဇမုနိစေတီတော်ကြီး ထီးတော်တင်လှူပွဲကို ဇွန် ၅ ရက်က ကျင်းပခဲ့ပြီး နိဗ္ဗာန်ကျောင်းတိုက် နာယကဆရာတော်ဘဒ္ဒန္တစန္ဒိမာ၏ ဦးဆောင်မှုဖြင့် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်များကို တင်လှူပူဇော်နေစဉ်။
ကိုကျော်(သုံးခွ)

# လသာမြို့နယ် ၁၈ လမ်းရေမြောင်းအတွင်း အမှိုက်ပစ်လျှင်လမ်းအတွင်းဈေးရောင်းချခွင့်ပိတ်မည်ဟုအသိပေးကြေညာ

**ရန်ကုန် ဇွန် ၆**

လသာမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အထူးစီမံချက်ဖြင့် အကောင်အထည်ဖော်ရေကြောင်းများဆယ်ယူရှင်းလင်းနေခြင်းကို ဇွန် ၃ ရက်မှ ၂၁ ရက်ထိ ပြုလုပ်မည်ဖြစ်သည်။

လမ်းအပြည့်ဈေးရောင်းချမှုများသော ၁၈ လမ်းအတွင်းရှိ ရေမြောင်းများဖွင့်ရာတွင် မြောင်းအပြည့်ရေဆိုးရေညစ်များ၊ စွန့်ပစ်ပစ္စည်းမျိုးစုံများ ပြည့်သည်ကို မြင်တွေ့ရသည်။ မီးသတ်ရေပိုက်ဖြင့် ဆယ်ယူရှင်းလင်းပြီးသော ရေမြောင်းများကို သန့်ရှင်းလုပ်ဆောင်ပေးပြီးဖြစ်သည်။

မြောင်းအတွင်းသို့ အမှိုက်များမစွန့်ပစ်ရန်နှင့်စွန့်ပစ်သည်ကိုတွေ့ရှိပါက လမ်းအတွင်းဈေးရောင်းချခွင့်ပိတ်မည်ဟု အသိပေးကြေညာနေသည်ကို ဇွန် ၅ ရက်နံနက် ၈ နာရီတွင် ကြားသိရသည်ဟု ယင်းလမ်းအတွင်းဈေးဝယ်လာသူ မရည်ရည်ဝင်းနှင့် ယင်းလမ်းအတွင်းဈေးရောင်းသည့် လုပ်ငန်းတာဝန်ခံဦးကော်တို့က ပြောသည်။

ယင်းကြေညာချက်ကို စာဖြင့်လည်းဈေးသည်များထံပေးဝေအသိပေးမည်ဟု (၂)ရပ်ကွက်နေသူတစ်ဦးထံမှ သိရသည်။ ယင်းအသိပေးမှုနှင့်အညီ စောင့်ကြည့်အရေးယူနိုင်လျှင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှု နည်းသွားနိုင်ကြောင်းလမ်းအတွင်း နေသူတစ်ဦးက ပြောသည်။

လမ်းအတွင်းဈေးရောင်းမှုများသည် ၁၇၊ ၁၈ လမ်းအထက်လမ်းတို့တွင် ယာဉ်ဝင်/ထွက်မှု ခဲယဉ်းသဖြင့် ယခုနှစ်ကျောင်းဖွင့်သည့် ကာလတွင်လည်း ကျောင်းကားများလမ်းအတွင်းမဝင်ဘဲ ကားလမ်းမကြီးများတွင် ရပ်စောင့်နေကြရသည်။ လမ်းအတွင်းနေသည့် ကျောင်းသူ ကျောင်းသားများ နေပူ၊ မိုးရွာသည့်ရက်များတွင် လမ်းထိပ်ထွက်၍ ကျောင်းကားသွားစီးနေရသည်မှာ အခက်အခဲများရှိသည်ဟု ယင်းလမ်းအတွင်းနေကျောင်းသားမိဘဖြစ်သူ ဒေါ်ခိုင်က ဆိုသည်။

၂၀၁၆ ဇန်နဝါရီလအတွင်း သက်ဆိုင်ရာမှ ၁၇ လမ်း၊ ၁၈ လမ်းအထက်လမ်းများအတွင်း စည်းကမ်းတကျဈေးရောင်းချရေး စောင့်ကြည့်အရေးယူမှုများရှိခဲ့သဖြင့် ယာဉ်ဝင်/ထွက်လွယ်ကူသည်အထိ ဈေးသည်များတိုက်နံရံဘက်သို့ရွှေ့၍ဈေးရောင်းချမှုများရှိခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာတွင် သတင်းဖော်ပြမှုရှိခဲ့သည်။ သို့သော် စောင့်ကြည့်ကြီးကြပ်မှု အားနည်းလာသည့်အတွက် ယာဉ်ဝင်/ ထွက်ခဲယဉ်းသည်အထိ လမ်းလယ်တွင် လမ်းသွားလမ်းလာများတိုးဝှေ့သွားလာရသည်အထိ ပြန်လည်ကြုံတွေ့နေရသည်ဟုပြောသည်။ စည်းကမ်းတကျရောင်းချမှု အားနည်းလာသည်သာမက ရေမြောင်းများတွင် ရေစီးရေလာကောင်းမွန်ရေးတွင်ပါ ထိခိုက်လာခြင်းများရှိလာသည်။

လမ်းမတော်မြို့နယ် ၃ ရပ်ကွက် ၈ လမ်းအတွင်း စည်းကမ်းမဲ့ဈေးရောင်းမှုတွင် ညအိပ်ညနေ နေထိုင်မှုပါရှိလာသဖြင့် လမ်းအတွင်းနေ ပြည်သူများ စုပေါင်းတိုင်ကြားမှုကြောင့် မေလအတွင်း သက်ဆိုင်ရာက လာရောက်ရှင်းလင်းပြီး လမ်းအတွင်း ဈေးရောင်းချခွင့် ဆုံးရှုံးခဲ့သည်။

သို့ဖြစ်၍ ၁၈ လမ်း၊ ၁၇ လမ်းအတွင်း ဈေးရောင်းချသူများအနေဖြင့် လမ်းအတွင်းနေထိုင်သူများအတွက် အနှောင့်အယှက်ဖြစ်စေမည့် ကျန်းမာသန့်ရှင်းရေးအပါအဝင် လူမှုရေးများပါမထိခိုက်သောလုပ်ရပ်များဖြင့် ဈေးရောင်းချသင့်ကြောင်း ယင်း လမ်းများအတွင်း နေထိုင်သူ တစ်ဦးကပြောသည်။

ပန်းဘဲတန်းမြို့နယ်အတွင်း ၂၇လမ်းအလယ်ခြမ်းတွင် ယာဉ်အဝင်၊အထွက်ပိတ်၍ ရေမြောင်းသန့်ရှင်းရေးလုပ်ဆောင်ရာတွင် ဇွန် ၃ ရက်မှ ၅ ရက် သတင်းရေးချိန်ထိ လမ်းပိတ်ထားဆဲဖြစ်သည်။ ယာဉ်အဝင်အထွက်မရှိသဖြင့် လမ်းအတွင်းဆိုင်အချို့ပိတ်ထားကြသည်။ ဖွင့်သောဆိုင်များသည် အရောင်းအဝယ်များကျဆင်းသည်ဟု ယင်းလမ်းအတွင်းဈေးရောင်းချသူကိုမာမူက ပြောသည်။

လမ်းအတွင်းရှိရေမြောင်းများမှ ထွက်ရှိသည့် အညစ်အကြေးများကို လမ်းဘေးနှစ်ဖက်တွင်စုပုံထားပြီး ဇွန် ၅ ရက်တွင် ယာဉ်ကြီးတစ်စီးဖြင့် သယ်ယူရာ နံနက် ၁၁ နာရီဝန်းကျင်တွင် လမ်းတစ်ဝက်သို့ ရောက်ရှိနေသည်ကို မြင်တွေ့ရသည်။ ရှင်းလင်းပြီးသွားသော မဟာဗန္ဓုလလမ်းထိပ်ဘက်ခြမ်းတွင် ယာဉ်ဝင်နိုင်သော်လည်း ပြောင်းပြန်ပြန်ထွက်နေရသည်ကို မြင်တွေ့ရသည်။ ရေမြောင်းများကို ကန်ထရိုက်စနစ်ဖြင့် လုပ်ဆောင်သည့်အခါ လမ်းသွယ်အတွင်း ယာဉ်ဝင်/ထွက်ပိတ်၍ဆယ်ယူရှင်းလင်းရာတွင် လမ်းအတွင်း အရောင်းအဝယ်လုပ်ကိုင်သူများ အရောင်းအဝယ်ကျဆင်းမှုနှင့်ကြုံတွေ့နေရသည်ဟု ပြောဆိုမှုများရှိနေသည်။

**ခင်ဆိုင်**



# မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးလျက်ရှိ

**ချောက် ဇွန် ၆**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်းမှ တောင်သူများအတွက် မိုးရာသီ သီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က မေ ၁၈ရက်မှစ၍ ထုတ်ချေးလျက်ရှိရာ ယနေ့အချိန်အထိ သစ်တိုကန်၊ ကျောက်တန်း၊ ဆယ်ကန်၊ ကျွဲတပ်နှင့် ထိန်စမ်း ကျေးရွာအုပ်စုငါးခုမှ တောင်သူများအား ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။

လယ်သမားများအား ချေးငွေထုတ်ပေးရာတွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိပြီးသော တောင်သူများအား တစ်ဦးလျှင် အများဆုံး ၁၀ ဧကအထိ ထုတ်ချေးပေးကြောင်း၊ စပါးစိုက်တောင်သူတစ်ဦးလျှင်ယခင်က တစ်ဧက ကျပ်တစ်သိန်းထုတ်ပေးရာမှ ယခုနှစ်တွင် ကျပ်တစ်သိန်းခွဲအထိ ထုတ်ပေးပြီး အခြားသီးနှံစိုက်တောင်သူများကို တစ်ဧက ကျပ်နှစ်သောင်းနှုန်း ထုတ်ချေးကြောင်း၊ ကျေးရွာအုပ်စု ငါးခုမှ တောင်သူ ၁၀၅၂ ဦးအတွက် ချေးငွေ ကျပ်သိန်းပေါင်း ၁၄၀၀ ကျော်ကို ထုတ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်ဆက်)**

# ရက် ၁၀၀ စီမံချက် ဆောင်ရွက်မည့်လုပ်ငန်းများရှင်းလင်း

**နေပြည်တော် ဇွန် ၆**

နေပြည်တော် ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ်အတွင်း ရက် ၁၀၀ စီမံချက်အရ ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၄ ရက်က ပြုလုပ်ခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီက အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးခင်မောင်မြင့်က ရက် ၁၀၀ စီမံချက်အရ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးကျော်မြင့်ဦး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇော်မောင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကောင်းမြတ်နောင်တို့က ကဏ္ဍအလိုက် ဆောင်ရွက်သွားမည့်လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ရှင်းလင်းပွဲသို့ မီဒီယာများ၊ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## သတင်းတိုများ

### မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း လုပ်ငန်းစဉ်များရှင်းလင်း

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) နောင်ချိုမြို့နယ်အသင်းခွဲ ဖွဲ့စည်းပြီးနောက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များရှင်းလင်းပွဲကို နောင်ချိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဇွန် ၃ ရက်က ကျင်းပခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဝမ်းဖေက မြို့နယ်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းအမှာစကား ပြောကြားသည်။ ထို့နောက် နောင်ချိုမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ ဒေါက်တာသော်ဇင်ထွန်းက မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန် ရှင်းလင်းပြောကြားခဲ့သည်။

**စိုးဝင်း(နောင်ချို)**

### ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုး

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် လမ်းခွကျေးရွာအနီး အင်းတော်-ကသာကားလမ်း ကြိုးဝိုင်းအကွက်အမှတ်(၅၀)၌ ၂၀၁၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က ပြုလုပ်ခဲ့ပြီး ကျွန်းပျိုးပင် ၁၅၀၀ ကို စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း၊ ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းနှင့် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**လူအောင်(ကသာ)**

# လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး ပညာပေးမှုများ ဆောင်ရွက်

**သာယာဝတီ ဇွန် ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် အိုးသည်ကုန်းမြို့၌ မိုးရာသီကာလတွင် ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းဝေးရေးအတွက် အသိပညာပေး မြေစိုက်ပိုစတာကို စိုက်ထူခဲ့ကြောင်း သိရသည်။

မြေစိုက်ပိုစတာကို အိုးသည်ကုန်းမြို့မဈေးရှေ့ လူစည်ကားရာနေရာ၌ အိုးသည်ကုန်းမြို့ လျှပ်စစ်မှူး ဦးအောင်အောင်နှင့် ဝန်ထမ်းများက မေ ၃၀ ရက်က စိုက်ထူခဲ့ခြင်းဖြစ်ပြီး လျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်အချက်များပါဝင်သော ပညာပေး လက်ကမ်းစာစောင်များကိုလည်း မြို့နေပြည်သူများအား ဆက်လက်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

(၀၅၅)

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ပခုက္ကူ ဇွန် ၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကမ္မမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ကမ္မလူငယ်ဖွံ့ဖြိုးရေးအသင်း(KYDO)က ကြီးမှူး၍ ဇွန် ၅ ရက်က ပြုလုပ်ခဲ့သည်။

ကမ္မမြို့ ရုံးပင်ရိုးအောင်တော်မူတောရကျောင်း ခန်းမ၌ ကျင်းပသည့် ဟောပြောပွဲတွင် ပခုက္ကူခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်သော သိမှတ်ဖွယ်ရာများကို ဟောပြောရာတွင် ကမ္ဘာမြေပေါ်တွင် ရေနံ၊ ကျောက်မီးသွေး၊ သတ္တုအစရှိသော သဘာဝသယံဇာတများရှိကြောင်း၊ လေထု၊ မြေထု၊ ရေထု၊ ကုန်းမြေ၊ ရေမြေ၊ ကျွန်းမြေ များပေါ်တွင် မူတည်၍ လူသားများ၊ သက်ရှိသတ္တဝါများ မှီတင်းနေထိုင်ကြပြီး အပင်များသည် နေရာဒေသကိုလိုက်၍ ပေါက်ရောက်လျက်ရှိကြောင်း၊ သဘာဝသယံဇာတများ၊ ပတ်ဝန်းကျင်များသည် အဓိကအားဖြင့် လူသားများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးများ ဖြစ်ပေါ်လျက်ရှိရာ နောက်ထပ်ထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိစေရန်နှင့် ပြန်လည်ရှင်သန်ဖွံ့ဖြိုးလာအောင် တားဆီးလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းဟောပြောသည်။

ထို့နောက် ကမ္မတိုက်နယ်ဆရာဝန် ဒေါက်တာဇော်မိုးအေးက သဘာဝပတ်ဝန်းကျင်သည် လူသားများ၏ ကျန်းမာရေးအပေါ် အဓိကအကျိုးသက်ရောက်မှုများရှိကြောင်း အသိပညာပေး ဟောပြောပြီး ကမ္မလူငယ်ဖွံ့ဖြိုးရေးအသင်းမှ အဖွဲ့ဝင်တစ်ဦးက သစ်ပင်စိုက်ပွဲ ကျင်းပခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကမ္မလူငယ်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကမ္မမြို့နေ ပြည်သူများ စုပေါင်း၍ နှစ်ရှည်သစ်ပင် ပျိုးပင်များကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ဆလိုင်းကိုကီး**



ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနက ရက် (၁၀၀) စီမံချက် ကာလအတွင်း ဆောင်ရွက်လျက်ရှိသော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အပ်ချုပ်စက် သင်တန်းဖွင့်ပွဲကို ကြို့ပင်သာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၂ ရက်က ကျင်းပစဉ်
မြို့နယ် (ပြန် /ဆက်)

## မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် မြို့နယ်များ၌ ရဲတပ်ဖွဲ့ဝင်များက ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေး

**မော်လမြိုင် ဇွန် ၆**

မွန်ပြည်နယ် ရဲတပ်ဖွဲ့၏ ရက် ၁၀၀ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်မှုအဖြစ် ပြည်နယ်အတွင်းရှိ မြို့နယ်များမှ စာသင်ကျောင်းများတွင် ရဲတပ်ဖွဲ့ဝင်များစုပေါင်း၍ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့ မရမ်းကုန်းရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း အတွင်းအပြင်တွင် အမှိုက်များကောက်ခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းစေရန် တူးဖော်ပေးခြင်းနှင့် ကျောင်းဝင်းအတွင်းအပြင် မြက်ပင်များ ရှင်းလင်းခြင်းတို့ကို ရဲတပ်ဖွဲ့ဝင်များစုပေါင်း၍ မေ ၂၈ ရက်နှင့် ၂၉ ရက်က ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ထို့အတူ ချောင်းဆုံမြို့နယ် မူလတန်းလွန်ကျောင်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင် ၂၃ ဦးကလည်းကောင်း၊ ကျိုက်မရောမြို့နယ် အမက(၅) ကျောင်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးဦးဆောင်သော ရဲတပ်ဖွဲ့ဝင် ၂၀ ဦးကလည်းကောင်း၊ မုဒုံမြို့နယ် အထက(၁)ကျောင်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးဦးဆောင်သော ရဲတပ်ဖွဲ့ဝင် ၃၇ ဦးကလည်းကောင်း၊ သံဖြူဇရပ်မြို့နယ် အထက(၁)ကျောင်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင် ၂၀ ဦးကလည်းကောင်း၊ ရေးမြို့နယ် အထကခွဲ(၃) ကျောင်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးဦးဆောင်သော ရဲတပ်ဖွဲ့ဝင် ၂၀ ဦးကလည်းကောင်း ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**




၂၀၁၆ ခုနှစ် ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ် ကာယဗလနှင့် ကာယကြံ့ခိုင်မှု လူသစ်တန်း ဖိတ်ခေါ်ပြိုင်ပွဲကို ဇွန် ၄ ရက် ညနေပိုင်းက တာချီလိတ်မြို့ အောင်မြတ်ခန်းမတွင် ကျင်းပစဉ်
မောင်ယဉ်ကျေး

## မီးဘေးလုံခြုံရေး ရေစီးရေလာကောင်းမွန်ရေး မော်လမြိုင်၌ ဆောင်ရွက်

**မော်လမြိုင် ဇွန် ၆**

ပြည်ထဲရေးဝန်ကြီးဌာန မွန်ပြည်နယ် မီးသတ်တပ်ဖွဲ့ မီးသတ်ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် ရက် ၁၀၀ စီမံချက်အရ မော်လမြိုင်ခရိုင် မီးသတ်ဦးစီးမှူး ဦးရဲအောင်ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေအသီးသီးရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ဇွန် ၄ ရက်က မော်လမြိုင်ရှိ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး၏ အရှေ့မုခ် ဦးရှေ့လမ်းဘေး ဝဲ၊ ယာ၊ မုပ္ပန်နယ်မြေရှိ မောင်ငံဈေး အတွင်း၊ အပြင်တို့တွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ရေစီးရေလာကောင်းရေး၊ ရေမြောင်းများ ရှင်းလင်းဆောင်ရွက်ကြသည်။

အလားတူ သထုံခရိုင် လေးမြို့နယ်နှင့်မော်လမြိုင်ခရိုင် ခြောက်မြို့နယ်ရှိ မီးသတ်တပ်ဖွဲ့ဝင်များက ရက် ၁၀၀ စီမံချက်အရ နယ်မြေအသီးသီးရှိ ဈေးများအတွင်း၊ အပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ဈေးပတ်ဝန်းကျင်တစ်လျှောက်ရှိ ရေမြောင်းများ ရေစီးရေလာကောင်းရေး၊ ဈေးများအတွင်း မီးဘေးလုံခြုံရေး၊ မီးသတိပြုလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(၁၁၀)**

## ဒီရေမြင့်တက်မှုကြောင့် ကုလားချောင်းတာကျိုး

**ရွှေသောင်ယံ ဇွန် ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ်ခွဲ မကျီးဇင်အုပ်စု ကုလားချောင်းတာသည် ဇွန် ၄ ရက်က ပင်လယ်ဒီရေပုံမှန်ထက်မြင့်တက်မှုကြောင့် တာအပေါ်မျက်နှာပြင် ငါးပေခန့်၊ အောက်ခြေ ၁၀ ပေခန့်ကျိုးကျခဲ့ကြောင်းသိရသည်။ အဆိုပါ ကုလားချောင်းတာသည် ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ပေးခဲ့ခြင်းဖြစ်ပြီး ရေတံခါးအောက်ခြေခုံတစ်ပေကျော်မြင့်၍ ပုံမှန်လယ်များပင် စိုက်မရကြောင်းသိရသည်။

ရေတံခါးမြောက်ဘက်ခြမ်း ရေထုတ်ပြွန်ပြုလုပ်ရာမှ မပြီးပြတ်သေးမီ ရေကြီးရေလျှံနှုန်းမြင့်မား၍ ကျိုးကျခြင်းဖြစ်သည်ဟုလည်းသိရသည်။ အဆိုပါကုလားချောင်းတာသည် ကုလားချောင်းကျေးရွာ၊ ပေါက်တူးကွင်းကျေးရွာ၊ ပေါက်လှဂျိုင်ကျေးရွာနှင့် ပုန်းညှက်မော်ကျေးရွာတို့ရှိ လယ်ဧက ၃၀၀ဝခန့်ကို ရေပေးဝေလျက်ရှိသည်။ ကုလားချောင်းဘုန်းတော်ကြီးက ဦးဆောင်၍ လူငယ်များက သဲအိတ်၊ ကျောက်အိတ်များဖြင့် တာလုံခြုံမှုရှိစေရန် ဆောင်ရွက်လျက်ရှိသည်။ **ကိုကိုမောင် (ပြန်/ဆက်)**

# အတိတ်ရယ် ပစ္စုပ္ပန်ရယ် အနာဂတ်ရယ်

**ဆရာသောင်း (ရမည်းသင်း)**

ဩော်.... ငှက်တွေဟာ ပျံရင်းနဲ့ သေကြရသလို လူတွေဟာလည်း ကြံရင်းနဲ့ သေကြရတာပဲမဟုတ်လား။

နောက်ပြီး အတိတ်ရယ်၊ ပစ္စုပ္ပာန်ရယ်၊ အနာဂတ်ရယ်ဆိုတဲ့ ကာလသုံးပါးကို အမှန်တကယ် ခွဲခြမ်းစိတ်ဖြာကြည့်မယ်ဆိုရင် "မနေ့ကသည် အတိတ်၊ ဒီနေ့သည် ပစ္စုပ္ပန်၊ မနက်ဖြန်သည် အနာဂတ်ပင် မဟုတ်ပါလော။"

အဲ့ဒီအပြင် ဒီကာလသုံးပါးဟာလည်း တစ်ခုနှင့်တစ်ခု အကြောင်းအကျိုးဆက်နွယ်မှုတွေ ရှိတတ်ကြစမြဲဆိုတာ ဘုရားဟောပဲလေ။ အတိတ်က ကိုယ်ပြုခဲ့တဲ့ကံကောင်းရင် အခုပစ္စုပ္ပန်မှာ ကောင်းတာတွေဖြစ်ကြရသလို အတိတ်က ကိုယ်ပြုခဲ့တဲ့ကံ မကောင်းခဲ့ရင်လည်း ပစ္စုပ္ပန်မှာ မကောင်းတဲ့ဒဏ် ခံကြရမှာပဲပေ့ါ။

ဒါကြောင့်မို့ အတိတ်က ကိုယ်ပြုခဲ့တဲ့ ဒါနကုသိုလ်ကံလေးများ ရှိခဲ့မယ်ဆိုရင် ဒီပစ္စုပ္ပန်မှာ ထီဆုကြီးကြီးများ ပေါက်လေမလားဆိုတဲ့ မျှော်လင့်ချက်မျိုးတော့ ထားကြရမှာပဲလေ။ ဒါပေမယ့် ဘာအလုပ်မှမလုပ်ဘဲနဲ့ ထီအချောင်ပေါက်ချင်တာမျိုးတော့ မဖြစ်သင့်ဘူးပေ့ါ။

အေးလေ။ ဘာပဲပြောပြော တကယ်တော့ ထီထိုးရတာ မြတ်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ထီထိုးပြီးတဲ့နေ့ကစပြီး ထီဖွင့်တဲ့နေ့အထိ "ထီပေါက်ရင်ဘာလုပ်မယ်၊ ညာလုပ်မယ်၊ ဘာလှူမယ်၊ ညာလှူမယ်" နဲ့ စိတ်ကူးယဉ်အိပ်မက်လေးတွေ မက်ရတာကိုက အရသာပဲမဟုတ်လား။ မလှူရခင်ကတည်းက ပုဗ္ဗစေတနာဖြစ်ပြီး တစိမ့်စိမ့်ကုသိုလ်တွေရနေတာကလည်း ပီတိဖြစ်စရာကြီးပါ။

အင်း... ထီမထိုးဖူးသေးတဲ့သူတွေလည်း ဒီလိုအရသာမျိုးဟာ ဘယ်လောက်ထိအောင် ကောင်းသလဲဆိုတာကို ကိုယ်တိုင်ကိုယ်ကျသိကြရအောင် ထီထိုးကြည့်စေချင်တယ်ဗျာ။ ကံစမ်းလေးပေ့ါ။

ကျွန်တော်ကတော့ မိသားစုအတွက် အလုပ်လည်းလုပ်တယ်၊ ထီလည်းထိုးတယ်။ တစ်နေ့နေ့မှာ ထီဆုကြီးကြီးပေါက်မှာပဲလို့လည်း ယုံကြည်ထားတယ်။ ထီဆိုတာ ကျွန်တော်တို့နိုင်ငံလို ဆင်းရဲတဲ့နိုင်ငံတွေမှာတင် မကပါဘူး။ ချမ်းသာတဲ့နိုင်ငံတွေမှာရော နိုင်ငံအားလုံးလောက်နီးနီးမှာ ရှိကြပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ သီပေါမင်းလက်ထက်ကတည်းက ထီရောင်းချရေး စခဲ့တာဆိုပဲ။ အစိုးရအောင်ဘာလေထီကို ၁၉၃၈ ခုနှစ်ကစပြီး ဖွင့်လာခဲ့တာ အခုဆိုရင် ၇၈ နှစ်ကြီးများ တောင်ကြာလို့ စိန်ရတုတောင် ကျော်ခဲ့ပြီပေ့ါ။ အဲ့ဒီတုန်းက ထီတစ်စောင်ကို နှစ်ကျပ်သတ်မှတ်ပြီး အမြင့်ဆုံးထီဆုက တစ်သိန်းတဲ့လေ။

ကျွန်တော်အရွယ်ရောက်ခါစအချိန်အထိ ဘယ်ထီဆိုင်မှာပဲထိုးထိုး ထီတစ်စောင်ကို သတ်မှတ်ဈေးနှစ်ကျပ်ထက် တစ်ပြားမှ ပိုမရောင်းကြဘူး။ ပိုရောင်းလို့လည်း မရဘူးလေ။ အဲ့ဒီတုန်းက အစိုးရအောင်ဘာလေဌာနက ရောင်းတဲ့ထီက တစ်အုပ်မှာ ၁၁ စောင်ပါပေမယ့် ၁၀ စောင်ဖိုး ကျပ် ၂၀ နဲ့ ရောင်းကြပြီး တစ်စောင်အပိုပေးထားတာကြောင့် ထီဆိုင်တွေက ထီတစ်စောင်ကို သတ်မှတ်ဈေး နှစ်ကျပ်နဲ့ရောင်းရင်ပဲ တစ်စောင်မြတ်နေပြီလေ။ ဈေးပိုရောင်းစရာ မလိုတော့ဘူးပေ့ါ။

အဲ.... တကယ်လို့ ထီဆိုင်တွေက တစ်စောင်နှစ်ကျပ်ထက် ပိုရောင်းခဲ့မိလို့ အတိုင်ခံရမယ်ဆိုရင် ဥပဒေအရ အရေးယူတာတွေ ဘာတွေရှိလေတော့ ပိုမရောင်းရဲကြပါဘူး။ ခုခေတ်လိုလည်း လောဘမကြီးကြပါဘူး။ အဲဒီတုန်းက ဥပဒေကိုလည်း အစိုးရရော ပြည်သူတွေကပါ လေးလေးစားစား လိုက်နာကြပါတယ်။ ခေတ်တွေ ဘယ်လောက်ပဲပြောင်းပြောင်း အခြားကုန်ဈေးနှုန်းတွေ ဘယ်လောက်ပဲတက်တက် ထီဆိုင်တွေမှာ ထီဈေးနှုန်းတွေ ပိုမတင်ဘဲ သတ်မှတ်ဈေးအတိုင်းရောင်းတာဆိုလို့ နှစ်ကျပ်တန်အစိုးရထီ တစ်မျိုးပဲရှိတယ်။

အဲ့ဒီကနေ တဖြည်းဖြည်းနဲ့ အစိုးရထုတ် ထီလက်မှတ်ဈေးနှုန်းတွေ တိုးမြှင့်လာလိုက်တာ ထီတစ်စောင်ကို နှစ်ကျပ်ကနေ ငါးကျပ်၊ ၁၀ ကျပ်၊ ၅၀ ကျပ်၊ ၁၀၀ ကျပ် အဆင့်ဆင့်ဖြစ်လာရင်းက ၂၀၀၉ ခုနှစ်ကစပြီး ၂၀၀ ကျပ်တန်ထီ စထုတ်ခဲ့ပါတယ်။

ထီဆုကိုလည်း အရင်နှစ်ကျပ်တန်ထီတုန်းက ပေးခဲ့တဲ့ ငွေကျပ်တစ်သိန်းဆုကနေ သုံးသိန်း၊ ငါးသိန်း၊ သိန်း ၅၀၊ သိန်း ၅၀၀၊ သိန်း ၁၀၀၀၊ သိန်း ၁၅၀၀ ဆုဆိုပြီး တိုးမြှင့်ပေးလာလိုက်တာ အခုအထိပါပဲ။

တကယ်တော့ ထီထိုးတယ်ဆိုတာ ကိုယ့်ရဲ့အနာဂတ်စိတ်ကူး အိပ်မက်လေးတွေကို အကောင်အထည်ဖော်တဲ့နေရာမှာ ဘဝကြီး လုံးဝ၊ သိသိသာသာ ပြောင်းလဲသွားနိုင်တဲ့ အံ့ဩလောက်တဲ့ဆုကြေးမျိုးဖြစ်မှလည်း ထိုးအားရှိမှာပေ့ါ။ ထိုးချင်ကြမှာပေ့ါ။

အခုဆိုရင် အောင်ဘာလေထီ ၅၀၀ ကျပ်တန်ထီလက်မှတ်တွေရောင်းပြီး ပထမဆုကြီးကို ငွေကျပ်သိန်းပေါင်း ၁၀၀၀၀ အထိ ပေးမယ့်အပြင် သိန်း ၅၀၀၀၊ သိန်း ၁၀၀၀၊ သိန်း ၅၀၀ စတဲ့ဆုတွေကိုပါ ပေးဖို့စီစဉ်နေပြီဆိုတဲ့ သတင်းကောင်းကြီးကို ကြားလိုက်ရတော့ ထီဝါသနာရှင်တွေအားလုံးအတွက် ဝမ်းသာလွန်းလို့ တထောင်ကလိုက်ချင်ပါသေးတယ်ဗျာ။ တကယ်ပါပဲ။

ဒီလောက်အထိ ဝမ်းသာမိတာလည်း မပြောနဲ့လေ။ နှစ်ကျပ်တန်ထီတစ်စောင်ကို တစ်သိန်းဆုပေးတုန်းက ရွှေတစ်ကျပ်သားမှ ပေါက်ဈေးက ကျပ် ၂၀၀ ဆိုတော့ တစ်သိန်းဆုပေါက်ရင် ရွှေငါးပိဿာပဲ ဝယ်နိုင်မှာမဟုတ်လား။ အခုလို ၅၀၀ ကျပ်တန်ထီတစ်စောင်ကို ဖွင့်ပေးမယ့် သိန်း ၁၀၀၀၀ ဆုကြီးများ ကံကောင်းလို့ ပေါက်ခဲ့မယ်ဆိုရင် ရွှေတစ်ကျပ်သားကို ကျပ်ရှစ်သိန်းဈေးနဲ့ ဝယ်ရရင်ပဲ ရွှေ ၁၂ ပိဿာခွဲကြီးများတောင် ဝယ်နိုင်တော့မှာဆိုပြီး စိတ်ကူးယဉ်လို့က ကောင်းလိုက်ပါဘိသနဲ့။

ဒါကြောင့်မို့ တရားမဝင် နှစ်လုံးထီတွေ၊ ချဲထီတွေထိုးကြရင်းက မွဲပြာကျ၊ ဘဝပျက်သွားတဲ့သူတွေကို ကြည့်ပြီး ကြောက်လွန်းလွန်းလို့ တရားဝင် အောင်ဘာလေထီကိုပဲ ထိုးကြပြီး သိန်း ၁၀၀၀၀ ဆုကြီးပေါက်လာမယ့် အနာဂတ်စိတ်ကူးယဉ်အိပ်မက်လှလှလေးတွေကိုသာ မက်ကြပါစို့လို့ စေတနာရှေ့ကထားပြီး ရေးသားတိုက်တွန်းလိုက်ရကြောင်းပါ။

အင်း...ငှက်တွေဟာ ပျံရင်းနဲ့သေကြရသလို လူတွေဟာလည်း ကြံရင်းနဲ့ပဲ သေကြရတာ ကောင်းပါတယ်လေ။ ဘာပဲလုပ်လုပ်၊ ဘာပဲဖြစ်ဖြစ် မမေ့မလျော့၊ မပေါ့မဆ၊ အမြဲသတိရှိ နေရမှာကတော့... အတိတ်ရယ်...ပစ္စုန်ပ္ပန်ရယ်...အနာဂတ်ရယ်။ ။

**နှစ်ကျပ်တန်ထီတစ်စောင်ကို တစ်သိန်းဆုပေးတုန်းက ရွှေတစ်ကျပ်သားမှ ပေါက်ဈေးက ကျပ် ၂၀၀ ဆိုတော့ တစ်သိန်းဆုပေါက်ရင် ရွှေငါးပိဿာပဲ ဝယ်နိုင်မှာမဟုတ်လား။ အခုလို ၅၀၀ ကျပ်တန်ထီတစ်စောင်ကို ဖွင့်ပေးမယ့် သိန်း ၁၀၀၀၀ ဆုကြီးများ ကံကောင်းလို့ပေါက်ခဲ့မယ်ဆိုရင် ရွှေတစ်ကျပ်သားကို ကျပ်ရှစ်သိန်းဈေးနဲ့ ဝယ်ရရင်ပဲ ရွှေ ၁၂ ပိဿာခွဲကြီးများတောင် ဝယ်နိုင်တော့မှာဆိုပြီး စိတ်ကူးယဉ်လို့က ကောင်းလိုက်ပါဘိသနဲ့**

# ပုပ္ပားတောင်မ မီးတောင်ဝသို့



**မောင်သာ(ရွှေဟောင်းသုတေသန)**

**ပုပ္ပားတောင်သည် စပါးပုံတောင်၊ ရေတွင်းတောင်၊ မောင်းတောင်၊ ငုတ်တိုတောင်၊ နွားလပို့တောင်၊ မှန်တောင်၊ ဆေးပွင့်တောင်၊ စိန်တောင်၊ မာလာတောင်၊ ကင်ပွန်းတောင်စသည့် တောင်စွယ်များနှင့် ဆက်နေသည်။ ပညာရှင်များက ပုပ္ပားမီးတောင်သည် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀၀၀ ဝန်းကျင်က ပေါက်ကွဲခဲ့ကြောင်း ခန့်မှန်းခဲ့ကြသည်။ ယခုအချိန်တွင် ပုပ္ပားသည် မီးတောင်သေတစ်ခုဖြစ်နေပြီး မီးတောင်သေထိပ်ဝသည် တစ်မိုင်ခန့်ကျယ်ဝန်းကာ ပေ ၂၆၅၀ နက်ရှိုင်းသည့် ချောက်ကြီးတစ်ခုအဖြစ် ကျန်ရှိနေသည်။ ယင်းချောက်ကြီးကို ချုံမတွင်းချောက်ဟု ခေါ်ကြသည်**

ကျောက်ပန်းတောင်းမြို့ကို ကျော်ဖြတ်ခဲ့ပြီး ပုပ္ပားသို့သွားခဲ့သည့်လမ်းတစ်လျှောက် ကြည်လင်တောက်ပနေသည့် မိုးကောင်းကင်အောက်မှ လွင်ပြင်ကျယ်ကြီးအလယ်တွင် ထီးထီးမားမားရပ်တည်နေသော ပုပ္ပားတောင်ဟုထင်ရှားသည့် ပုပ္ပားတောင်ကလပ်နှင့် အနီးဝန်းကျင်ရှုခင်းများသည် အလွန်လှပသည့်မြင်ကွင်းများဖြစ်ကြပေသည်။ ထို့ကြောင့်လည်း ပုပ္ပားသည်မြန်မာနိုင်ငံ၏ ပြည်တွင်းခရီးသွားလုပ်ငန်းတွင် သာမက ပြည်ပခရီးသွားလုပ်ငန်းများအကြား၌ပါ ထင်ရှားသည့် ခရီးသွားဒေသတစ်ခုဖြစ်လာခဲ့သည်။

ပုပ္ပားသည် အပန်းဖြေခရီးသွားများအပြင် ဘူမိဗေဒ၊ သမိုင်း၊ ရုက္ခဗေဒ၊ သစ်တောအစရှိသည့် ပညာရပ်ဆိုင်ရာသုတေသီများ လာရောက်သုတေသနပြုကြသည့် စိတ်ဝင်စားဖွယ်၊ လေ့လာဖွယ်ရာများ များပြားသည့် နယ်မြေတစ်ခုဖြစ်သည်။ မျောက်၊ ငှက်၊ လိပ်ပြာစသည့် ဇီဝမျိုးစိတ်များကို သုတေသနပြုကြသူများ၊ ပရဆေးပင်များနှင့် သစ်ခွအပါအဝင် အပင်မျိုးစိတ်များကို လေ့လာသုတေသနပြုသူများသည် ပုပ္ပားသို့ လာရောက်လေ့ရှိကြသည်။ ထို့အတူ ပုပ္ပားသည် မြန်မာလူမျိုးများ ယုံကြည်ကိုးကွယ်ကြသောနတ်များ ပျော်စံရာနေရာတစ်ခုအဖြစ်လည်းကောင်း၊ ထွက်ရပ်ပေါက်စသည့် လောကီလွန်လူပုဂ္ဂိုလ်များနှင့်စပ်လျဉ်းသည့် ဒေသတစ်ခုအဖြစ်လည်းကောင်း မြန်မာလူမျိုးများအကြား ထင်ရှားကာ ရည်ရွယ်ချက်မျိုးစုံဖြင့် လာရောက်လည်ပတ်ကြသူ ခရီးသွားဧည့်သည်များဖြင့် အမြဲစည်ကားနေလေ့ရှိသည်။

ပုပ္ပားတောင်သည် မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့မှ အရှေ့မြောက်ဘက် ၁၀ မိုင်အကွာ၊ ပဲခူးရိုးမ၏ မြောက်ဘက်အစွန်တွင် တည်ရှိသည်။ ပုပ္ပားသည် ရန်ကုန်မြို့မှ ၄၀၅ မိုင်၊ ပုဂံမှ အရှေ့တောင်ဘက်သို့ ၃၁ မိုင်ကွာဝေးကာ မြေပုံညွှန်းအရ ပုပ္ပားတောင်၏ တည်နေရာသည် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၅၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၄ မိနစ်ဖြစ်သည်။ ပုပ္ပားတောင်သည် မြန်မာနိုင်ငံအလယ်ပိုင်း၊ ပုဂံအနီးရှိ မီးတောင်ဟောင်းတစ်ခုဖြစ်ကာ ပုပ္ပားတောင်ကို ရာသီဥတုသာယာချိန်တွင် ၃၇ မိုင်ကွာဝေးသော ဧရာဝတီမြစ်အနီးမှ မြင်တွေ့နိုင်သည်။

ပုပ္ပားမြို့သည် ပုပ္ပားတောင်ကလပ်သွားရာလမ်းတွင် တည်ရှိပြီး ဒေသဖွံ့ဖြိုးမှုကောင်းမွန်သော မြို့ငယ်တစ်ခုဖြစ်သည်။ ပုပ္ပားတောင်တွင် တောင်မကြီးနှင့် တောင်ကလပ်ဟူ၍ နှစ်ပိုင်းရှိရာ တောင်ကလပ်သည် အနောက်ဘက်သို့ ဆင်ခြေလျှောနိမ့်ဆင်းသွားပြီး ပုပ္ပားတောင်ကလပ်ကို ပုပ္ပားမီးတောင်ပေါက်ကွဲပြီး ပဲ့ထွက်သွားသည့်အစိတ်အပိုင်းတစ်ခုဟု ယူဆမှုများရှိသကဲ့သို့ မီးတောင်လည်တိုင်ဟု ယူဆမှုများလည်းရှိသည်။ ပုပ္ပားတောင်မကြီးသည် ပင်လယ်ရေမျက်နှာပြင်အထက် ၄၉၈၁ ပေမြင့်ပြီး မှတ်မိလွယ်ရန် တစ်ဆယ့်ကိုးယုတ်ငါးထောင်ဟု မှတ်သားကြသည်။ ပုပ္ပားတောင်ကလပ်သည် ၂၄၁၇ ပေမြင့်မား၍ မတ်စောက်ပြီး ကလပ်ပုံစံရှိသဖြင့် တောင်ကလပ်ဟု ခေါ်ကြသည်။ ပြည်တွင်းပြည်ပခရီးသွားများသည် တောင်ကလပ်သို့ အများဆုံး လာရောက်လည်ပတ်ကြသည်။

နှစ်စဉ် ဒီဇင်ဘာလ ၂၁ ရက်နှင့် ၂၅ ရက်အကြားတွင် ပုပ္ပားတောင်မတွင် တောင်တက်ပွဲများရှိပြီး အခမ်းအနားကြီးတစ်ရပ်မဟုတ်သော်လည်း အနယ်နယ်အရပ်ရပ်မှ ခရီးသွားများသည် ထိုရက်များတွင် ပုပ္ပားသို့လာရောက်ကာ တောင်မကြီးထိပ်သို့ပျော်ရွှင်စွာတက်ရောက်လေ့ရှိကြသည်။ ဒီဇင်ဘာလ ၂၅ ရက် ခရစ္စမတ်နေ့တွင် တောင်တက်သူများ အစည်ကားဆုံးဖြစ်ပြီး ပုပ္ပားအနီးဝန်းကျင်ဒေသများဖြစ်သည့် ကျောက်ပန်းတောင်း၊ မြင်းခြံ၊ ညောင်ဦးအစရှိသည့် မြို့နယ်များမှ အများဆုံးလာရောက်ကြသည်။ တောင်တက်သူများသည် ပုပ္ပားအပန်းဖြေစခန်း(Popa Resort)မရောက်မီ ဝဲဘက်ရှိ တောလမ်းမှ ပုပ္ပား တောင်ပေါ်သို့ တက်ရောက်လေ့ရှိကြသည်။ တောင်တက်ရန် လာရောက်ကြသူများသည် တောင်တက်သမားများ မဟုတ်ကြသော်လည်း ပျော်ရွှင်စွာ စုပေါင်းတက်ရောက်ကြသည့် ခရီးသွားများဖြစ်ကြပြီး ပြည်ပခရီးသည်များလည်း ပါဝင်တက်ရောက်ကြသည်။ ပုပ္ပားဒေသ၏ ဒီဇင်ဘာလတွင် အေးစိမ့်သောရာသီဥတုကို ခံစားကာ တောင်တက်ကြသည့်ခရီးသည် မမေ့နိုင်ဖွယ် အမှတ်တရဖြစ်ကြရသဖြင့် ပုပ္ပားသို့ လာရောက်တောင်တက်ကြသူများသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လျက်ရှိပေသည်။

ပုပ္ပားတောင်၏ ကန်တော့ပုံမီးတောင်ဝသည် မြောက်ဘက်တွင် အနောက်သို့ အနည်းငယ်နိမ့်နေသောကြောင့် ပုပ္ပားတောင်သည် အရှေ့ဘက်၊ အနောက်ဘက်နှင့် တောင်ဘက်တို့တွင် မြင့်နေသည်ဟုထင်ရသည်။ ထို့ကြောင့် ပုပ္ပားတောင်ကို အနောက်ဘက်မှကြည့်လျှင် တောင်ထွတ်နှစ်ခုမြင်ရ၍ မြောက်ဘက်မှကြည့်လျှင် တောင်ထွတ်တစ်ခုသာမြင်ရသည်။ ပုပ္ပားတောင်သည် စပါးပုံတောင်၊ ရေတွင်းတောင်၊ မောင်းတောင်၊ ငုတ်တိုတောင်၊ နွားလပို့တောင်၊ မှန်တောင်၊ ဆေးပွင့်တောင်၊ စိန်တောင်၊ မာလာတောင်၊ ကင်ပွန်းတောင်စသည့် တောင်စွယ်များနှင့် ဆက်နေသည်။ ပညာရှင်များက ပုပ္ပားမီးတောင်သည် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀၀၀ ဝန်းကျင်က ပေါက်ကွဲခဲ့ကြောင်း ခန့်မှန်းခဲ့ကြသည်။ ယခုအချိန်တွင် ပုပ္ပားသည် မီးတောင်သေတစ်ခုဖြစ်နေပြီး မီးတောင်သေထိပ်ဝသည် တစ်မိုင်ခန့်ကျယ်ဝန်းကာ ပေ ၂၆၅၀ နက်ရှိုင်းသည့် ချောက်ကြီးတစ်ခုအဖြစ် ကျန်ရှိနေသည်။ ယင်းချောက်ကြီးကို ချုံမတွင်းချောက်ဟု ခေါ်ကြသည်။

ပုပ္ပားမီးတောင်ဝသို့ရောက်ရှိရန် ပုပ္ပားရှိ သဘာဝပိုဇိုလန်စက်ရုံအနီးမှ သွားရောက်နိုင်သည်။ ကျွန်တော်သည် ရန်ကုန်မြို့မှ Journey Plan ခရီးသွားလုပ်ငန်းက စီစဉ်ပြီး ပုဂံဟိုတယ်လုပ်ငန်းရှင်များအဖွဲ့နှင့် ပုဂံဧည့်လမ်းညွှန်များအဖွဲ့တို့ ပူးပေါင်းပါဝင်သော ပုပ္ပားတောင်တက်ခရီးတွင် လိုက်ပါခွင့်ရရှိခဲ့ကာ ပုပ္ပားမီးတောင်ဝသို့ ရောက်ရှိခဲ့ပါသည်။ ပုပ္ပားမြို့ ဗျတ္တပန်းဆက်လမ်းပေါ်ရှိ လင်းပုပ္ပားဟိုတယ်မှ မိနစ် ၂၀ ခန့်ကားမောင်းလာခဲ့ရာ ပုပ္ပားလွင်နှင့် ချိုင်းရွာများကို ကျော်ဖြတ်ပြီးနောက် ကားလမ်း၏ယာဘက်ရှိ သဘာဝပိုဇို လန်စက်ရုံသို့ ရောက်ရှိခဲ့သည်။

စက်ရုံ၏ မျက်နှာချင်းဆိုင်ရှိချောက်ထဲတွင် ပိုဇိုလန်ကျောက်များကို အများအပြားမြင်တွေ့ရသည်။ ပိုဇိုလန်သည် မီးတောင်ပေါက်ကွဲသည့်နေရာများတွင်ရှိသည့် ဆီလီကာနှင့် အလူမီနီယံကြွယ်ဝသော သဘာဝတွင်းထွက်တစ်မျိုးဖြစ်သည်။ ပိုဇိုလန်ကို ဘိလပ်မြေအဖြစ် အသုံးပြုလေ့ရှိကာ ရေနှင့်ထိတွေ့လေ၊ မာကျောလေဖြစ်သောကြောင့် ရေနှင့်အမြဲထိနေသည့် ဆည်မြောင်း၊ တာတမံများ တည်ဆောက်ရာတွင် အများဆုံးအသုံးပြုကြောင်း ပုဂံဟိုတယ်လုပ်ငန်းရှင်များအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝိတ်က ရှင်းပြခဲ့သည်။

ပုပ္ပားပိုဇိုလန်စက်ရုံဘေးမှ လမ်းအတိုင်း ၁၀ မိနစ်နီးပါး ကားမောင်းလာပြီးနောက် တောင်ပေါ် တောင်ရွာသို့ ရောက်ရှိခဲ့သည်။ တောင်ပေါ်ရွာသည် တောင်ရွာနှင့် မြောက်ရွာဟူ၍ နှစ်ရွာရှိရာ ပုပ္ပားမီးတောင်ဝသို့ တောင်ပေါ်တောင်ရွာမှ သွားရသည်။ ပုပ္ပားတောင်ပေါ် တောင်ရွာသည် အိမ်ခြေငါးရာကျော်ရှိသည့် ကျေးရွာကြီးတစ်ရွာဖြစ်ပြီး ဒေသခံများသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင် အသက်မွေးကြရာ ငှက်ပျော၊မြေပဲ၊မုန်ညင်းဖူး၊ ခရမ်းချဉ်တို့ကို အများဆုံး စိုက်ပျိုးကြပြီး သရက်၊ ပိန္နဲ၊ သဘော်များကိုလည်း စိုက်ပျိုးကြသည်။

ကျွန်တော်တို့သည် တောင်ပေါ်တောင်ရွာကို ဖြတ်သန်းမောင်းနှင်လာခဲ့ပြီးနောက် ရွာအပြင်တွင် ကားများရပ်ထားခဲ့ကြပြီး တောင်ဘက်သို့လမ်းလျှောက်ကာ ပုပ္ပားမီးတောင်ဝဆီသို့ သွားရောက်ခဲ့ကြသည်။ ရွာမှထွက်စတွင် မြေပြန့်စိုက်ကွင်းများအကြားမှ ဖြတ်သန်းခဲ့ကြရာ ယာကွက်တစ်ခုနှင့်တစ်ခုကြားတွင် ကျောက်တုံးများကို ကန်သင်းပြုလုပ်ထားသည်ကို ထူးခြားစွာမြင်ကြရသည်။ ကြီးမားသော ကျောက်တုံးများပေါ်တွင် ကျောက်တုံးငယ်များကိုဆင့်လျက် ယာကွက်နယ်နိမိတ်များ ပြုလုပ်ထားသည်မှာ အောက်ပြည်သားကျွန်တော့်အတွက် အထူးအဆန်းဖြစ်ခဲ့ရပေသည်။ ပုပ္ပားသည် ကျောက်တုံးများ ပေါများသည့်ဒေသဖြစ်သဖြင့် ကျောက်တုံးကြီးငယ်များကို နေရာအနှံ့မြင်တွေ့ရသည်။ မီးတောင်ပေါက်ကွဲခဲ့စဉ်က လွင့်စဉ်ခဲ့သည့် ချော်ရည်ချော်ခဲများသည် ပုပ္ပားတောင်မကြီး၏မြောက်ဘက် ၁၀ စတုရန်းမိုင်အထိ ဖုံးလွှမ်းခဲ့ပြီး ချော်တုံးအပိုင်းအစများကို ယနေ့တိုင် မြင်နိုင်ကြသည်။

ကျွန်တော်တို့အဖွဲ့ကို ပုပ္ပားသစ်တောဦးစီးဌာနမှ ဦးသိန်းဝင်းက ဦးဆောင်လမ်းညွှန်ခဲ့သည်။ မြေပြန့်ယာကွက်များကို ကျော်လွန်သည်နှင့် လမ်းက တဖြည်းဖြည်းကျဉ်းမြောင်းလာခဲ့ကာ တစ်ယောက်ချင်း တန်းစီတက်ကြရသည်။ တောင်တက်လမ်း၏ဝဲယာတွင် ငှက်ပျောတောများ၊ သရက်ခြံများ၊ ပိန္နဲပင်များကို မြင်တွေ့ကြရသည်။ သဘာဝအလျောက်ပေါက်ရောက်နေသည့် ပန်းပင်များကို မြင်ရသကဲ့သို့ မမြင်ဖူးသော တောရိုင်းပန်းပွင့်များကိုလည်း တွေ့ရှိရပေသည်။ တောင်တက်လမ်းက အလွန်မမတ်စောက်သော်လည်း ရှည်လျားစွာတက်ရသဖြင့် အဖွဲ့တွင်လိုက်ပါလာသူအချို့မကြာခဏ နားကြရသည်။ ပုပ္ပားတောင်မကြီးသည် တောမနက်လှသော်လည်း မျောက်၊ တောဝက်၊ ချေနှင့် စိုင်များ ကျက်စားနေထိုင်ကြကြောင်း ဦးသိန်းဝင်းက ရှင်းပြသည်။ ပုပ္ပားတောင်မတွင်မျောက်ညိုနှင့် မျောက်မျက်ကွင်းဖြူများ နေထိုင်ကျက်စားလျက်ရှိကာ ယင်းတို့သည် မျိုးစိတ်ကွဲပြားသော်လည်း မျောက်ညိုများက ရွက်ကြမ်းများကိုစား၍ မျောက်မျက်ကွင်းဖြူများက ရွက်နုများကိုစားကြသဖြင့် အတူတကွ နေထိုင်နိုင်ကြကြောင်း သိရှိရသည်။ မျောက်များကို လမ်းဘေးရှိ တောင်စောင်းများတွင် တစ်ခါတစ်ရံ တွေ့ကြရသည်။ အမဲလိုက်ခြင်း၊ တောကောင်များကိုပစ်ခတ်ခြင်းများကို တားမြစ်ထားသဖြင့် သဘာဝတောကောင်များသည် ပုပ္ပားဒေသတွင် ဘေးကင်းစွာ ရှင်သန်နေကြကာ ကောင်းမွန်သောဂေဟစနစ်ကို မြင်တွေ့ကြရပေသည်။

သာယာသောဝန်းကျင်ရှုခင်းကို ကြည့်ရှုခံစားကာ ကျွန်တော်တို့ မှန်မှန် တက်လာခဲ့ကြရာ တောင်တက်ချိန် တစ်နာရီခွဲသာသာတွင် ပုဂံဧည့်လမ်းညွှန်များ အဖွဲ့နာယက စာရေးဆရာဇော်ဝင်းချိုနှင့် ကျွန်တော်တို့ မီးတောင်ဝသို့ ရောက်ရှိခဲ့သည်။ ကျွန်တော်တို့နှစ်ယောက်က စကားပြောရင်း ရှေ့မှတက်လာခဲ့ကြပြီး လင်းပုပ္ပားဟိုတယ်မှ ဝန်ထမ်းသမီးငယ်နှစ်ဦးဖြစ်သည့် မချယ်ရီလွင်နှင့် မဇင်မာစိုးတို့က ရန်ကုန်မှလိုက်ပါလာသည့် မိန်းကလေးများနှင့်အတူ လမ်းတစ်လျှောက်ကြွေကျနေသည့် သရက်သီးများကို ကောက်ယူလာကြသည်။ သရက်ပင်များနှင့်အတူ ပိန္နဲပင်များ၊ သဘော်ပင်များ၊ ဩဇာပင်များကိုလည်း တွေ့ရှိရကာ တောင်ပေါ်တောင်ရွာမှ လာရောက်စိုက်ပျိုးကြသည်ဟု ဆိုသည်။

ပုပ္ပားမီးတောင်ဝ၏ အလယ်မြေပြန့်နေရာတွင် သစ်တောဦးစီးဌာန၊ ပုပ္ပားတောင်ဥယျာဉ်၊ တောင်တွင်းချောင်စခန်းရုံးကို ဖွင့်လှစ်ထားသည်။ ကျွန်တော်တို့ စခန်းတွင် ခေတ္တနားနေကြချိန်တွင် ဝန်ထမ်းများက ကတွတ်သီးမှည့်များဖြင့် ဧည့်ခံသည်။ ကတွတ်သီးများသည် အလုံးကြီးမား မှည့်ဝင်းနေကာ အရသာ ချိုဆိမ့်ကောင်းမွန်သည်။ တောင်တွင်းချောင်စခန်းရုံးပတ်လည်တွင် ကတွတ်ပင်များကိုတွေ့ရှိရကာ အသီးများ အများအပြားသီးနေသည်ကို တွေ့ရှိရသည်။ မချယ်ရီလွင်က ကျွန်တော့်ကို လိုက်လံပြသပြီးကတွတ်သီးများကို ပုပ္ပားသို့သယ်ယူရောင်းချရကြောင်း ပြောပြသည်။

စခန်းတွင် ခေတ္တနားပြီးနောက် ကျွန်တော်တို့သည် မီးတောင်ဝ၏ အနက်ရှိုင်းဆုံးနေရာသို့သွားရောက်ရန် တောင်တက်ခရီးကို ဆက်ခဲ့ကြသည်။ ဤနေရာတွင် တောင်စောင်းက အနည်းငယ်မတ်လာသည်။ ဦးသိန်းဝင်း၏ ဦးဆောင်မှုဖြင့် ကျွန်တော်တို့အားလုံး မီးတောင်အနက်ဆုံးနေရာသို့ရောက်ရှိခဲ့ကြသည်။ မီးတောင်အောက်ဆုံး ချိုင့်အတွင်းသို့ဆင်းကြည့်လိုက်ရာ ဘေးပတ်လည်တွင် ဝန်းရံနေသည့် တောင်မြင့်ကြီးများကို မြင်ရသည်။ ယင်းတောင်မြင့်များသည် မှန်ပြတောင်၊ စပါးပုံတောင်နှင့် ဆေးမွန်တောင်များဖြစ်ကြကာ မှန်ပြတောင်က အမြင့်ဆုံးဖြစ်ပြီး ၄၉၈၁ ပေမြင့်သည်။ ထိုနေရာမှပင် နွားလပို့တောင်ကိုလည်း မြင်နေရသည်။ ဦးသိန်းဝင်း၏ ပြောပြချက်အရ ပုပ္ပားမီးတောင်ဝ၏ အနက်ရှိုင်းဆုံးနေရာသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၅၀၀ ဝန်းကျင်ရှိသည်ဟု သိရှိရပေသည်။

ပုပ္ပားမီးတောင်ဝချိုင့်ဝှမ်းကို တောင်သုံးလုံးက ဝန်းရံနေသည်ဟု ဖတ်ရှုခဲ့ရဖူးသော်လည်း ကိုယ်တိုင်ရောက်ရှိခဲ့ချိန်တွင် တောင်လေးလုံးကို မြင်တွေ့ခဲ့ရသည်။ တောင်များ ထိပ်တွင် စေတီများရှိကြပြီး မူလစေတီအလှူရှင်သည် ရသေ့ကြီးဦးခန္တီဖြစ်သည်ဟု သိရှိရသည်။ စပါးပုံတောင်ပေါ်တွင် ဆက်သွယ်ရေးတာဝါတိုင် စိုက်ထူထားသည်။ ဆေးမွန်တောင်ပေါ်သို့ ရေပိုက်သွယ်တန်းကာ ရေစက်ဖြင့်မောင်းတင်ပေးပြီး ရေပိုက်တန်းကို မီးတောင်ချိုင့်ပေါ်မှ ဖြတ်သန်းသွယ်တန်းထားသည်။ ကျွန်တော်တို့သည် မီးတောင်ချိုင့်အတွင်း ကျဉ်းမြောင်းသောနေရာလေးကို တစ်ဦးစီလှည့်ပတ်ကြည့်ကြပြီး ပုပ္ပားတောင်မကြီးထိပ်သို့ မတက်တော့ဘဲ တောင်တွင်းချောင်စခန်းရုံးသို့ ပြန်လာခဲ့သည်။ စခန်းတွင် ရေနွေးကြမ်းသောက်ကြစဉ် ဝန်ထမ်းများ ဧည့်ဝတ်ပြုသော မယားအနှိပ်လွတ်ဟု ဝိသေသပြုထားသည့် ပျားရည်ကို အနည်းငယ်စီ မြည်းကြည့်ခဲ့ကြရာ သဘာဝပျားရည်စစ်ဖြစ်သောကြောင့် အရသာ အထူးကောင်းမွန်လှပေသည်။

ကျွန်တော်တို့သည် ပုပ္ပားမီးတောင်ဝမှ ပြန်လည်ထွက်ခွာလာခဲ့ကြပြီး သဘာဝအော်ဂဲနစ် စိုက်ခင်းများရှိသည့် ကျေးရွာများသို့ သွားရောက်ခဲ့သည်။ ပုပ္ပားသည် သဘာဝရေမြေကောင်းမွန်သော နေရာဒေသတစ်ခုဖြစ်ပြီး ရေထွက် ၉၉ ခုမှထွက်ရှိသောရေများကို သုံးစွဲသောက်သုံးကြသည်။ ကျွန်တော်တို့သည် ပုပ္ပားတောင်ဥယျာဉ်၏ အရှေ့ဘက်အဖျားတွင်ရှိသည့် နတ်ကန်လည်ရွာသို့ ရောက်ရှိခဲ့ရာ လမ်းတစ်လျှောက်ရှိ ကျောက်တံခါး၊ ဆုံကုန်း၊ ဆင်ဆင်းစသည့်ရွာများတွင် သဘာဝအော်ဂဲနစ်သဘော်၊ ငှက်ပျော၊ သရက်၊ သီဟိုဠ်သရက်နှင့် နဂါးမောက်စိုက်ခင်းများကို တွေ့ရှိခဲ့ရသည်။ နတ်ကန်လည်ရွာမှထွက်ရှိသော စိန်တစ်လုံးသရက်သီးများကို တရုတ်နိုင်ငံသို့ မူဆယ်မြို့မှတစ်ဆင့်တင်ပို့လျက်ရှိရာ တစ်ခြင်းလျှင် ၁၅ ကီလိုဂရမ် အလေးချိန်ရှိသည့် သရက်သီးခြင်းများကို အများအပြား တွေ့ရှိခဲ့ရသည်။ အလေးချိန် ၁၅ ကီလိုဂရမ်ပြည့်ရန် ပလတ်စတစ်ခြင်းတစ်ခြင်းတွင် အလုံးရေ ၃၅ လုံးမှ အလုံး ၄၀ ကြား ထည့်ရပြီး သရက်သီးများသည် အော်ဂဲနစ် စိန်တစ်လုံးသရက်သီးများဖြစ်ကြသည်။ သဘာဝမြေဩဇာကိုသာ အသုံးပြုလျက် အားဖြည့်ဆေး၊ ပိုးသတ်ဆေး၊ ဓာတုဗေဒဆေးများ မသုံးစွဲဘဲစိုက်ပျိုးထားသဖြင့် သရက်သီးများသည် အလွန် အရသာရှိသကဲ့သို့ ဘေးဥပဒ်လည်း ကင်းရှင်းလှပေသည်။ ပုပ္ပားဒေသရှိ အော်ဂဲနစ်စိုက်ခင်းများသို့ ပြည်ပခရီးသွားဧည့်သည်များ လာရောက်မှုရှိကြောင်း သိရှိရသည်။

**စာမျက်နှာ ၁၉ သို့**



## စွယ်တော်ရှင်စေတီတော် စိန်ဖူးတော်နှင့် ထီးတော်သစ် တင်လှူပူဇော်ရန် အလှူငွေပေးအပ်ပွဲကျင်းပ

**ဂန့်ဂေါ ဇွန် ၆**

ဂန့်ဂေါမြို့နယ် အနောက်ဂန့်ဂေါရှိ ရှေးဟောင်းသမိုင်းဝင် စွယ်တော်ရှင်စေတီတော်တွင် စိန်ဖူးတော်နှင့် ထီးတော်သစ် တင်လှူပူဇော်ရန်အတွက် ဂန့်ဂေါမြို့ရှိ ဌာနဆိုင်ရာ အသီးသီးမှ စေတနာရှင်များက အလှူငွေပေးအပ်ပွဲကို စေတီတော် အာရုံခံတန်ဆောင်း၌ ဇွန် ၄ ရက်က ကျင်းပသည်။

လယ်တီဓမ္မဗိမာန်ကျောင်းတိုက်ဆရာတော်က ဩဝါဒကထာကို မိန့်ကြားပြီး ဌာနဆိုင်ရာအသီးသီးမှ စေတနာရှင်များ စုပေါင်းလှူဒါန်းငွေကျပ်သိန်း ၅၀ ကျော်ကို စေတနာရှင်များကိုယ်စား ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်က စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းထံ ပေးအပ်လှူဒါန်းသည်။

ဂန့်ဂေါမြို့နယ်တွင် မေ ၁၃ ရက်က ငလျှင်လှုပ်ခတ်ခဲ့မှုကြောင့် စွယ်တော်ရှင်စေတီတော်၏ စိန်ဖူးတော်မြေခခဲ့ပြီး အဆိုပါစိန်ဖူးတော်နှင့် ထီးတော်သစ် တင်လှူပူဇော်နိုင်ရေးအတွက် ဂေါပကအဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိရာ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကအဖွဲ့ ဖုန်း-၀၉၂၅၉၁၅၀၈၉၉ သို့ ဆက်သွယ်၍ လှူဒါန်းနိုင်ကြကြောင်း သိရသည်။ **(၁၀၁)**

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**သံဖြူဇရပ် ဇွန် ၆**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို သံဖြူဇရပ်မြို့နယ် ဝယ်ကဝါကျေးရွာအုပ်စု အောင်ကုသိုလ်ရွာ မူလတန်းကျောင်းဝင်း အတွင်း၌ ဇွန် ၅ရက်က ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ မဟော်ဂနီ၊ ယူကလစ်နှင့် ကံ့ကော်ပျိုးပင် ၂၀၀ ကို မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးလှမြင့်ဦးနှင့် ဝန်ထမ်းများက ပေးအပ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်လင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျေးရွာနေပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက စုပေါင်းစိုက်ပျိုးခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲအပြီးတွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ဆက်လက်ပြုလုပ်ခဲ့ပြီး မြို့နယ် သစ်တောဦးစီးဌာနမှူးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်အေးအေးသီတို့က သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာ သိကောင်းစရာများကို ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူများအား ဟောပြောခဲ့သည်။

**ကျော်ဝင်း(ပြန်/ဆက်)**

## အခမဲ့သင်ကြားပေးနေသော ရွှေလျှားကွန်ပျူတာသင်တန်း အပတ်စဉ်(၁၆)သင်တန်းဆင်းပွဲကျင်းပ

**မင်းကင်း ဇွန် ၆**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့ ချမ်းမြေ့စည်ပညာရေးဖောင်ဒေးရှင်းမှ သင်ကြားပို့ချလျက်သော အခမဲ့ရွေ့လျားကွန်ပျူတာသင်တန်းများမှ သင်တန်းအပတ်စဉ်(၁၆)၏ သင်တန်းဆင်းပွဲကို ချမ်းမြေ့စည် သာသနာ့ရိပ်သာ၌ ဇွန် ၄ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ချမ်းမြေ့စည်ဆရာတော်က မြို့နယ်နေ လူငယ်များ၏ အဓိကလိုအပ်ချက်ဖြစ်သော ကွန်ပျူတာ လက်တွေ့အသုံးပြုမှုသင်တန်းကို အခမဲ့သင်ကြားပို့ချပေးနေကြောင်း၊ မိမိမြို့နယ်အား အခြားမြို့နယ်များနှင့် ရင်ပေါင်တန်းအဆင့်မီစေရန် ငွေကုန်ခံ၊ လူပင်ပန်းခံ၍ သင်ကြားပို့ချပေးနေခြင်းဖြစ်ကြောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးကို စေတနာအပြည့်အဝဖြင့် အလေးအနက်ထား ဆောင်ရွက်ပေးစေလိုကြောင်း မိန့်ကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက ဆရာတော်၏ မြို့နယ်ပရဟိတလုပ်ငန်းများသည် ဌာနဆိုင်ရာ အသီးသီးကိုပါ အကျိုးပြုစေကြောင်းနှင့် ဆရာတော်နှင့်ပူးပေါင်း၍ ပြည်သူကိုမျက်နှာမူသည့်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှောက်ထားပြီး သင်တန်းသားသင်တန်းသူ ၅၆ ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ **ချင်းတွင်းသား**

## ရက် ၁၀၀ စီမံချက်ကာလအတွင်း လားရှိုးမြို့နယ်၌ အမှုပေါင်း ၈၀၀ ကျော် ဖော်ထုတ်နိုင်ခဲ့

**လားရှိုး ဇွန် ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် ရက် ၁၀၀ စီမံချက် စတင်ဆောင်ရွက်ချိန်မှ ယခုအထိ ကာလအတွင်း အမှုကြီး ၂၇ မှု အပါအဝင် အမှုမျိုးစုံ ၈၀၀ ကျော်ကို ဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရသည်။

အမှုကြီး ၂၇ မှု၊ အခြားအမှု ၃၃၆ မှုနှင့် ကြိုတင်ကာကွယ်မှု ၄၄၁ မှု၊ စုစုပေါင်း ၈၀၄ မှုကို ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်ကာ လားရှိုးမြို့နယ်အတွင်း မြို့ပေါ်နှင့် မြို့ပတ်ဝန်းကျင်နေရာများတွင် မှုခင်းကြိုတင်ကာကွယ်ရေးနှင့် ဒုစရိုက်မှုများ နှိမ်နင်းရေးအတွက် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့(လားရှိုး)မှ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုး၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

မှုခင်းကြိုတင်ကာကွယ်ရေးနှင့် ဒုစရိုက်မှုများ ကျဆင်းပပျောက်ရေးအတွက် မော်တော်ယာဉ်လှည့်ကင်းများ၊ ဆိုင်ကယ်လှည့်ကင်းများ၊ ခြေလျင်လှည့်ကင်းများဖြင့် ဆောင်ရွက်လျက်ရှိနေကြောင်း၊ နယ်မြေလုံခြုံရေးအတွက် လှည့်ကင်းများ လှည့်လည်ဆောင်ရွက်ရာတွင် ခါးခုတ်မှုများ မကြာခဏဖြစ်ပွားသော ရပ်ကွက်(၅)၊ ရပ်ကွက်(၇)၊ ပြည်ထောင်စုလမ်းမကြီး၊ မြို့ရှောင်လမ်းနှင့် မြို့အစွန်အဖျားများသို့ လှည့်ကင်းများဖြင့် စိုးမိုးဆောင်ရွက်လျက်ရှိနေပြီး ရေပူစမ်းလမ်းဆုံ၊ ကုန်းညောင်-မန်အိုင်ဝင်ထွက်ပေါက်၊ မန္တလေးလမ်းဆုံ၊ နမ္မတူလမ်းဆုံ စသည့်နေရာများတွင်လည်း လူများအန္တရာယ်ဖြစ်စေမည့် တုတ်၊ ဓား၊ လက်နက်များ သယ်ဆောင်လာမှု မရှိစေရေးအတွက် ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများကိုလည်း တစ်ပြိုင်နက်တည်း ပြုလုပ်လျက်ရှိကြောင်း ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး၏ ပြောကြားချက်အရ သိရသည်။

**ကိုစိုင်း(လားရှိုး)**




လားရှိုးမြို့တွင်း၌ ကင်းလှည့်နေသော ရဲကားတစ်စီး

**စာမျက်နှာ ၁၈ မှ**

အိမ်ခြံဝင်းများတွင် စိုက်ထူလေ့ရှိသည့် လေးလက်မ၊ ငါးလက်မ ပတ်လည်ရှိသည့် အင်္ဂတေခြံစည်းရိုးအုတ်တိုင်များတွင် အညာဒေသတွင် တွေ့ရှိရလေ့ရှိသော ရှားစောင်းလက်ပပ်ပုံစံအပင်များ တွဲလောင်းဖြစ်နေသည်ကို တွေ့ရှိရသဖြင့် ကျွန်တော်မေးမြန်းကြည့်ရာ ဦးဇော်ဝင်းချိုက ယင်းအပင်များသည် ရှားစောင်းလက်ပပ်ပင်များမဟုတ်ဘဲ လူကြိုက်များသည့် နဂါးမောက်ပင်များဖြစ်ကြောင်း ရှင်းပြခဲ့သည်။ ခြံစည်းရိုးအုတ်တိုင်များထိပ်တွင် မော်တော်ဆိုင်ကယ်တာယာဟောင်းတစ်ခုကို ချည်နှောင်ထားရာ အောက်ခြေမှတက်လာသည့်အပင်သည် တိုင်ထိပ်တွင် ဘေးသို့ပြန့်ကားနေပေသည်။ နဂါးမောက်ပင်၏ ဖြာနေသည့်အကိုင်းဟု ခေါ်ရမည့် လက်တံချောင်းများ၏ဘေးနှစ်ဖက်တွင် ဆူးချောင်းလေးများရှိကာ ယင်းဆူးချောင်းများမှ နဂါးမောက်သီးများ သီးလာသည်။ အပွင့်ငယ် စထွက်သည့်နေ့မှစ၍ တစ်လတိတိတွင် ခူးဆွတ်၍ရကြောင်း သိရှိခဲ့ရသည်။ လူကြိုက်များကာ ဈေးကောင်းရသဖြင့် နတ်ကန်လည်ရွာရှိအိမ်များတွင် နဂါးမောက်ပင်များကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသည်ကို တွေ့ရှိရပေသည်။



ပုပ္ပားဒေသ၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသော နဂါးမောက်ပင်များ

ပုပ္ပားတွင် မျောက်နှင့် တောကြောင်အပါအဝင် နို့တိုက်သတ္တဝါမျိုးစိတ် ၁၀ မျိုး၊ လိပ်ပြာမျိုးစိတ် ၁၀၀၊ ငှက်မျိုးစိတ် ၁၇၅ မျိုး၊ ပရဆေးပင်ပေါင်း ၃၆၀၊ သစ်ခွ ၈၄ မျိုးရှိပြီး ရှားပါးငှက်မျိုးစိတ်များဖြစ်သည့် ဧွေ့မြန်မာဘီလုံးနှင့် နဖားကြူးငှက်များကို တွေ့ရှိနိုင်သည်။

ကျောက်ပန်းတောင်းမြို့နယ်သည် အရှေ့ဘက်တွင် မိတ္ထီလာမြို့နယ်နှင့် မလှိုင်မြို့နယ်၊ အနောက်ဘက်တွင် ညောင်ဦးမြို့နယ်နှင့် ချောက်မြို့နယ်၊ တောင်ဘက်တွင် နတ်မောက်မြို့နယ်နှင့် မြောက်ဘက်တွင် တောင်သာမြို့နယ်များနှင့် နယ်နိမိတ်ထိစပ်နေသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ပုပ္ပားသို့ ဒေသအသီးသီးမှ ခရီးလမ်းလွယ်ကူချောမွေ့စွာ ရောက်ရှိနိုင်ပေသည်။ ပုပ္ပားသည် ကောင်းမွန်သောဂေဟစနစ်နှင့်အတူ လှပသောရှုမျှော်ခင်းများရှိသည့် နေရာတစ်ခုဖြစ်ပြီး ပြည်တွင်းပြည်ပ ခရီးသွားများ ၁၂ ရာသီ လာရောက်လည်ပတ်လျက်ရှိသည်။ ပြည်တွင်းပြည်ပခရီးသွားများအတွက် အပန်းဖြေခရီးသာမက တောင်တက်ခရီးစဉ် အပါအဝင် ပိုမိုစိတ်ဝင်စားဖွယ်ကောင်းသော ခရီးသွားအစီအမံများကို တိုးချဲ့ဆောင်ရွက်ပေးခြင်းဖြင့် ပုပ္ပားခရီးသွားလုပ်ငန်းသည် ယခုထက် ပိုမိုဖွံ့ဖြိုးလာကာ ဒေသခံများ၏ လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာမည်ဖြစ်ပေသည်။ ။

## အမြန်လမ်းမကြီးပေါ်တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောပွဲပြုလုပ်

**ကျောက်တံခါး ဇွန် ၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးအနီး ကြာအင်းကုန်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာ အမကကျောင်း၌ မှုခင်းကျဆင်းရေးနှင့် ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းက ဦးစီး၍ ဇွန် ၄ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့ချောင်းအမြန်လမ်းရဲစခန်းမှ စခန်းမှူးဒုရဲမှူးထွန်းထွန်းဦးက အမြန်လမ်းမကြီးပေါ်တွင် ဖြတ်သန်းသွားလာခြင်းမပြုရန်တားမြစ်ထားသော စက်ဘီး၊ ဆိုင်ကယ်၊ ထော်လာဂျီနှင့် စက်ယန္တရားကြီးများ တက်ရောက်မောင်းနှင်ခြင်းမပြုရန်၊ မြေသားလမ်းမှသာ ရှောင်ကွင်းမောင်းနှင်ကြရန်၊ တံတားနေရာများနှင့် လမ်းဖြတ်နေရာများမှ ဖြတ်ကူးခြင်းများ မဖြစ်မနေပြုလုပ်ရချိန်တွင် ယာဉ်အန္တရာယ်ကို အထူးဂရုပြု သွားလာကြရန်၊ မိမိတို့ပိုင် ကျွဲနွားများကိုလည်း ခရီးသွားယာဉ်များ အန္တရာယ်ကင်းရှင်းရေးအတွက် လမ်းပေါ်မတက်အောင် စနစ်တကျ ထိန်းကျောင်းကြရန်နှင့် ရက် ၁၀၀ စီမံချက်အရ မှုခင်းကျဆင်းရေး ဆောင်ရွက်နေပုံများ၊ မှုခင်းကျဆင်းရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်ကြရန်တို့ကို ဟောပြောခဲ့သည်။

ထို့နောက် ကျေးရွာနေပြည်သူများအား အမြန်လမ်းမကြီးဥပဒေပုဒ်မ(၁၃)နှင့် (၁၄)ပါ အချက်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးနှင့် မှုခင်းကျဆင်းရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဟောပြောပွဲသို့ အမြန်လမ်းရဲစခန်းနှင့် နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ SAE ဦးအောင်အောင်နှင့် ဝန်ထမ်းများ၊ ကြာအင်းကုန်းကျေးရွာအုပ်စုနှင့် ဆင်ဇလုပ်ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

**ခင်ကို(ကျောက်တံခါး)**

# ကွတ်ခိုင်မြို့နယ်အတွင်း စစ်ဘေးရှောင်ပြည်သူများအား ကူညီထောက်ပံ့



**မူဆယ် ဇွန် ၆**
ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်အတွင်း နေရာဒေသတချို့၌ တိုက်ပွဲများမကြာခဏဖြစ်ပွားမှုကြောင့် ဒေသခံပြည်သူများ အိုးအိမ်ခြံမြေနှင့် မိမိတို့ပိုင်ဆိုင်သည့်ပစ္စည်းများကို စွန့်လွှတ်၍ ထွက်ပြေးတိမ်းရှောင်နေရသည်။

တိုက်ပွဲရှောင် ပြည်သူများအား မူဆယ်နယ်စပ်နှင့် ကျယ်ဂေါင်၊ ရွှေလီမြို့များရှိ အလှူရှင်များက မိမိတို့အလှူခံရရှိထားသော အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို ပေးအပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

အလှူပစ္စည်းများကို မိုင်းယု (၁၀၅) မိုင်ကျေးရွာ အောင်သီရိမင်္ဂလာ သုခကျောင်းတိုက် ကျောင်းထိုင် ဆရာတော်ထံသို့လည်းကောင်း၊ နမ့်ခွမ်ကျေးရွာ ဆရာတော်ထံသို့လည်းကောင်း၊ ကောင်းဝှက်ကျေးရွာဆရာတော်ထံသို့ လည်းကောင်း အသီးသီးစုဆောင်းသိုလှောင်အပ်နှံထားပြီး ထိုမှတစ်ဆင့် ဆရာတော်ကြီးများနှင့်အတူ “ပါရမီ” လူမှုကူညီရေးအသင်းသူ အသင်းသားများ၊ အလှူရှင်တချို့တို့က ဇွန် ၄ ရက်တွင် ကွတ်ခိုင်မြို့နယ်၊ မိုင်းယုလေး စစ်ဘေးရှောင်ဒုက္ခသည်စခန်းသို့သွားရောက်၍ လှူဖွယ်ပစ္စည်းများကို တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းလိုက်သော်လည်းကောင်း လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

လှူဒါန်းခဲ့သည့်ပစ္စည်းများမှာ ဆန် ၁၂၄ အိတ်၊ စားသုံးဆီ ၁၀ ဗူး၊ အဝတ်အထည် ကျား/မ၊ ကလေးလူကြီး ဝတ် ၂၂ ထုပ်၊ မုန့်ညင်းချဉ်ပုံးအကြီး ကိုးပုံး၊ ဆားအိတ်အကြီးအသေး အထုပ် ၅၀၊ ကိုယ်တိုက်ဆပ်ပြာ တစ်ဖာ၊ သွားတိုက်ဆေး၊ သွားတိုက်တံ တစ်ဖာ၊ အကြော်ငါးထုပ်၊ ဆပ်ပြာမှုန့်အကြီးအသေး ငါးထုပ်၊ ခေါက်ဆွဲ ၁၀ ဖာ၊ မုန့်မျိုးစုံ တစ်ဖာ၊ သကြား၊ နို့ဆီ တစ်ဖာ၊ ဟင်းချိုမှုန့် တစ်ဖာတို့ဖြစ်ပြီး မူဆယ်မြို့နယ်၊ ပန်ဆိုင်း သာသနာပြုကျောင်း ဆရာတော်တစ်ပါးမှ အလှူငွေ ငါးသောင်းကျပ်ကိုပါဝင်လှူဒါန်းခဲ့သည်။

အဆိုပါ ကယ်ဆယ်ရေးစခန်းတွင် မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ်၊ လွယ်စရန်းကျေးရွာ၊ ငေါ့ငါကျေးရွာ၊ မန်ဆိတ်ကျေးရွာ၊ ပိန်းဘွန်ကျေးရွာ၊ လွယ်ကန်ကျေးရွာ၊ မန်ပူးကျေးရွာ၊ ပန်နေးနမ်ဆုံကျေးရွာများရှိ အိမ်ခြေ ၁၄၃ အိမ်မှ လူဦးရေ ၇၃၄ ဦး ရောက်ရှိနေကြောင်း သိရသည်။

စစ်ဘေးရှောင်ပြည်သူများကို ကျန်းမာရေးကူညီ စောင့်ရှောက်မှုအဖြစ် ကွတ်ခိုင်မြို့ရှိ ကျန်းမာရေးဦးစီးဌာနမှ ဆရာ ဆရာမများနှင့် တိုင်းရင်းဆေးကုသဌာနတို့မှ ကူညီပံ့ပိုးပေးနေပြီး၊ အလားတူ လူမှုကူညီရေးအသင်းအဖွဲ့အစည်းများကလည်း ဆေးဝါးများနှင့် အခြားလိုအပ်သည့် အသုံးအဆောင်ပစ္စည်းများကို လှူဒါန်းခဲ့သည်။

“ကျွန်တော်တို့ ဒီဒုက္ခသည်စခန်းမှာနေတာ ကြာပါပြီ။ တိုက်ပွဲတွေလည်း မဖြစ်စေချင်တော့ပါဘူး။ ကျွန်တော်တို့ ဘာမှလုပ်ကိုင်စားလို့မရသလို ကလေးတွေအတွက်လည်း ကျန်းမာရေး၊ ပညာရေးတွေကို စိတ်ပူတယ်။ အခုဆိုကျောင်းတွေပြန်ဖွင့်နေတော့ မြို့က ကလေးတွေကျောင်းတက်တာကြည့်ပြီး ကိုယ့်ကလေးတွေကျောင်းမတက်ရတာ စိတ်မကောင်းဘူပေါ့။ အခုကျွန်တော်တို့ဆောက်နေကြတဲ့ ယာယီတဲတွေကလည်း လုံခြုံမှုမရှိပါဘူး။ မိုးတွင်းရောက်မှာကို စိုးရိမ်တယ် အမြန်ဆုံး ကိုယ့်အရပ်၊ ကိုယ့်ဒေသကို ပြန်ချင်ပါတယ်”ဟု တိုက်ပွဲရှောင်ပြည်သူတစ်ဦးက ပြောသည်။
**သတင်း-သန့်ဇင်(မူဆယ်)**
**ဓာတ်ပုံ-စိုးမိုး(၁၀၅)မိုင်**

# စည်းကမ်းဖောက်ဖျက်ယာဉ် ၆၀၀၀ ကျော်မှ ၁၃၆၂ စီးလိုင်စင်ပိတ် ယာဉ်မရပ်ရလမ်းပေါ်တွင် ကရိန်းဆွဲဖမ်းဆီးမှု ၆၃၈ စီးရှိ

**ရန်ကုန် ဇွန် ၆**
ရန်ကုန်တိုင်း ယာဉ်ထိန်းတပ်ဖွဲ့အနေဖြင့် ယာဉ်ကြောပိတ်ဆို့မှု လျော့ပါးရေး၊ ယာဉ်ကြော ရှင်းလင်းရေးအစီအမံများ ချမှတ်ကာ အချိန်နှင့်တစ်ပြေးညီ ကြီးကြပ်ဆောင်ရွက်နေသကဲ့သို့ စည်းကမ်းဖောက်ဖျက်ယာဉ်များကိုလည်း ကြပ်မတ်စစ်ဆေးအရေးယူမှုများ ပြုလုပ်လျက်ရှိရာ ပြီးခဲ့သည့် မေလအတွင်း စည်းကမ်းဖောက်ဖျက်ယာဉ် ၆၄၂၄ စီး ရှိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂) ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးကြီး အောင်ကိုဦးက ပြောသည်။

“ကျွန်တော်တို့ ယာဉ်ထိန်းတပ်ဖွဲ့ဝင်တွေအနေနဲ့ တမင်တကာ အကြောင်းမရှိ အကြောင်းရှာ ဖမ်းဆီးနေတာ မဟုတ်ပါဘူး။ မဖမ်းမဖြစ်လို့ စည်းကမ်းဖောက်ဖျက်နေလို့သာ ခုလိုဖမ်းဆီးနေရတာပါ။ သတ်မှတ် နံပါတ်ပြား မကပ်တာတွေ၊ ယာဉ် မရပ်ရလမ်းတွေမှာ ယာဉ်ရပ်တာတွေ ဒါတွေအကုန်လုံး ဖမ်းပါတယ်။ စေ့စေ့ပေါက်ပေါက်စစ်ဆေးမယ်ဆိုရင် အခု ဖမ်းဆီးတာထက်တောင် သုံးဆလောက်များနိုင်ပါတယ်”ဟု ဒုတိယ ရဲမှူးကြီး အောင်ကိုဦးက (၅၁) လမ်း ယာဉ်ထိန်းရုံး ရှင်းလင်းပွဲတွင် သတင်းထောက်များအား ပြောသည်။

အဆိုပါ စည်းကမ်းချိုးဖောက်ယာဉ် ၆၄၂၄ စီးအနက် လိုင်စင်ပိတ်သိမ်းသည့်အမှုပေါင်း ၁၃၆၂ မှုရှိကြောင်း သိရသည်။ မေ ၂၇ ရက်မှ ဇွန် ၂ ရက်အထိ တစ်ပတ်အတွင်းမှာပင် ယာဉ်စည်းကမ်းချိုးဖောက်သည့်အမှုပေါင်း ၁၅၈၈ မှုရှိကာ ယင်းတို့အနက် ၂၆၀ ကို လိုင်စင်ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

ဖြူနီမျဉ်းကြားနှင့် ယာဉ်မရပ်ရ သတ်မှတ်လမ်းများအတွင်း ယာဉ်ရပ်နားမှုများကို ကရိန်းကားများ အသုံးပြုကာ ရှင်းလင်းဖယ်ရှားမှုများကိုလည်း ဆက်တိုက်ပြုလုပ်ခဲ့ရာ မေလအတွင်း ၆၃၈ စီး ဖယ်ရှားရှင်းလင်းအရေးယူမှုများ ပြုလုပ်ခဲ့ကြောင်း အမှတ်(၂) ယာဉ်ထိန်းတပ်ဖွဲ့မှ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ထို့အပြင် ယာဉ်ထိန်းတပ်ဖွဲ့အနေဖြင့် စည်းကမ်းမဲ့ယာဉ်များကိုလည်း အရေးယူဖမ်းဆီးလျက်ရှိရာ မေလအတွင်း သန်လျင်မြို့နယ်မှ စည်းကမ်းမဲ့ယာဉ် ၇၅ စီး အပါအဝင် စုစုပေါင်း ၁၀၉ စီးကို ဖမ်းဆီးအရေးယူမှုများ ပြုလုပ်ခဲ့ကြောင်း ရှင်းလင်းပွဲတွင် ပြောကြားချက်အရ သိရသည်။
**သတင်း-မြင့်မောင်စိုး**

# လှိုင်သာယာသို့ဆက်သွယ်ထားသည့် ပင်မဓာတ်အားလိုင်းကြိုးအောက်တွင် အဆောက်အအုံသစ်တည်ဆောက်နေ၍ ပင်မဓာတ်အားရုံအတွက် အန္တရာယ်ရှိနေ

**ရန်ကုန် ဇွန် ၆**
ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အစုကြီးကျေးရွာတွင် ဇွန် ၁ ရက်မှစ၍ သံဇရိမ်ဖြင့် အဆောက်အအုံသစ်တစ်လုံး တည်ဆောက်လျက်ရှိရာ အဆိုပါ တည်ဆောက်စ အဆောက်အအုံ၏ အမြင့် ၂၅ ပေတွင် ပင်မဓာတ်အားလိုင်းနှင့် နီးကပ်နေသည့်အတွက် အန္တရာယ်ရှိနိုင်ကြောင်း ဒေသခံပြည်သူအချို့က ပြောသည်။

မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ရန်ကုန်-ပုသိမ်ကားလမ်းမကြီးဘေး အစုကြီးကျေးရွာအုပ်စု အစုကြီးကွင်းရှိ လရိပ်စားသောက်ဆိုင်နံဘေးတွင်ရှိသော မြေကွက်တွင် အဆိုပါ အဆောက်အအုံကို တည်ဆောက်နေခြင်းဖြစ်ပြီး အဆောက်အအုံမှာ လှိုင်သာယာပင်မဓာတ်အားပေးရုံသို့ ဝင်ရောက်သည့် ပင်မဓာတ်အားလိုင်းကြိုးနှင့် နီးကပ်နေသည့်အတွက် အန္တရာယ်ရှိနိုင်ကြောင်း၊ ပင်မဓာတ်အားလိုင်းအောက်တွင် အဆောက်အအုံဆောက်လုပ်ခြင်းသည် အန္တရာယ် လွန်စွာကြီးမားသည့်အပြင် လှိုင်သာယာမြို့နယ် လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွက်လည်း မမြင်နိုင်သော လျှပ်စစ်အန္တရာယ်များကို ဖိတ်ခေါ်သကဲ့သို့ဖြစ်နေသောကြောင့် ကြိုတင်ကာကွယ်သည့် လုပ်ဆောင်မှုတစ်ရပ်အနေဖြင့် မြေပြင်နှင့် ၂၅ ပေအကွာသာရှိသော ပင်မဓာတ်အားလိုင်းကြိုးအောက်တွင် အဆောက်အအုံဆောက်လုပ်နေခြင်းကို ပြန်လည်စစ်ဆေး၍ လိုအပ်ပါက တားမြစ်မှသာ လျှပ်စစ်အန္တရာယ် ကြိုတင်ကာကွယ်ရာရောက်မည်ဖြစ်ကြောင်း အစုကြီးကျေးရွာနေ ပြည်သူအချို့က ပြောကြားလျက်ရှိသည်။
**(၁၆၄)**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်

**ဖြူး ဇွန် ၆**
ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ ဖြူးမြို့နယ် ကည္ဟတ်ကွင်းမြို့ အမျိုးသမီးအိမ်တွင်းမှု အသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းဝင်းအတွင်း၌ ဇွန် ၅ ရက်က ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ဖြူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်နှင့် ရပ်မိရပ်ဖများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဒေါက်တာစိန်ထွန်းနှင့် ကော်မတီဝင်များ၊ ခေတ္တကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသင်း၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးမြင့်နိုင်ဦးနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များက ကျွန်းအပါအဝင် သစ်မာပျိုးပင် ၁၂၀၀ ကို ကျောင်းဝင်းအတွင်း တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။
**ဖြူးမြင့်ဦး**

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**ငပုတော ဇွန် ၆**
ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ခြင်နှိမ်နင်းရေးလုပ်ငန်းများကို မြို့ပေါ်ရပ်ကွက်များတွင် ဇွန် ၄ ရက်မှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငပုတောမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက စီစဉ်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မီးသတ်အဖွဲ့ဝင်များ ပူးပေါင်းပါဝင်ပြီး ငပုတောမြို့ပေါ် ရပ်ကွက်များသို့ အဖွဲ့ ၂၀ ခွဲကာ ခြင်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သည့် နေအိမ်ခြံများပတ်ဝန်းကျင်တွင် ခြင်ဥနွယ်အမှိုက်များရှင်းလင်းရန်၊ အသုံးမပြုသော ရေစည်၊ ရေအိုးများကို မှောက်ထားရန်နှင့် ဖုံးသွန်လဲစစ် စစ်ဆေးခြင်း၊ ရေစည် ရေကန်များတွင် အဘိတ်ဆေးခတ်ခြင်းတို့ကို ဒေသခံပြည်သူများအား အသိပညာပေးခဲ့ပြီး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။
**မျိုးကျော်သူ(ပြန်ဆက်)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပညာပေးဟောပြောပွဲများ ကျင်းပ

**နောင်ချို ဇွန် ၆**
အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြို ဟောပြောပွဲများကို နောင်ချိုမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းနှစ်ကျောင်း၌ ဇွန် ၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲများကို နောင်ချိုမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာ အထက်တန်းကျောင်းခွဲများ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး နောင်ချိုမြို့နယ် ဒုတိယရဲတပ်ဖွဲ့မှူး ဒုရဲမှူးခင်ညိုနှင့် မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုး နောင်ချို လှုပ်ရှားအဖွဲ့မှ ရဲအုပ်မြတ်သူရွှေတို့က မူးယစ်ဆေးဝါး အလွဲသုံးမှု၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ဆောင်ရွက်မှုများ၊ ကျောင်းသားလူငယ်များကြား မူးယစ်ဆေးဝါး စိမ့်ဝင်မှု မရှိစေရေး၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲ ဆိုးကျိုးများစသည့် အကြောင်းအရာများကို ဟောပြောခဲ့ကြသည်။
**စိုးဝင်း(နောင်ချို)**

# ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေးကွင်းဆင်းတိုင်းတာ

**တောင်သာ ဇွန် ၆**
တောင်သာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပြည်သူ့အကျိုးပြု ရက် ၁၀၀ စီမံချက်အရ တလိုင်းတဲကျေးရွာနေ အိမ်ထောင်စု ၁၂၉ စုအတွက် ကျေးရွာမြေငှားဂရန်များထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဂရန်ထုတ်ပေးရေးအတွက် တာဝန်ရှိသူများက ဇွန် ၁ ရက်က ကျေးရွာသို့ ကွင်းဆင်းတိုင်းတာခဲ့ကြောင်း သိရသည်။

မြို့နယ်မြေငှားဂရန် ချထားရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဝေလင်းထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် မြို့နယ်မြေငှားဂရန် ချထားရေးအဖွဲ့ဝင်များက ကျေးရွာနေပြည်သူများအား မြေငှားဂရန်ထုတ်ပေးရန် လိုအပ်ချက်များကို ကွင်းဆင်းတိုင်းတာ ကြည့်ရှုခဲ့ခြင်းဖြစ်သည်။

ကျေးရွာနေပြည်သူများအား မြေငှားဂရန်များ ထုတ်ပေးခြင်းကြောင့် ဒေသခံများသည် မိမိတို့နေထိုင်သည့်မြေနှင့် ပတ်သက်၍ ခိုင်မာသည့် တရားဝင် အထောက်အထားများ ရရှိလာပြီး စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုများပါ ပိုမိုရရှိလာစေမည်ဖြစ်ကြောင်း သိရသည်။
**လင်းလက်ကြယ်(တောင်သာ)**



# မိုးကုတ်မြို့တွင် တိုင်းရင်းဆေးကုဌာနနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းတို့ပူးပေါင်း၍ ဆေးကုသ

**မိုးကုတ် ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေး ဆရာအသင်းတို့ ပူးပေါင်း၍ မိုးကုတ်မြို့ ချမ်းသာကြီးဘုရားတောင်တော်ပေါ်ရှိ ချမ်းသာကြီးဘုရား ဓမ္မာရုံကြီးတွင် ဇွန် ၂ ရက်မှစတင်၍ ကွင်းဆင်းဆေးကုသမှုများအား ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကွင်း ဆင်းဆေးကုသမှုအဖွဲ့အား မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးကုဌာနမှူး ဆရာ ဦးပြေထွန်းနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း မန္တလေးအသင်းခွဲ ဥက္ကဋ္ဌ ဆရာဦးမျိုးမြင့်တို့ဦးဆောင်သော တိုင်းရင်းဆေး ဆရာ ဆရာမ ၂၆ ဦးတို့က မိုးကုတ်မြို့နယ်အတွင်းရှိ အကြောတက်၊ ချောင်းဆိုး၊ မူးမော၊ အဆစ်နာ၊ ကြီးပေါင်း၊ အကြိတ်၊ မီးယပ်၊ သူငယ်နာရောဂါဝေဒနာရှင်များအားအပ်စိုက်၊ အကြောပြင်၊ ဆေးစည်း၊ ကြပ်ထိုးခြင်းနှင့် မြန်မာ့တိုင်းရင်း သောက်ဆေးများပေးကာ ကုသပေးခဲ့ပြီး အဆိုပါ ကွင်းဆင်းကုသမှုတွင် မိုးကုတ်မြို့နယ်တိုင်းရင်းဆေး ဦးစီးဌာနမှူး ဦးအောင်နိုင်ဦးနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းဖွဲ့များက ဝိုင်းဝန်းကူညီပေးခဲ့ကြောင်း သိရသည်။

**နေဝါ(မိုးကုတ်)**



# ရေစကြိုမြို့နယ်တွင် သရက်သီးများအထွက်နှုန်းလျော့နည်းပြီး ဈေးကောင်းမရ

**ရေစကြို ဇွန် ၆**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် နှစ်စဉ် ကဆုန်၊ နယုန်၊ ဝါဆိုလများတွင် သရက်သီးများ ရင့်မှည့်လေ့ရှိရာ ယခုနှစ်သရက်သီးရာသီ၌ သရက်သီး အသီးနည်းပြီး ဈေးကောင်းမရ ဖြစ်နေသည်ဟု သိရသည်။

ယခင်နှစ်များက သရက်သီး ပေါ်စအချိန်တွင် မျိုးမကောင်းသည့် သရက်သီးတစ်လုံးလျှင် ငွေကျပ် ၁၅၀ ခန့်ပေါက်ဈေးရှိပြီး မျိုးကောင်းသရက်သီးတစ်လုံးလျှင် ငွေကျပ် ၂၀၀မှ ၈၀၀ခန့်အထိ ပေါက်ဈေးရှိခဲ့ရာ ယခုနှစ်တွင် သရက်သီးမှည့်တစ်လုံး ငွေကျပ် ၅၀ ခန့်သာ ဈေးရရှိကြောင်း ရာသီဥတုပူပြင်းသဖြင့် သရက်ကင်းများ ကြွေကျမှုများခဲ့သောကြောင့် သရက်သီး အသီးနည်းကြောင်း သိရသည်။

ယခုနှစ်တွင် သရက်သီးမှည့်များမှာ ဈေးကောင်းမရသဖြင့် အစိမ်းခူးဆွတ်ကာ တင်းချင်ဖြင့် သရက်ချဉ်ပြုလုပ်သူများထံ ရောင်းချသူ များပြားလျက်ရှိသည်ဟု သိရသည်။

သရက်သီးစိမ်း အကြီးအသေး ပေါ်မူတည်၍ တစ်တင်းလျှင် ငွေကျပ် ၂၀၀၀ နှင့် အထက်သာရရှိသဖြင့် ယခင်နှစ်များနှင့်နှိုင်းယှဉ်ပါက ယခုနှစ်တွင် သရက်သီး သီးနှုန်းလျော့နည်း၍ ဈေးကောင်းမရကြောင်း သိရသည်။

**အိမ့်နွန်ဆွေ(ရေစကြို)**



# အခြေခံငါးမွေးမြူခြင်းနှင့် ဆေးထိုးသားဖောက်သင်တန်းဖွင့်

**သထုံ ဇွန် ၆**

မွန်ပြည်နယ်အတွင်း ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးကာ ခေတ်မီဆေးထိုး သားဖောက်နှင့် အခြေခံငါးမွေးမြူရေးနည်းလမ်းများကို ဇွန် ၄ ရက်က မွန်ပြည်နယ် ငါးလုပ်ငန်းစခန်း(သထုံ)တွင် သင်တန်းဖွင့်လှစ် သင်ကြားပေးခဲ့ကြောင်း သိရသည်။

ကျေးလက်နေပြည်သူများအနေဖြင့် တစ်ပိုင်တစ်နိုင် သားဖောက်လုပ်ငန်းမှ စီးပွားဖြစ် သားဖောက်လုပ်ငန်းအဖြစ် ဆောင်ရွက်နိုင်ပြီး တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများမှ စီးပွားဖြစ် မွေးမြူ ရေးလုပ်ငန်းများဖြစ်သည်အထိ အသုံးချနိုင်အောင် မျှော်မှန်းကာ ဆေးထိုးသားဖောက်နှင့် အခြေခံငါးမွေးမြူရေး သင်တန်းကိုဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးထွန်းဌေးက သင်တန်းဖွင့်အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ပြည်အတွင်း ငါးနှင့်ပုစွန်မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်သည့် ဧရိယာ ဧက ၂၂၀၀ ဝန်းကျင်ခန့်ရှိပြီး ငါးမွေးမြူရေးလုပ်ငန်းများတွင် ငါးမြစ်ချင်း၊ ငါးခုံးမ၊ ရွှေဝါငါးကြင်း၊ ခေါင်းကြီး ငါးကြင်း၊ ငါကြင်းဖြူ၊ ငါးသိုင်းခေါင်းပွ၊ တီလားဗီးယားနှင့် မြက်စားငါးကြင်း ငါးမျိုးစိတ်များကို အဓိက မွေးမြူကြောင်း ယခုနှစ်တွင် ငါးလုပ်ငန်းဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် ပြည်နယ်အတွင်းရှိ လယ်မြေများ၊ လယ်ကြားမြောင်းများအတွင်းသို့ ငါးမျိုးကောင်းရေ ငါးသိန်းဝန်းကျင်ခန့်ကို အခမဲ့ လိုက်လံစိုက်ထည့်ပေးသွားမည်ဖြစ်ကာ ယခုကဲ့သို့ သင်တန်းများကိုလည်း ထပ်မံဖွင့်လှစ်ပေးပြီး တောင်သူများနှင့် မွေးမြူရေးလုပ်ငန်းခွင်များသို့သွားရောက်ကာ နည်းပညာအကူအညီပေးသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

အဆိုပါသင်တန်းတွင် မျိုးငါးမွေးမြူခြင်း၊ ဆေးထိုးပြီး ငါးသားဖောက်ခြင်းနှင့် ရရှိလာသည့် ငါးသားပေါက်များကို မြေသားကန်တွင် စနစ်တကျမွေးမြူခြင်း စသည့်နည်းလမ်းများကို တစ်ပိုင်တစ်နိုင်နှင့် ငါးမွေးမြူရေးလုပ်ငန်းရှင် ၃၀ ကျော်အား သုံးရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲများ ကျင်းပ

**ကျိုင်းတုံ ဇွန် ၆**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကဗျာ၊ ဆောင်းပါး၊ စာစီစာကုံးနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲများကို ကျိုင်းတုံမြို့ အထက(၂)ကျောင်း သံလွင်ခန်းမ၌ ဇွန် ၃ ရက်က ကျင်းပခဲ့သည်။

ဘာသာရပ်အလိုက် ပြိုင်ပွဲများသို့ ကျိုင်းတုံမြို့အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၅၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း၊ ပန်းချီပြိုင်ပွဲတွင် လက်နှင့်ရေးသည့် ပန်းချီပြိုင်ပွဲကိုသာ ဝင်ပြိုင်သူများပြီး ကွန်ပျူတာ ပန်းချီပြိုင်ပွဲတွင် ကျောင်းသား နှစ်ဦးသာရှိကြောင်း ဆရာမတစ်ဦးက ပြောသည်။

ပြိုင်ပွဲကျင်းပရာသို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးသန်းဦး၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကောင်းစံဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

## ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူ

**ကျောက်တံခါး ဇွန် ၆**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ မြေစိုက်ပိုစတာစိုက်ထူခြင်းအခမ်းအနားကို ဇွန် ၅ရက်က ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ ဒဂုံရွှေမန်းလမ်းနှင့် သရဖီလမ်းထောင့်တွင် စုပေါင်းစိုက်ထူခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်သစ်တောဦးစီးအရာရှိ၊ မြို့မရဲစခန်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**ခင်ကို(ကျောက်တံခါး)**

## သတင်းတိုများ

### အလုပ်အကိုင်အခွင့်အလမ်းများဆိုင်ရာဟောပြော

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့ မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်းရှိ နယူးစတားလိုက် ကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောက်လုပ်သော မင်္ဂလာ မူဆယ် လမ်းလျှောက်ဈေးတန်းရှိ စင်မြင့်တွင် စီးပွားရေးဆိုင်ရာအခွင့်အလမ်းများ၊ လူ့အခွင့်အရေးဆိုင်ရာများ၊ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာများ ဟောပြောဆွေးနွေးပွဲအခမ်းအနားကို ဇွန် ၄ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ပါမောက္ခဒေါက်တာအောင်ထွန်းသက်နှင့် ဦးထင်ဇံကျော် တို့က ဆွေးနွေးဟောပြောရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင် ကုန်သည်ကြီးများနှင့် ရပ်မိရပ်ဖဒေသခံတိုင်းရင်းသားများ တက်ရောက် ခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(ပြန်/ဆက်)**

### ရွှေ့ပြောင်းနေထိုင်သည့် အလုပ်သမားများအား စိစစ်ရေးပုံစံဖြင့် ဆောင်ရွက်

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် ရက် ၁၀၀ စီမံချက်ဖြင့် ရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်သမားများအား စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဇွန် ၄ ရက်က မင်္ဂလာဒီပရပ်ကွက်ဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ရက် ၁၀၀ စီမံချက်အရ ရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်သမားများအား အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးနိုင်ရေးအတွက် စိစစ်ရေးပုံစံဖြင့် စာရင်းကောက်ယူခြင်း ပြည်သူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ဆက်နွှယ်သော လုပ်ဆောင်လိုက်နာရမည့် စည်းမျဉ်းဥပဒေများနှင့် လုပ်ငန်းဆောင်ရွက်မှုသဘောသဘာဝများအား အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုး၊ ဥတ္တရခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်တို့က ရှင်းလင်းပြောကြားခဲ့ပြီး မေးမြန်းသည်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

### ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ သစ်ပင်စိုက်

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် စုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို မန္တလေးတိုင်းဒေသကြီး သာစည်မြို့မင်းလုကန်အနီးသာစည်-မိတ္ထီလာ ကားလမ်းမကြီးဘေး မိုင်တိုင်အမှတ် (၁၁/၆)မှ(၁၁/၈)အကြားတွင် ဇွန် ၅ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ငွေ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်း များ၊ မြို့နယ်သစ်တောဦးစီးဌာနမြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ပျိုးပင်ပေါင်း ၃၅၀ ကိုစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မျိုးမင်း(သာစည်)**

### အမှိုက်ပုံးဝယ်ယူနိုင်ရေး အလှူငွေပေးအပ်

ကျောင်းပတ်ဝန်းကျင် သန့်ရှင်းလှပရေးအတွက် လားရှိုးအခြေစိုက် အိုရီယမ်တယ် ဟိုက်ဝေးကုမ္ပဏီလီမိတက်က အမှိုက်ပုံးများဝယ်ယူသုံးစွဲနိုင်ရေးအတွက် အလှူငွေများပေးအပ်ပွဲကို ဇွန် ၄ ရက်တွင် အဆိုပါကုမ္ပဏီဧည့်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ရပ်မိ ရမ်ဖများတက်ရောက်ပြီး မြို့ပေါ်ရှိ စာသင်ကျောင်း ၄၀ အတွက် လိုအပ်လျက်ရှိသော အမှိုက်ပုံးများဝယ်ယူထားရှိနိုင်ရေးအတွက် ငွေကျပ်သိန်း ၅၀ ကို ပေးအပ်ခဲ့ကာ အိုရီယမ်တယ် ဟိုက်ဝေးကုမ္ပဏီ လီမိတက်မှ ဒါရိုက်တာ ဦးရဲထွဋ်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်ရှိ စာသင်ကျောင်းများအတွက် ပညာရေးအထောက်အကူပြုအကူအညီများ ပေးအပ်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇော်လွင် (လားရှိုး)**



**ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့နယ်မြေအတွင်းရှိ မြို့နယ်ရဲစခန်းများမှ တပ်ဖွဲ့ဝင်၊ ယာဉ်ထိန်းများပူးပေါင်းပြီး ဇွန် ၃ ရက်က အထက(၃) မြောက်ဥက္ကလာ ကျောင်းတက်ချိန်၊ ကျောင်းဆင်းချိန်များ၌ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်နေစဉ်**
ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

# နတ်တလင်းမြို့နယ်တွင် ပျိုးထောင်ကောက်စိုက်စနစ်ဖြင့် စိုက်ပျိုးသူနည်းလာ



**နတ်တလင်း ဇွန် ၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် မကျီးစုအုပ်စု လိပ်လှတ်ရွာ ဗုံးစုရွာ စသည့် ကျေးရွာများတွင် ဆည်ရေဖြင့် ပျိုးထောင်ထားရာမှ ကောက်စိုက်စနစ်ဖြင့် ဇွန် ၃ ရက်တွင် စတင်စိုက်ပျိုးနေသည်ကို တွေ့ရသည်။

"ကျွန်တော်တို့ဒေသမှာ ပြီးခဲ့တဲ့ရက်တွေကတည်းက စိုက်ပျိုးနေကြပါပြီ။ ဒါပေမယ့် ပျိုးထောင်ကောက်စိုက်စနစ်ထက် ကြဲပက်လို့ခေါ်တဲ့ အခြောက်သမန်းပြင် မျိုးစေ့တိုက်ရိုက်ချစနစ်နဲ့ စိုက်ပျိုးတဲ့လယ်သမားတွေ ပေါလာတယ်။

ပျိုးထောင်ပြီးစိုက်တဲ့စနစ်ကတော့ နည်းစနစ်နဲ့ လေ့လာမှုလိုအပ်ပါတယ်။ ကိုယ့်ဒေသနဲ့ကိုယ့်လယ်မြေ ကိုက်ညီမှုရှိတဲ့မျိုးစေ့ကို ရွေးချယ်စိုက်ပျိုးနိုင်ရမယ်။ မျိုးစေ့ကောင်းရရန် ကိုယ့်မျိုးကိုယ်ထားနိုင်ရမယ်။ စပါးစိုက်ပျိုးထုတ်လုပ်ရေးမှာမြေယာကို စနစ်တကျမပြုပြင်နိုင်ရင် အခြားလုပ်ဆောင်ချက်တွေ ဘယ်လိုပဲကောင်းကောင်း စပါးအထွက်မကောင်းပါဘူး"ဟု လိပ်လှတ်ကျေးရွာမှ တောင်သူဦးကျော်ဝင်းက ပြောပြသည်။

ယခုနှစ်တွင် စပါးဟောင်းဈေးမှာ ထူးခြားမှုမရှိဖြစ်နေပြီး လယ်သမားများအနေဖြင့် ကြဲပက်စိုက်စနစ်ကိုသာ လုပ်ကိုင်နေကြကာ ပျိုးထောင်ကောက်စိုက်စနစ် နည်းလာနေပြီဖြစ်ကြောင်း သိရသည်။

(ဝ၆၂)

# ကျေးရွာမျိုးစေ့ဘဏ် ထူထောင်ရန်အတွက် မျိုးစေ့ပေးအပ်ပွဲနှင့် တောင်သူပညာပေးသင်တန်းဖွင့်

**မြေပုံ ဇွန် ၆**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ်တွင် ကျေးရွာမျိုးစေ့ဘဏ် ထူထောင်ရန်အတွက် တောင်သူလယ်သမားများအား မျိုးစေ့ပေးအပ်ပွဲနှင့် တောင်သူပညာပေးသင်တန်းကို ဇွန် ၄ ရက်က စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင်ရွှေက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းအေးခိုင်က ကျေးရွာ မျိုးစေ့ဘဏ်ထူထောင်ရန်အတွက် မျိုးစေ့ပေးအပ်ပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်နှင့် တောင်သူပညာပေးသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်တို့ကို ပြောကြားသည်။

မျိုးစေ့ဘဏ် ထူထောင်ခြင်းဖြင့် တောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့်များကို အလွယ်တကူသုံးစွဲနိုင်မည့်အကြောင်းနှင့် ယင်းမျိုးစေ့များကို သုံးနှစ်တစ်ကြိမ် သွေးသစ်လောင်းစိုက်ပျိုးကြရန်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် တောင်သူလယ်သမားများကို မျိုးစေ့ဆိုင်ရာ အချက်အလက်များ၊ သီးနှံပိုးမွှား ကာကွယ်နှိမ်နင်းရေးဆိုင်ရာ အချက်အလက်များကို သင်ကြားပို့ချပေးခဲ့သည်။

ထို့နောက် တောင်သူလယ်သမားများကလည်း သိရှိလိုသည်များကို မေးမြန်းပြီး မြေပုံမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

# သာမန်ရွှေ့ပြောင်းနှင့် ယာယီရွှေ့ပြောင်းနေထိုင်သူများအား စာရင်းကောက်

**ဟောင်းတုန်း ဇွန် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်အရ ဇွန် ၄ ရက် နံနက်က မော်လူးဒေသ ဟောင်းတုန်းကျေးရွာအုပ်စု ဟောင်းတုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဟောင်းတုန်းရွာနှင့်ဆားမော်ရွာရှိ နေထိုင်သူများအား စာရင်းကောက် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် သာမန်ရွှေ့ပြောင်းနေထိုင်သူများ၊ ယာယီ ရွှေ့ပြောင်းနေထိုင်သူများအား စာရင်းကောက်ယူပြုစုခြင်း မှန်ကန်မှု ရှိမရှိ စိစစ်ခြင်း၊ စိစစ်မှန်ကန်သူများအား အိမ်ထောင်စုဇယား ဆောင်ရွက်ပေးခြင်း၊ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ဆောင်ရွက်ပေးခြင်းနှင့် ပြည်သူများ အမြန်အကျိုးရှိစေခြင်း၄ာ အသက် ၁၀ နှစ် ပြည့်မီလာသူများ၊ အသက် ၁၈ နှစ် ပြည့်မီလာသူများ၊ ဟောင်းနွမ်းပျက်စီး၊ ပျောက်ဆုံး၍ လာရောက် လျှောက်ထားသူများကိုပါ တစ်ပါတည်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

# ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စပါးရိတ်သိမ်းခြွေလှေ့ခြင်း သရုပ်ပြ

**အင်းတော် ဇွန် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် လက်ပံကုန်းကျေးရွာ ကွင်းအမှတ်(၁၀၃၃) တွင် စိုက်ပျိုးထားသော မော်ဇီစပါးလေးဧကကို Kubota၊ Kukje စပါးရိတ်သိမ်းခြွေလှေ့စက်နှစ်လုံးဖြင့် စပါးရိတ်သိမ်းခြွေလှေ့ခြင်းသရုပ်ပြပွဲကို ဇွန် ၃ ရက်က အဆိုပါလယ်ကွင်း၌ ပြုလုပ်ခဲ့သည်။

"တောင်သူဦးကြီးများ လယ်ယာလုပ်ငန်းမှာ လုပ်ငန်းပြီးစီးမှုမြန်ဆန်ခြင်း၊ လူအင်အားနဲ့ အချိန်ကုန်သက်သာစေခြင်း၊ ငွေကုန်ကြေးကျသက်သာစေခြင်းဆိုတဲ့ အကျိုးကျေးဇူးတို့ကိုရရှိစေပြီး စက်မှုလယ်ယာလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ကြရန် ရည်ရွယ်ပြီး ရိတ်သိမ်းခြွေလှေ့စက်နဲ့ စပါးရိတ်သိမ်းခြင်းကို သရုပ်ပြခြင်းဖြစ်ပါတယ်"ဟု ကသာမြို့အမှတ်(၁) စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းထိုက်က ပြောသည်။

"ကျွန်တော်တို့လယ်စပါးကို အရင်နှစ်ကလည်း ရိတ်သိမ်းခြွေလှေ့စက်နဲ့ ရိတ်သိမ်းခဲ့တာပါ။ ရိတ်သိမ်းခြွေလှေ့စက်နဲ့ဆို အချိန်လည်းသက်သာတယ် ငွေကုန်လည်းသက်သာပါတယ်။ နောက်ပြီး ရိတ်သိမ်းဖို့ အလုပ်သမား၄ားရင်လည်း အလုပ်သမားက ရှားရတာခက်ခဲပါတယ်။ ဒါကြောင့် ရိတ်သိမ်းခြွေလှေ့စက်ကို အသုံးပြုရခြင်းဖြစ်ပါတယ်။ တစ်ခုတော့ရှိတယ်။ ကောက်ရိုးကိုယူမယ်ဆိုရင်တော့ နောက်ကနေ ပြန်ကောက်ရတာပေါ့။ အခုလိုသက်ဆိုင်ရာကနေပြီး ခေတ်မီစက်ကြီးတွေနဲ့ လာရောက်ကူညီပေးတာ ကျေးဇူးတင်ပါတယ်။ ဒီထက်ပိုကောင်းတဲ့ ခေတ်မီစက်ကြီးတွေနဲ့ဆို ကျွန်တော်တို့ တောင်သူတွေအတွက် ပိုပြီးအဆင်ပြေပါတယ်"ဟု လယ်ပိုင်ရှင်တောင်သူ ဦးခင်မောင်ထွန်းက ပြောသည်။

**ကျော်မြိုင်**



## သတင်းတိုများ

# ချမ်းသာကြီးဆန်အလှူအသင်းခွဲ ညှိနှိုင်းစည်းဝေး

မန္တလေးတိုင်းဒေသကြီး ချမ်းသာကြီးဆန်လှူအသင်းကြီးမှ နှစ်စဉ် ဝါဆိုလပြည့်ကျော် ၈ ရက်တွင် မန္တလေး၊ အမရပူရ၊ စစ်ကိုင်း၊ မင်းကွန်းအစရှိသည်တို့မှ သံဃာတော်အရှင်သူမြတ် ခြောက်သောင်းကိုးထောင်ကျော်ကို ဆွမ်းဆန်တော်များ လောင်းလှူလေ့ရှိရာ ပုသိမ်ကြီးမြို့နယ် ချမ်းသာကြီး ဆန်လှူအသင်းခွဲမှ ယခုနှစ်အတွက် ဆွမ်းဆန်တော်လောင်းလှူနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဇွန် ၄ ရက်က အသင်းဥက္ကဋ္ဌ ဦးထွန်းခင်နေအိမ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

# ကျေးရွာချင်းဆက် မြေသားလမ်းများဖောက်လုပ်

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရက် ၁၀၀ စီမံချက်ဖြင့် မြေသားလမ်းခင်းမှုများ ဆောင်ရွက်လျက်ရှိရာ မေလနောက်ဆုံးပတ်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဇော်လွင်နှင့်အဖွဲ့ မြေသားလမ်းပိုင်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြေသားလမ်းသည် ဟင်္သာတမြို့နယ်မြောက်ပိုင်းဒေသများသို့ ဆက်သွယ်သော ခြင်ဘို့နှင့်ဒါးက (၂/၂ မိုင်)( ၁၈ × ၁၇)ပေအား ဆက်သွယ်ဖောက်လုပ်နေခြင်းဖြစ်ပြီး မိုးရာသီရေကြီးရေကျော်မှုအတွက် အမာခံလမ်းပိုင်းဖြစ်၍ လမ်းပြီးမြောက်သွားပါက ကျေးလက်နေပြည်သူများ သွားလာမှုအဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မှုခင်းကျဆင်းရေးအသိပညာပေးဆောင်ရွက်

ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် ကမ္ဘာအေးဘုရားလမ်းနှင့်စက်မှု(၁) လမ်းထောင့်ရှိ Myanmar Plaza တွင် တာဝန်ကျ Eagle လုံခြုံရေး ဦးစိုးမြင့် (AGM) အဖွဲ့နှင့် ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်ရပ်ကွက် အရှေ့ရွှေဂုံတိုင်လမ်းနှင့် ဗညားဒလလမ်းထောင့်ရှိ Ocean Center တွင် မန်နေဂျာ ဦးကျော်မျိုးနှင့် လုံခြုံရေးအဖွဲ့များကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ကြည်က မှုခင်းကျဆင်းရေး ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးလုပ်ငန်း ရှင်းလင်းဆောင်ရွက်မှုများကို မေလနောက်ဆုံးပတ်က ပြုလုပ်ခဲ့သည်။

ထို့အပြင် ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်းရပ်ကွက် ဓမ္မစေတီလမ်းရှိ MARKET PLACE တွင် တာဝန်ကျလုံခြုံရေးအဖွဲ့များကိုလည်း အသိပညာပေးလုပ်ငန်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မေသန္တာ(ပြန်/ဆက်)**

# ကွတ်ခိုင်မြို့နယ်တွင် အခြေခံစက်ချုပ်သင်တန်းဖွင့်

ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများအား အသက်မွေးဝမ်းကျောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရက် ၁၀၀ စီမံချက်တွင်ပါဝင်သော အခြေခံအပ်ချုပ်သင်တန်းအမှတ်စဉ်(၁/၂၀၁၆) သင်တန်းဖွင့်ပွဲကို ဇွန် ၃ ရက်က ကွတ်ခိုင်မြို့နယ် ပြည်ထောင်စုခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်နန်က အမှာစကားပြောကြားပြီး အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာမှ သင်တန်းသူ ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက် )**

# ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် လဲကျေးရွာအုပ်စု လဲကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး မေတ္တာအလင်းရောင် စာကြည့်တိုက်သစ်ဖွင့်ပွဲကို မေလနောက်ဆုံးပတ်က ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပန်းတောင်းမြို့နယ် အသင်းနာယက ဗိုလ်မှူးကြီးတင်လှိုင်(ငြိမ်း)က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးသိန်းထွန်းမြင့်က စာကြည့်တိုက်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့ သည်။ အဆိုပါစာကြည့်တိုက်ကို ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၂၉ သိန်းကျော်ဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

(ဝ၆၁)

# မြန်မာသင်္ဘောများ မှတ်ပုံတင်ဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်**

*(ယမန်နေ့မှအဆက်)*

၅၁။ ဝန်ကြီးဌာနသည် ဤဥပဒေပါ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁ နှင့် ပုဒ်မ ၁၂ တို့အရ မှတ်ပုံတင်ထားပြီး မှတ်ပုံတင် သက်တမ်း ၁၅ နှစ် နှင့်အထက်ရှိသော သင်္ဘောများ နှင့် စပ်လျဉ်း၍ ပြစ်မှုကျူးလွန် ဖောက်ဖျက်ခြင်း၊ တားမြစ်ချက်ကို ဖောက်ဖျက်ခြင်း သို့မဟုတ် လိုက်နာရမည့်တာဝန်ကို ထမ်းဆောင်ရန် ပျက်ကွက်ခြင်းကြောင့် မှတ်ပုံတင်လက်မှတ်ကို ယာယီရပ်ဆိုင်းခြင်း၊ ရပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ခံခဲ့ရခြင်းမရှိလျှင် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက် ဖြင့် ပုဒ်မ ၅၀ ၌ ပါရှိသောအခွန်များကို ရာခိုင်နှုန်းပြည့် ကင်းလွတ်ခွင့်ပြုနိုင်သည်။

**အခန်း (၁၅)**

**အယူခံခြင်း**

၅၂။ ဤဥပဒေအရ မှတ်ပုံတင်ရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ဦးစီးဌာန သို့မဟုတ် မှတ်ပုံတင်အရာရှိက ခွင့်မပြုဘဲ ငြင်းပယ်ခြင်းပြုသည့် အမိန့်နှင့် ဆုံးဖြတ်ချက်တစ်ခုခုကိုသော်လည်းကောင်း၊ ထုတ်ပေးထားသော ယာယီမှတ်ပုံ တင်လက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကို ကာလသတ်မှတ်၍ ယာယီ ရပ်ဆိုင်းခြင်း၊ ရပ်စဲခြင်းနှင့်ပယ်ဖျက်ခြင်းပြုသည့် အမိန့်နှင့်ဆုံးဖြတ်ချက်တစ်ခုခု ကို သော်လည်းကောင်း၊ ဤဥပဒေအရ တာဝန်ပေးထားသည့် အရာရှိတစ်ဦးဦးက သင်္ဘောအားဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် နိုင်ငံတော်၏ ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းပြုသည့်အမိန့်နှင့် ဆုံးဖြတ်ချက်တစ်ခုခုကိုသော်လည်းကောင်း ကျေနပ်မှုမရှိသူသည် ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၃။ ဝန်ကြီးဌာနသည် ပုဒ်မ ၅၂ အရ အယူခံခြင်းအပေါ်စိစစ်ပြီး ဦးစီးဌာန သို့မဟုတ် မှတ်ပုံတင်အရာရှိကဖြစ်စေ၊ ဤဥပဒေအရ တာဝန်ပေးထားသည့် အရာရှိတစ်ဦးဦးကဖြစ်စေ ချမှတ်သည့် အမိန့်နှင့်ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် အခြားအမိန့်နှင့် ဆုံးဖြတ်ချက် တစ်ရပ်ရပ်ချမှတ်ခြင်းပြုနိုင်သည်။ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

**အခန်း (၁၆)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၅၄။ (က) မည်သည့် ပြည်တွင်း ရေကြောင်းသွား သင်္ဘောပိုင်ရှင် သို့မဟုတ် ရေယာဉ်မှူးမဆို အောက်ဖော်ပြပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် အနည်းဆုံး သုံးသိန်းမှ အများဆုံးငါးသိန်းထိ ငွေဒဏ်ဖြစ်စေ၊ အနည်းဆုံးသုံးလမှ အများဆုံး တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်း ခံရမည် -

(၁) ဤဥပဒေအရ မှတ်ပုံတင်ရန် တာဝန်ရှိသည့် ပြည်တွင်း ရေကြောင်းသွားသင်္ဘောကို မှတ်ပုံတင်ရန်ပျက်ကွက်ခြင်း၊

(၂) ဤဥပဒေအရ မှတ်ပုံတင်ထားသည့် ပြည်တွင်းရေကြောင်း သွား သင်္ဘောအဖြစ် မမှန်မကန် လိမ်လည်ပြုလုပ်ထားသော မှတ်ပုံတင်လက်မှတ်ကို အသုံးပြုခြင်း၊ တရားဝင်ထုတ်ပေးထား သော မှတ်ပုံတင်လက်မှတ်အား ခွင့်ပြုချက်မရှိဘဲ ပြင်ဆင် အသုံးပြုခြင်း သို့မဟုတ် လိမ်လည်အတုပြုလုပ်ခြင်း။

(ခ) မည်သည့် မြန်မာ့ကမ်းရိုးတန်းသွား သင်္ဘောပိုင်ရှင် သို့မဟုတ် ရေယာဉ်မှူးမဆို အောက်ဖော်ပြပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် အနည်းဆုံး ငါးသိန်းမှ အများဆုံး တစ်ဆယ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ အနည်းဆုံးခြောက်လ မှ အများဆုံးသုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည် -

(၁) ဤဥပဒေအရ မှတ်ပုံတင်ရန်တာဝန်ရှိသည့် မြန်မာ့ကမ်းရိုးတန်း သွား သင်္ဘောကို မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း၊

(၂) ဤဥပဒေအရ မှတ်ပုံတင်ထားသည့် မြန်မာ့ကမ်းရိုးတန်းသွား သင်္ဘောအဖြစ် မမှန်မကန်လိမ်လည်ပြုလုပ်ထားသော မှတ်ပုံ တင် လက်မှတ်ကို အသုံးပြုခြင်း၊ တရားဝင်ထုတ်ပေးထား သော မှတ်ပုံတင်လက်မှတ်အား ခွင့်ပြုချက်မရှိဘဲ ပြင်ဆင် အသုံးပြုခြင်း သို့မဟုတ် လိမ်လည်အတုပြုလုပ်ခြင်း။

၅၅။ မည်သည့် နိုင်ငံခြားပင်လယ်ရေကြောင်းသွား သင်္ဘောပိုင်ရှင် သို့မဟုတ် ရေယာဉ်မှူးမဆို အောက်ဖော်ပြပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး တစ်နှစ်မှအများဆုံး ငါးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်-

(က) ဤဥပဒေအရ မှတ်ပုံတင်ရန်တာဝန်ရှိသည့် နိုင်ငံခြားပင်လယ် ရေကြောင်းသွားသင်္ဘောကို မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း၊

(ခ) မြန်မာသင်္ဘောအဖြစ်ဖြစ်စေ၊ နိုင်ငံခြားသင်္ဘောအဖြစ်ဖြစ်စေ မှတ်ပုံ တင်ထားခြင်းမရှိဘဲ မြန်မာ့ရေပြင်တွင် သွားလာခြင်း သို့မဟုတ် အသုံးပြုခြင်း၊

(ဂ) ဤဥပဒေအရ မှတ်ပုံတင်ထားသည့် နိုင်ငံခြား ပင်လယ်ရေကြောင်း သွားသင်္ဘောအဖြစ် မမှန်မကန်လိမ်လည်ပြုလုပ်ထားသော မှတ်ပုံ တင် လက်မှတ်ကိုအသုံးပြုခြင်း၊ တရားဝင်ထုတ်ပေးထားသော မှတ်ပုံတင်လက်မှတ်အား ခွင့်ပြုချက်မရှိဘဲ ပြင်ဆင်အသုံးပြုခြင်း သို့မဟုတ် လိမ်လည်အတုပြုလုပ်ခြင်း။

၅၆။ သင်္ဘော သို့မဟုတ် သင်္ဘောပိုင်ဆိုင်မှု အစုရှယ်ယာနှင့် စပ်လျဉ်း၍ အောက်ပါ ဖောက်ဖျက်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူ သည် ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်-

(က) မည်သည့် လွှဲပြောင်းပေးသူနှင့် လွှဲပြောင်းခြင်းကို လက်ခံသူတို့က မဆို ပုဒ်မ ၄၀ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ)တို့ပါ ပြဋ္ဌာန်းချက် တစ်ရပ် ရပ်ကို ဖောက်ဖျက်မှု၊

(ခ) မည်သည့် ပေါင်နှံသူနှင့် အပေါင်ခံသူတို့က မဆို ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ) နှင့် (ဃ) သို့မဟုတ် ပုဒ်မ ၄၂ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်မှု။

၅၇။ စစ်မက်ဖြစ်ပွားနေသောကာလအတွင်း ရန်သူ၏စစ်သင်္ဘော သို့မဟုတ် ရန်သူ ၏ ဖမ်းဆီးခံရခြင်းမှ လွတ်မြောက်ရန်အလို့ငှာ ပြုမူသည်မှအပ မည်သည့် ရေယာဉ် မှူးမဆို အောက်ဖော်ပြပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင် ခြင်းခံရလျှင် ထိုသူသည် ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်-

(က) မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ထားသော သင်္ဘောက ပုဒ်မ ၄၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်၍ နိုင်ငံတော်အလံကို လွှင့်ထူမှုမပြု ခြင်း၊ ထိုအလံကို ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း သို့မဟုတ် ပြည်ပ နိုင်ငံတစ်ခုခု၏ အလံကို လွှင့်ထူခြင်း၊

(ခ) မှတ်ပုံတင်ထားသော စင်းလုံးငှားရမ်းသည့် သင်္ဘောက ပုဒ်မ ၄၆ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်၍ နိုင်ငံတော်အလံကို လွှင့်ထူမှုမပြုခြင်း၊ ထိုအလံကို ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း သို့မဟုတ် ပြည်ပနိုင်ငံ တစ်ခုခု၏ အလံကိုလွှင့်ထူခြင်း၊

(ဂ) မြန်မာသင်္ဘောအဖြစ် ဤဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်းမပြုဘဲ နိုင်ငံတော်အလံကို သင်္ဘောတွင် လွှင့်ထူထားခြင်း။

၅၈။ မည်သည့် သင်္ဘောပိုင်ရှင် သို့မဟုတ် ရေယာဉ်မှူးမဆို အောက်ဖော်ပြပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငါးသိန်းထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည် -

(က) မှတ်ပုံတင်လက်မှတ်ပါ အချက်အလက်များအား ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲပြင်ဆင်ခြင်း၊ ဖုံးကွယ်ခြင်း၊ ဖယ်ရှားခြင်း၊ ဖျက်ခြင်း သို့မဟုတ် ဖျောက်ဖျက်ခြင်း၊

(ခ) မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ပြီးနောက် ပယ်ဖျက်ခြင်း မပြုရ သေးမီ နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ ဥပဒေအရ ထပ်မံ၍ မှတ်ပုံတင် ခြင်း၊

(ဂ) သင်္ဘော၏ မူလတည်ဆောက်ထားသည့် ဒီဇိုင်း၊ ပုံစံနှင့်အတိုင်းအတာ တို့ကို ပြောင်းလဲသည့်အခါ ပုဒ်မ ၃၇၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့် မညီဘဲ ပြောင်းလဲပြင်ဆင်ခြင်း သို့မဟုတ် ထိုအမှတ်အသားများ မပါရှိဘဲ သင်္ဘောကို အသုံးပြုခြင်း။

၅၉။ မှတ်ပုံတင်လက်မှတ်ကို လက်ဝယ်ထားသည့် မည်သည့် ရေယာဉ်မှူး သို့မဟုတ် အခြားပုဂ္ဂိုလ် မည်သူမဆို အောက်ဖော်ပြပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငါးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံ ရမည်-

(က) ဦးစီးဌာနကဖြစ်စေ၊ မှတ်ပုံတင်အရာရှိကဖြစ်စေ၊ တိုင်းတာစစ်ဆေး ရေးမှူးက ဖြစ်စေ၊ စစ်ဆေးရေးအရာရှိကဖြစ်စေ၊ ဦးစီးဌာန၏ အခွင့်ရ အရာရှိတစ်ဦးဦးကဖြစ်စေ လိုအပ်ချက်အရ မှတ်ပုံတင်လက်မှတ်ကို တင်ပြရန် တောင်းခံသည့်အခါ ပုဒ်မ ၃၃ ပါ တာဝန်ကို ဖောက်ဖျက်ပြီး တမင်တင်ပြခြင်းမပြုဘဲ ငြင်းဆန်ခြင်း သို့မဟုတ် တိမ်းရှောင်နေ ခြင်း၊

(ခ) ဦးစီးဌာနကဖြစ်စေ၊ မှတ်ပုံတင်အရာရှိကဖြစ်စေ၊ တိုင်းတာစစ်ဆေး ရေးမှူးက ဖြစ်စေ၊ စစ်ဆေးရေးအရာရှိကဖြစ်စေ၊ ဦးစီးဌာန၏ အခွင့်ရ အရာရှိတစ်ဦးဦးကဖြစ်စေ ဆင့်ဆိုသည့်အတိုင်း သွားရောက်ရန် တမင် ပျက်ကွက်ခြင်း။

၆၀။ မည်သူမဆို မှတ်ပုံတင်ရန်လျှောက်ထားရာတွင် တင်ပြသည့် သက်သေခံ အထောက်အထား စာတမ်းအမှတ်အသားများကို သော်လည်းကောင်း၊ ဦးစီးဌာနက ဖြစ်စေ၊ မှတ်ပုံတင်အရာရှိက ဖြစ်စေ၊ တိုင်းတာစစ်ဆေးရေးမှူးက ဖြစ်စေ၊ စစ်ဆေး ရေးအရာရှိကဖြစ်စေ၊ ဦးစီးဌာန၏ အခွင့်ရအရာရှိတစ်ဦးဦးကဖြစ်စေ တောင်းခံ၍ တင်ပြသည့် မှတ်ပုံတင်လက်မှတ် သို့မဟုတ် အခြားစာတမ်းအမှတ်အသားများကို သော်လည်းကောင်း မမှန်မကန်လိမ်လည်တင်ပြကြောင်း သို့မဟုတ် အသုံးပြု ကြောင်း ပြစ်မှုထင်ရှားတွေ့ရှိလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး ခြောက်လ မှ အများဆုံး သုံးနှစ်ထိချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၆၁။ မည်သူမဆို ဦးစီးဌာနမှ ထုတ်ပေးသော တည်ဆောက်ခွင့်ပြုချက်မရှိဘဲ သင်္ဘောတည်ဆောက်လျှင် ထိုသူသည် ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၆၂။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရမည့် တာဝန်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် သုံးသိန်းထက် မပိုသောငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

**အခန်း (၁၇)**

**သင်္ဘောအား ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် ပြန်လွှတ်ပေးခြင်း**

၆၃။ ဦးစီးဌာနသည် အောက်ပါ မြန်မာသင်္ဘော တစ်စီးစီးအား ဖမ်းဆီးခြင်း သို့မဟုတ် အာဏာပိုင် အဖွဲ့အစည်းတစ်ခုခု၏အကူအညီဖြင့် ဖမ်းဆီးထိန်းသိမ်း ခြင်း ပြုနိုင်သည် -

(က) ပုဒ်မ ၃၃ ပါ တာဝန်ကို ဖောက်ဖျက်ပြီး မှတ်ပုံတင်လက်မှတ်ကို ပြသရန် တမင်ငြင်းဆိုသည့် သို့မဟုတ် ပြသခြင်းမပြုနိုင်ရန် တိမ်းရှောင်နေသည့် သင်္ဘော၊

(ခ) ပုဒ်မ ၅၆ သို့မဟုတ် ပုဒ်မ ၅၈ ပါ ပြစ်မှုကိုကျူးလွန်ပြီး မှတ်ပုံတင် လက်မှတ် မတင်ပြသည့် သင်္ဘော သို့မဟုတ် မမှန်မကန် လိမ်လည် ပြုလုပ်ထားသော မှတ်ပုံတင်လက်မှတ်ကို အသုံးပြုသည့် သို့မဟုတ် မှတ်ပုံတင် အမှတ်အသားကို အသုံးပြုသည့်သင်္ဘော သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကို လိမ်လည် အတုပြုလုပ်ထားသည့် သင်္ဘော၊ သို့မဟုတ် ပုဒ်မ ၅၉ သို့မဟုတ် ပုဒ်မ ၁၅ (ဂ)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ဖောက်ဖျက်သော သင်္ဘော၊

(ဂ) ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ဖောက်ဖျက်ပြီး ထွက်ပြေး တိမ်းရှောင်သော သို့မဟုတ် ထွက်ပြေးတိမ်းရှောင်ရန် အားထုတ် သောသင်္ဘော၊

၆၄။ ပုဒ်မ ၆၃ အရ ဖမ်းဆီးထားသော သင်္ဘောနှင့် စပ်လျဉ်း၍ -

(က) မည်သည့်အတွက် ထိန်းသိမ်းခြင်းမပြုသင့်ကြောင်း သင်္ဘော ပိုင်ရှင်အား ထုချေခွင့်ပေးပြီး ခိုင်လုံသော အကြောင်းမပြနိုင်ပါက ထိန်းသိမ်းထားနိုင်သည်။

(ခ) ခိုင်လုံသောအကြောင်းပြနိုင်ပါက ဖမ်းဆီးထားသော သင်္ဘောကို ပြန်လွှတ်ပေးနိုင်သည်။

(ဂ) ထိန်းသိမ်းထားသည့် သင်္ဘောကို ဤဥပဒေအရ မှတ်ပုံတင်ရန် လိုအပ်ချက်များ ပြုလုပ်ပြီး မှတ်ပုံတင်ပြီးသည့်အခါ ပြန်လွှတ်ပေး ခြင်းကို သော်လည်းကောင်း၊ ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် သတ်မှတ်သော ဒဏ်ကြေးကိုပေးစေပြီး ပြန်လွှတ်ပေးခြင်းကိုသော် လည်းကောင်း ပြုလုပ်နိုင်သည်။

(ဃ) ခိုင်လုံသော အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ သင်္ဘောအား ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်းဖြစ်ပါက သင်္ဘောပိုင်ရှင်အား နစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးပေးရန် တာဝန်ရှိစေရမည်။

**အခန်း (၁၈)**

**အထွေထွေ**

၆၅။ ဝန်ကြီးဌာနသည် နိုင်ငံတော်နှင့် အများပြည်သူအကျိုးငှာ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုကို ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကို ဖြစ်စေ၊ သင်္ဘောအမျိုးအစားတစ်ခုခုကိုဖြစ်စေ၊ သင်္ဘောတစ်စီးစီးကိုဖြစ်စေ ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးကို သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသ ကို သော်လည်းကောင်း လိုက်နာဆောင်ရွက်ခြင်း သို့မဟုတ် အကျိုးသက်ရောက် စေခြင်းမှ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကင်းလွတ်ခွင့် ပေးနိုင်သည်။

၆၆။ မှတ်ပုံတင်အရာရှိသည် မြန်မာသင်္ဘောအား စစ်ဆေးရန် လိုအပ်ပါက မြန်မာ့ဆိပ်ကမ်း သို့မဟုတ် စစ်ဆေးရန် သင့်လျော်သည့် ဆိပ်ကမ်းတစ်ခုခုသို့ သတ်မှတ်ပေးသော ရက်အတွင်း ဆိုက်ရောက်စေရန် ဆင့်ဆိုနိုင်သည်။

၆၇။ ဤဥပဒေအရ ပြစ်မှုကျူးလွန်၍ တရားရုံးက ပြစ်ဒဏ်ချမှတ်ခြင်းခံရသော နိုင်ငံခြားသားက ပေးဆောင်ရမည့် ဒဏ်ငွေကို ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ်ထားသော ပြည်တွင်းသုံးငွေနှင့် နိုင်ငံခြားသုံး ငွေလဲလှယ်နှုန်းအတိုင်း ပေးဆောင်ရမည်။

၆၈။ ဤဥပဒေအရ သင်္ဘောကို မှတ်ပုံတင်ခြင်း သို့မဟုတ် ယာယီမှတ်ပုံတင် ခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံခြားသားက ဖြစ်စေ၊ နိုင်ငံခြားကုမ္ပဏီကဖြစ်စေ အကျိုးတူ ဖက်စပ်လုပ်ကိုင်သော မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားတို့က ပေးဆောင်ရန် ရှိသော မှတ်ပုံတင်ခနှင့် အခြားအခကြေးငွေများကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ်ထားသော ပြည်တွင်းသုံးငွေနှင့် နိုင်ငံ ခြားသုံးငွေတို့၏ လဲလှယ်နှုန်းအတိုင်း ပေးဆောင်ရမည်။

၆၉။ မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ထားသော သင်္ဘော၏ ပိုင်ရှင် သို့မဟုတ် ထိုသင်္ဘောကို အပေါင်ခံသူသည် လူမွဲစာခံခြင်း ဥပဒေအရ လူမွဲစာရင်းဝင် ဖြစ်သွားပြီး ပစ္စည်းထိန်းအရာရှိသို့ ထိုသူပိုင်ဆိုင်သည့်ပစ္စည်းများကို လွှဲအပ် ပေးရသည့်အခါ ထိုပစ္စည်းထိန်းအရာရှိသည် သင်္ဘော၏ပိုင်ရှင် သို့မဟုတ် အပေါင်ခံသူအဖြစ် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ပြီး ဆောင်ရွက်ရမည်။

၇၀။ ဤဥပဒေအရမှတ်ပုံတင်သည့် ပင်လယ်ရေကြောင်းသွား မြန်မာသင်္ဘော တွင် မြန်မာနိုင်ငံသားသင်္ဘောသားများကိုသာ ခန့်ထားရမည်ဖြစ်ပြီး ကျွမ်းကျင်မှု လက်မှတ်ကိုင်ဆောင်သည့် မြန်မာသင်္ဘောသားမရရှိနိုင်မှသာ နိုင်ငံခြားသား သင်္ဘောသားကို ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ခန့်ထားရမည်။

၇၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင် -

(က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက် ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့် ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လည်းကောင်း၊ ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့်ညွှန်ကြားချက်များကို လည်းကောင်း ထုတ်ပြန်နိုင်သည်။

၇၂။ The Myanmar Registration of Ships Act, 1841 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲအောက်ရှိ ပွင့်ဖြူ စိုက်ပျိုးရေးသိပ္ပံကျောင်းတွင် ကျောင်းသူ (၂)ထပ်ဆောင် (၁၇၃'×၃၂'×၂၁.၅') RC ရေ၊ မီး၊ မိလ္လာ၊ Apron & drain အပါအဝင် (မကွေး၊ ပွင့်ဖြူ) တစ်လုံး အဆောက်အအုံဆောက်လုပ်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၇-၆-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၇-၇-၂၀၁၆ ရက် ညနေ ၄း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ် တင်ဒါစည်းကမ်းချက်များကို ရုံးချိန်အတွင်း ဖုန်း-၀၉-၂၆၄၁၁၁၂၇၉ သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စိုက်ပျိုးရေးသိပ္ပံ၊ ပွင့်ဖြူ**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)တွင် လူနာများအား ကုသမှုပေးရန် F.D.A အသိအမှတ်ပြုဆေးနှင့် ဆေးပစ္စည်းများ၊ ဓာတ်ခွဲဓာတ်မှန်သုံး ဆေးနှင့် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့် ရက်နှင့်အချိန်** - ၇-၆-၂၀၁၆ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၆-၇-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ ပစ္စည်းများစာရင်း အသေးစိတ်ကို ရုံးချိန်အတွင်း ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဝယ်ယူရေးလုပ်ငန်းကော်မတီ**
**နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ဖုန်း-၀၆၇-၄၂၁၄၆၂**

---

## စက်မှုဝန်ကြီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)အတွက် (က) (50) Ton Mobile Crane (၁)စီး ဝယ်ယူခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်-

၂။ **တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက်** - ၉-၆-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၀-၆-၂၀၁၆ ရက်၊ ၁၃း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

**နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**ရုံးအမှတ်(၃၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၁၃၉၊ ၀၆၇-၄၀၅၀၆၀**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရှမ်းပြည်နယ်အစိုးရအဖွဲ့
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်၊ ကျေးရွာ မီးလင်းရေးနှင့် ဓာတ်အားစနစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းနှင့်လုပ်ငန်းများအား တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) ကွန်ကရစ်တိုင်၊ SAC Insulated Cable ၊ Insulated Cable AAC၊ LV ABC Cable၊ ACSRကြိုး၊ 33/0.4kV ထရန်စဖော်မာ၊ 11/0.4kV ထရန်စဖော်မာ အပါအဝင် ဓာတ်အားလိုင်းနှင့် ဆက်စပ်ပစ္စည်းများအား မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါသည်။
(ခ) ၁၁ ကေဗွီဓာတ်အားလိုင်း၊ ၄၀၀ဗို့လိုင်း၊ ၃၃/၀.၄ ကေဗွီဓာတ်အားခွဲရုံနှင့် ၁၁/၀.၄ ကေဗွီဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းတို့အား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။
(ဂ) **တင်ဒါစတင်ရောင်းချ/ တင်သွင်းမည့်ရက်** - ၆-၆-၂၀၁၆ရက် (တနင်္လာနေ့)
(ဃ) **တင်ဒါပိတ်မည့်ရက်** - ၁-၇-၂၀၁၆ရက် (သောကြာနေ့) ၁၂း၀၀နာရီ
(င) **တင်ဒါလျှောက်လွှာ ဝယ်ယူမည့်နေရာ** - ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာရုံး၊ရှမ်း(တောင်) တောင်ကြီးမြို့ အစည်းအဝေးခန်းမ
(စ) **အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်နေရာ** - ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာရုံး၊ ရှမ်း(တောင်) တောင်ကြီးမြို့၊ အစည်းအဝေးခန်းမ

၂။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီများသည် ကုမ္ပဏီတံဆိပ်နှင့် ကုမ္ပဏီမှ အထူးအာဏာပေး လွှဲအပ်ထားသူ၏ လက်မှတ်ပါရှိမှသာ တင်ဒါလျှောက်လွှာဝယ်ယူခွင့်ပြုမည်။

၄။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ဖုန်း-၀၉-၄၃၀၀၆၅၅၀၊ ၀၈၁-၂၀၅၈၄၈တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့**

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်းတွင် ဆေးကုသမှုခံယူနေသောလူနာများအတွက် WHO၏ သတ်မှတ်ထားသော GMPနှင့် ကိုက်ညီမှုရှိပြီး FDAအသိ အမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံး ဆေးရည်နှင့် ပစ္စည်းများ၊ ဓာတ်မှန်ခန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁-၆-၂၀၁၆ရက် နံနက် ၁၀း၀၀နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၆-၂၀၁၆ရက် ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဝယ်ယူမည့်ဆေးဝါး/ပစ္စည်းစာရင်း အသေးစိတ်ကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။ **ဖုန်း-၀၁-၂၂၂၈၆၁၊ လိုင်းခွဲ (၂၀၅)၊ ၀၉-၈၇၇၂၆၀၄၅၅**

**တင်ဒါခေါ်ယူရေးအဖွဲ့၊ပြည်သူ့ဆေးရုံကြီး၊ရန်ကုန်အနောက်ပိုင်း၊ရန်ကုန်တိုင်းဒေသကြီး**

---

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## နေပြည်တော်ပျဉ်းမနားမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် ပျဉ်းမနားမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသသော လူနာများအား ကုသပေးရန် လိုအပ်သောဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးဆေးဝါးများ၊ ဓာတ်မှန်ဖလင်နှင့်ဆေးရည်များ၊ ဝယ်ယူရန်အတွက် FDA (အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံစတင်ရောင်းချမည့်ရက်** - ၁၃-၆-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၂-၇-၂၀၁၆ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်ကို သိရှိလိုပါက အောက်ပါလိပ်စာတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပျဉ်းမနားမြို့**
**လယ်ဝေးလမ်းဟောင်း၊ မြင်းရတနာအနီး**
**ဖုန်း-၀၆၇-၂၄၆၆၄၊ ၀၆၇-၂၂၃၀၉**

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ဆေးရုံအုပ်ကြီးရုံး
## ဘားအံမြို့-ပြည်နယ်ပြည်သူ့ဆေးရုံကြီး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ဘားအံမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော ဆေးဝါးများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပထမအရစ်အဖြစ် မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။ FDA အသိအမှတ်ပြုဆေးဝါးများသာ တင်သွင်းခွင့်ပြုမည်ဖြစ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါပုံစံများ ရောင်းချမည့်ရက်** - ၁၃-၆-၂၀၁၆ ရက်မှ ၂၄-၆-၂၀၁၆ ရက်အထိ

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၇-၆-၂၀၁၆ရက် ညနေ ၁၆း၀၀နာရီ

၄။ သတ်မှတ်ရက်ထက်ကျော်လွန်သော တင်ဒါလျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ပြည်နယ်ဆေးရုံကြီး-ဘားအံမြို့၊ ဖုန်း-၀၅၈-၂၁၂၅၁**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အောက်ဖော်ပြပါ မြို့နယ်ရုံးများ ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ကဝမြို့နယ်ရုံး (၄၄'×၂၄')နှင့် (၃၂'×၂၀') အုတ်ညှပ်၊ သွပ်မိုး၊ တစ်ထပ်နှစ်ဆောင်တွဲ
(ခ) ညောင်လေးပင်မြို့နယ်ရုံး (၃၆'×၃၀') RC သွပ်မိုး(နှစ်ထပ်)
(ဂ) ဖြူးမြို့နယ်ရုံး (၃၀'×၃၆') RC သွပ်မိုး(နှစ်ထပ်)

၂။ စိတ်ဝင်စားသူ လုပ်ငန်းရှင်များအနေဖြင့် ဆောက်လုပ်မည့်ပုံစံနှင့် အသေးစိတ်အချက်အလက်များပါဝင်သော အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံအား တစ်စောင်လျှင် ကျပ်(၂၀၀၀-)နှုန်းဖြင့် ရုံးချိန်အတွင်း ပဲခူးတိုင်းဒေသကြီး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပဲခူးမြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **စတင်ရောင်းမည့်ရက်** - ၇-၆-၂၀၁၆ ရက်
**နောက်ဆုံးတင်သွင်းရမည့် ရက်နှင့်ဖွင့်ဖောက်မည့်ရက်** - ၃၀-၆-၂၀၁၆ ရက် နံနက် ၁၀ နာရီ
**နေရာ** - တိုင်းဒေသကြီးပြန်/ဆက်၊ ရွှေမော်ဓောဘုရားလမ်း

၄။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ပါဖုန်းများသို့ ရုံးချိန်အတွင်း
(က) ဖုန်း-၀၅၂-၂၂၀၀၀၉၅၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး
(ခ) ဖုန်း-၀၅၂-၂၂၀၁၈၁၂၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ကြီးကြပ်ရေးကော်မတီ**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးသုတေသနဦးစီးဌာန
## နေပြည်တော်၊ ရေဆင်း

၁။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအတွက် အောက်ဖော်ပြပါ ပစ္စည်းများဝယ်ယူရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **ဝယ်ယူရေးလုပ်ငန်းများ**

| | | |
|---|---|---|
| ၁။ | ဓာတ်ခွဲခန်းသုံးပစ္စည်း | ၃၈ မျိုး |
| ၂။ | လယ်ယာသုံးပစ္စည်းနှင့်အခြားစက်ကိရိယာပစ္စည်း | ၅၈ မျိုး |
| ၃။ | Air Con နှင့်အခြားပစ္စည်း | ၄ မျိုး |
| ၄။ | ရုံးသုံးစက်ကိရိယာပစ္စည်း | ၁၂ မျိုး |
| ၅။ | ရုံးသုံးပရိဘောဂ | ၂၆ မျိုး |

(ခ) **တည်ဆောက်ရေးလုပ်ငန်းများ**

| | | |
|---|---|---|
| ၁။ | တည်ဆောက်ရေးလုပ်ငန်း | ၁၅ ခု |
| ၂။ | ရေရရှိရေးလုပ်ငန်း | ၄ ခု |
| ၃။ | အဆောက်အအုံမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း | ၆ ခု |
| ၄။ | လျှပ်စစ်မီးလုပ်ငန်း | ၅ ခု |
| ၅။ | ကွန်ကရစ်ခင်းခြင်းနှင့်အုတ်ခြံစည်းရိုးတည်ဆောက်ခြင်းလုပ်ငန်း | ၁၅ ခု |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၆-၆-၂၀၁၆ ရက်မှ စတင်ရောင်းချသွားမည်ဖြစ်ပြီး ၂၀-၆-၂၀၁၆ ရက် ၁၆း၀၀ နာရီတွင် နောက်ဆုံးထားတင်သွင်းရန်ဖြစ်သည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၆၆၇၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

---

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) လုပ်ငန်းသုံးစက်ကိရိယာများ
(ခ) ရုံးသုံးစက်ကိရိယာများ
(ဂ) လုပ်ငန်းသုံးပစ္စည်းများ
(ဃ) ရုံးအသုံးအဆောင်ပစ္စည်းများ

၂။ တင်ဒါပိတ်မည့်ရက်နှင့် အချိန် ၄-၇-၂၀၁၆ ရက် ၁၅း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် သတင်းစာကြော်ငြာထည့်သည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ရုံးအမှတ်(၂၉)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၃၆၀၊ ၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၀၉၈**

---

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ဗဟိုအမျိုးသမီးဆေးရုံကြီး၊ မန္တလေးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ဆေးကုသပေးနိုင်ရန် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်း၊ ဓာတ်မှန်၊ ဓာတ်ခွဲပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၆-၂၀၁၆ရက်၊ (ကြာသပတေးနေ့) ညနေ ၄း၀၀နာရီ

၃။ လိုအပ်သော တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းများအကြောင်းကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးသို့ စုံစမ်းနိုင်ပါသည်။

**ဗဟိုအမျိုးသမီးဆေးရုံကြီး၊ မန္တလေးမြို့**
**ဖုန်း-၀၂-၆၅၆၃၄**

---

## CLAIMS DAY NOTICE
## M.V DELPHINUS VOY:NO(398)

Consignees of cargo carried by M.V DELPHINUS VOY: NO. (398) are here by notified that the vessel will arrive on about 8-6-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

## CLAIMS DAY NOTICE
## M.V MAKASSAR HIGHWAY VOY:NO(165)

Consignees of cargo carried by M.V MAKASSAR HIGHWAY VOY: NO (165) are here by notified that the vessel will arrive on about 8-6-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၅)၊ ဦးပိုင်အမှတ်(၇၄)၊ ၁၀ လမ်း×၁၁ လမ်းကြား၊ ၇၆×၇၇ လမ်းကြားရှိ ဦးစံကျော်၊ မသုံ အမည်ပေါက်ဂရန်မြေကွက်အား (ဘ) ဦးစံကျော်၊ အဘွား ဒေါ်သုံ၊ ဖခင် ဦးဖေ၊ မိခင် ဒေါ်တင်ပု၊ (သား)ဦးသောင်းဌေးတို့ အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သော မြေးချွေးမ၊ ဇနီးဖြစ်သူ ဒေါ်ခင်ခင်ဝင်း ၉/မနမ(နိုင်)၀၃၃၀၁၄ မှ ဂရန်စာချုပ်ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## အမည်ပြောင်း

ဦးဝင်းနိုင်၏သမီး တနင်္သာရီမြို့နယ်၊ အထက-၁ တနင်္သာရီ နဝမတန်းမှ မစိုးရွှန်းလဲ့ထွန်းအား ယနေ့မှစ၍ မစိုးရတနာထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မစိုးရတနာထွန်း**

---

## ဖခင်အမည်မှန်

မိတ္ထီလာမြို့ အထက(၂) ပဥ္စမတန်း(E)တွင် ပညာသင်ကြားနေသော မောင်သူရဇော်၏ ဖခင်အမည်မှန်မှာ ဦးသက်ပိုင်စိုး ၉/မထလ(နိုင်)၂၇၀၄၆၁ ဖြစ်ပါကြောင်း။

---

## မိဘအမည်မှန်

ဝမ်းတွင်းမြို့နယ်၊ သဖန်းကျေးရွာနေ အဌမတန်းကျောင်းသူ မဇင်မာထွေး၏ မိဘအမည်မှန်မှာ ဦးမင်းအောင်-ဒေါ်အေးမာ ဖြစ်ပါကြောင်း။

---

## ဖခင်အမည်မှန်

မြိတ်မြို့၊ အမှတ် ၅၊ အခြေခံပညာအလယ်တန်းကျောင်း၊ ဒုတိယတန်း(ဂ)မှ မောင်ရှိုင်း၏ ဖခင်အမည်မှန်မှာ မောင်သောင်းဇော်ထိုက် ဖြစ်ပါကြောင်း။ **မောင်သောင်းဇော်ထိုက်**

---

## အမည်ပြောင်း

ဦးကျော်ဇေယျ ၁၂/မရက(နိုင်)၀၇၁၃၉၃ ၏သား ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း နဝမတန်း(B)မှ အောင်မြင်ခဲ့သော မင်းနန္ဒကျော်အား ဖြိုးသီဟကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **ဖြိုးသီဟကျော်**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်မဲမြို့၊ အမှတ်(၉)ရပ်ကွက်၊ တီလင်ရပ်၊ နယ်မြေ(၁၂)၊ အိမ်အမှတ် ၉/၅၁၆နေ ဦးစိုးမင်းထွန်း ၁၃/ကမန(နိုင်)၁၃၃၁၈၉နှင့် ဦးနော်သန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးစိုးမင်းထွန်း ၁၃/ကမန(နိုင်)၁၃၃၁၈၉**

---

## ဖခင်အမည်မှန်

ကျောက်မဲမြို့နယ်၊ အထက(၂)၊ နဝမတန်းအောင် မောင်အောင်မျိုးသိန်း၏ ဖခင်အမည်မှန်မှာ ဦးသာရန်(ခ)ဦးခင်မောင်လေး ၁၃/နဆန(နိုင်)၀၁၁၇၉၃ ဖြစ်ပါကြောင်း။
**ဦးသာရန်(ခ)ဦးခင်မောင်လေး**
**၁၃/နဆန(နိုင်)၀၁၁၇၉၃**

---

## မွေးသက္ကရာဇ်အမှန်

ဖျာပုံမြို့နယ် (၁၅)ရပ်ကွက် အောင်သုခလမ်း အမှတ်(၄၃၄)နေ ဦးတင်ဝင်း၏သား မောင်ဆုပိုင်ဖြိုး၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်အရ ၂၂-၅-၁၉၉၄ ဖြစ်ပါကြောင်း။

---

## ဖခင်အမည်မှန်

သုံးခွမြို့၊ သိုက်တူးကန် စံပြကျေးရွာ၊ အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်းမှ မသော်တာပြည့်၏ ဖခင်အမည်မှန်မှာ ဦးမင်းဇော် ၁၂/သခန(နိုင်)၁၁၂၀၁၉ ဖြစ်ပါကြောင်း။

---

## ဖခင်အမည်မှန်

သုံးခွမြို့၊ သိုက်တူးကန် စံပြကျေးရွာ၊ အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်းမှ မမြူနှင်းပွင့်ဦး၏ ဖခင်အမည်မှန်မှာ ဦးသက်မြိုင် ၁၂/သခန(နိုင်)၀၆၉၆၃၁ ဖြစ်ပါကြောင်း။

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈/၆၁၁၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2F/3586 Subaru Sambar TV/Van(4x2)® ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိမိခိုင် ၁၂/တမန(နိုင်)၀၂၈၄၈၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊**
**သန်လျင်မြို့**

**ဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်မြသန်း (သထုံ-မော်လမြိုင်)
**အသက်(၈၇)နှစ်**

ဦးအောင်ခိုင်(80 Batch)-ဒေါ်ရွှေဝါ(81 batch) RIT တို့၏မိခင် ဒေါ်မြသန်းသည် ၄-၆-၂၀၁၆ရက် နံနက် ၀၀း၂၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားကြောင်းကြားသိရ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**75-81 RIT Welfare Association မှ သူငယ်ချင်းများ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်လှိုင်လှိုင်မင်း (ဒု-လဝကမှူး-ငြိမ်း)၊ အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၁ ရပ်ကွက်၊ မြင်သာ ၁၁ လမ်း၊ အမှတ် ၂၀၇/၂ နေ (ဒုတိယဗိုလ်မှူးကြီး ကျော်လွင်)-ဒေါ်နွဲ့နွဲ့အေးတို့၏ သမီးကြီး၊ (ဦးသာခင်-ဒေါ်သိန်း)တို့၏ချွေးမ၊ ဦးမြင့်စိုး(ဒုတိယညွှန်ကြားရေးမှူးချုပ်-နတလဦးစီးဌာန)၏ချစ်လှစွာသောဇနီး၊ မောင်ကောင်းဆက်စိုး(အလုပ်သင်ဆရာဝန်)၏ မွေးသမိခင်၊ ဒေါ်ခိုင်ချိုမင်း (အထက်တန်းပြ-အထက မင်းကုန်း)၊ ဗိုလ်မှူးသန်းထိုက်- ဒေါ်ဆွေရီနှင်း(လယ်ပြ အထက-၃၊ တောင်ဥက္ကလာပ)၊ ဗိုလ်မှူးကျော်လွင်- ဒေါ်ဇင်ပန်းနွယ်တို့၏ အစ်မကြီး၊ မောင်လွင်သော်ဟိန်း၊ မောင်ဘုန်းပြည့်ထိုက်တို့၏ ကြီးကြီးသည် ၆-၆-၂၀၁၆ရက် (တနင်္လာနေ့) ည ၈း၅၀နာရီတွင် ရန်ကုန်မြို့ပြင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။
(သင်္ဂြိုဟ်မည့်ရက် အချိန်၊ နေရာတို့အား ထပ်မံအကြောင်းကြားပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးညွှန့်မောင် (ကောလင်း)
**အသက်(၈၅)နှစ်**

ဦးလှထွန်းဦး(အင်ဂျင်နီယာချုပ်-မြို့ပြ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန)-ဒေါ်ရီရီမြင့်တို့၏ဖခင် ဦးညွှန့်မောင်(ကောလင်း) အသက်(၈၅)နှစ်သည် ၆-၆-၂၀၁၆ရက်(တနင်္လာနေ့)တွင် ကောလင်းမြို့ နေအိမ်၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)**
**လမ်းဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင်**
**ဝန်ထမ်းမိသားစုများ**

---

**ဘုရား၊ သိမ်၊ ကျောင်း ဒါယကာ**
## တေးသံရှင် ဦးဇော်မင်းလေး
**အသက်(၇၀)**

ရန်ကုန်မြို့နေ (ဦးမျိုးမင်း-ဒေါ်ညွှန့်မေ)တို့၏သား၊ (ဦးဟုတ်စိန်-ဒေါ်မြစိန်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဓမ္မစိန္တာလမ်း၊ အမှတ် ၃၈၊ မြေညီ B နေ တေးသံရှင် ဒေါ်လေးလေးနွယ်၏ခင်ပွန်း၊ ဦးမြင့်ကြူ(Director First Top Co., Ltd)-ဒေါ်သဥ္ဇာစိုး(U.S.A)၊ ဦးအောင်မျိုးဦး(S' Pore)-ဒေါ်တင်လဲ့လဲ့ဝင်း၊ ဦးဇော်ထူးထူး(First Top Co.,Ltd)-ဒေါ်ဇင်မာသိန်း၊ ဦးကျော်ထူးထူးတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၆-၆-၂၀၁၆ရက် နံနက် ၁၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**
## ဦးမန်းကြီး(ခ)ဦးလှငွေ
**(နာယက)အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**
**အသက်(၆၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၊ (၃)ရပ်ကွက်နေ ဦးမန်းကြီး(ခ)ဦးလှငွေသည် ၁-၆-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**အဖျောက်အသင်း(ရန်ကုန်)**

---

**ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**
## ဦးကျော်မြင့် (ရှမဝ)ဥက္ကံ
**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွှန့်လမ်း၊ တိုက် ၁၊ အခန်း ၂နေ(ဦးမြမောင်-ဒေါ်စောတင်)တို့၏သား၊ (ရှမဝဦးကျော်-ဒေါ်ကြည်သန်း)တို့၏သားသမက်၊ ဒေါ်အေးအေးသန်း၏ချစ်လှစွာသောခင်ပွန်း၊ ကိုထွဋ်မြတ်ကျော်-မဖြူဖြူမှာ၊ မဆုဝေကျော်၊ (မောင်မျိုးမြတ်ကျော်)တို့၏ဖခင်သည် ၅-၆-၂၀၁၆ရက် ည ၁၀း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**
## ဦးသန်းဇော်
**မန်နေဂျာ (အုပ်ချုပ်ရေး)**
**အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စု (NDCG)**
**အသက်(၆၄)နှစ်**

၁၉၉၈ခုနှစ် ကုမ္ပဏီစတင်တည်ထောင်စဉ်ကပင် တာဝန်ထမ်းဆောင်ခဲ့သော ဦးသန်းဇော်သည် ၅-၆-၂၀၁၆ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**NDCG ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ**

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဦးစောဂျယ်ရီလှ အသက်(၆၁)နှစ်

တောင်ကြီးမြို့နေ[ဦးထွန်းခင်လှ-ဒေါ်ဂရေ့(စ်)လှ]တို့၏သား၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အမှတ် ၅၉နေ ဒေါ်ဒေါရစ်၏ချစ်လှစွာသောခင်ပွန်း၊ စောလမွန်စံဌေး၊ စောရစ်ချက်စံဌေး-နော်စေးလာထူး၊ စောဂျဲမီလှ၊ နော်ဂျဲနီဂရေ့(စ်)လှ၊ စောဂျေးဆင်လှ၊ နော်ဂျိန်းလှတို့၏ချစ်လှစွာသောဖခင်၊K.B.T.S (Liberal Arts. Com puter Science)Lecturer အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဦးစောဂျယ်ရီလှသည် ၆-၆-၂၀၁၆ရက် နံနက် ၁၁း၃၀နာရီတွင်ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၆-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ဖူးသာဖြူ အောက်မေ့ဖွယ်ခန်းမ ကျမ်းစာသင်ကျောင်းကုန်း၊ အရှေ့ကြို့ကုန်း၊ အင်းစိန်၌ဝတ်ပြုဆုတောင်းပြီး ထိန်ပင်ကရင်နှစ်ခြင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်လှရင်
**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၅၄လမ်း၊ စည်ပင်ဝန်ထမ်းအိမ်ရာ၊ အမှတ် ၁၃နေ (ဒု-ဗိုလ်မှူးကြီးမြဒင်၊ ငြိမ်း)၏ဇနီး၊ ဦးခင်မောင်လွင်(USA)-ဒေါ်နွယ်နီတင်ဦး(USA)၊ ဒေါ်နွယ်နီခင်ဦး(လ/ထဌာနမှူး၊ အခွန်ဌာန၊ ရန်ကုန်မြို့တော်စည်ပင်)၊ (ဦးမျိုးညွှန့်)-ဒေါ်နွယ်နီရင်ဦး၊ ဦးစိုးယုထွန်း-ဒေါ်ခင်ငယ်ငယ်ဦး၊ ဒေါ်ခင်ချိုချိုဦးတို့၏မိခင်၊ မောင်စည်သူထွန်း-မအေးမြသူ၊ မောင်အောင်မျိုးသူ(USA)-မရွှန်းလဲ့ရွှေရည်(USA)၊ မသီရိဦး၊ မောင်ဉာဏ်လင်းထက်(ဒု-နှစ်၊ ရေကြောင်းတက္ကသိုလ်)တို့၏အဘွားသည် ၆-၆-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၈-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်မာရီမြင့်(ခ) Margaret Kyi
**စာရေးအဆင့်(၂)(ငြိမ်း)၊ လမ်းမတော်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး**
**အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန**
**စိန့်မေရီဒိုင်အိုကျောင်းသူဟောင်း**
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ လှည်းတန်းလမ်း၊ အမှတ် ၅၆(သုံးလွှာ)နေ (ဦးကြည်-ဒေါ်ကျင်ကွေ)(ရွှေစွန်မင်းလက်ဖက်၊ သိမ်ကြီးဈေးဒီရုံ)တို့၏သမီး၊(ဦးချိုကြီး၊ ကုန်သွယ်/လယ်ယာ)၏ချစ်လှစွာသောဇနီး၊ခင်မောင်ချို(Steve)-ဇာခြည်ချို၊ ဝင်းမွန်ချို၊ ဘိုဘိုချို၊ (ညီညီချို)တို့၏ ချစ်လှစွာသောမိခင်၊ ဒေါ်လှကြည်(Mary Kyi)၏ညီမ၊ ဒေါ်ခင်သက်ဝေ(Elizabeth Kyi)-ဦးကျော်ခင်၊ ဒေါ်သိန်းသိန်း၊ (ဦးစိုးလှိုင်)-ဒေါ်အေးမြင့်၊ ဒေါ်ခင်ခင်မေ-ဦးဝင်းမြင့်၊ ဦးစိုးမြင့်-ဒေါ်လှိုင်သန္တာမိုး၊ (ဦးသိန်းဌေး)-ဒေါ်စိုးစိုး၊ ဒေါ်ခင်ထွေး-ဦးခင်ဝင်းတို့၏အစ်မ၊ တေဇာထွန်း(Bruce)-Ronalyn၊ လှိုင်ဝင်းထွဋ်-ဇင်ဇင်မင်း၊ သက်မီမီကျော်(Grace)-Oliver၊ ခင်ဖြိုးဖြိုးအောင်၊ သက်ကြည်ပြာကျော်(Joyce)-Chrisian၊ မျိုးမင်းထွဋ်-သီဂီအောင်၊ ဝတ်ရည်ဝင်းသော်၊ ကျော်ဇင်ဝင်း၊ အောင်ဖုန်းမြင့်၊ သီရိဝင်းသော်၊ သန်းထွဋ်ဝင်း၊ ဇေယျာစိုးမြင့်၊ တာရာဝင်းသော်၊ လျှမ်းထက်အောင်တို့၏ကြီးကြီး၊မြေးရှစ်ယောက်တို့၏အဘွားသည် ၆-၆-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၇း၃၁နာရီတွင် အမေရိကန်နိုင်ငံ Standford ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဒေါက်တာဦးစောဝေ
**(Andrew)**
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ ဒေါင်းမင်းလမ်း၊ အမှတ် ၂၂၁/၁ နေ (ဦးစံခင်-ဒေါ်စိန်)တို့၏သား၊(ဦးမြဘူး-ဒေါ်ပု)တို့၏သားသမက်၊ ဒေါ်အေးအေးလွင်(Jasela)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးရေမွန်-ဒေါ်ခင်ဝေသင်း၊ ဦးခွန်နိုင်ဇော်စိုး-ဒေါ်ခင်သက်ရီ၊ ဦးအောင်မျိုးဇော်-ဒေါ်သီဂီအောင်၊ ဦးရဲရင့်ချစ်-ဒေါ်နန့်အေးမွန်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၆-၆-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၈နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၈-၆-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [အောက်မေ့ဖွယ် ဝတ်ပြုဆုတောင်းခြင်း အစီအစဉ်ကို ၁၂-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ အထက်ပါ နေအိမ်၌ ပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးညွှန့်ဟန်(ခ)ဦးဗလ
**(ဒုတိယဦးစီးမှူး)**
**မိုးလေဝသနှင့် ဇလဗေဒ**
**ညွှန်ကြားမှုဦးစီးဌာန(ငြိမ်း)**
**(၅၀၁)မော်ဘီမြို့**
**အသက်(၆၈)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ တောင်ပန်းတွဲကျေးရွာအုပ်စု၊ တောင်ပန်းတွဲရွာနေ ဦးမောင်ငယ် - ဒေါ်တင်ခတို့၏သား၊ ဒေါ်မြအေး၏မောင်၊ ဒေါ်သိန်းဝင်း(ထွေ/အုပ်၊ ငြိမ်း)၊ ဒေါ်သန်းညွှန့်(ခ)ဒေါ်သန်းဝင်း၊ ဦးဟန်မြင့်(ခ)ဦးသန်းထွေးတို့၏အစ်ကိုသည် ၃-၆-၂၀၁၆ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**
## ဦးငွေဝင်း (ပုလောမြို့)
**အသင်းဝင်အမှတ်-၅၈၅၈**
**အသက်(၅၆)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၂)ရပ်ကွက်၊ မြဝတီ ၂လမ်းနေ ဒေါ်စန်းတင့်၏ခင်ပွန်းသည် ၁-၆-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၆-၂၀၁၆ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ပို့ဆောင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေကန် ဒါယိကာမကြီး**
## ဒေါ်လီစိန်(ခ) ဒေါ်သက်သက်ထွေး
**(၉၅၄-GE၊ ငြိမ်း)**
**အသက်(၇၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ကျွန်းတောလမ်း၊ အမှတ် ၅၁၊ ပထမထပ်နေ(ဦးစိန်-ဒေါ်စောလှ)တို့၏သမီး၊ (ဦးညွှန့်မောင်)၊ (ဒေါ်တင်မြင့်)၊ [ဒေါ်မော်လီစိန်(ခ)ဒေါ်ရင်ရင်မြ]၊ ဒေါ်ခင်တင့်၊ ဦးမောင်မောင်တင့်(ငြိမ်း၊ ရပကရ)၊ ဒေါ်အေးအေးမြင့်(ငြိမ်း၊ ရပကရ)တို့၏ညီမ၊ ဒေါ်ခိုင်သီတာတင်(MCC)၊ ဦးသော်ဇင်-ဒေါ်လှိုင်သန္တာတင်၊ ဦးနေလင်းထိုက်၊ ဦးနေလင်းထွဋ်-ဒေါ်သီတာဝင်းတို့၏အဒေါ်၊ မနဒီဝင်းမောင်(ခေတ္တ-UK)၊ မမြတ်သဲချစ်(Grade-10-E, TTC)၊ မောင်စွမ်းရည်ပြည့်မောင်(ခေတ္တ-UK)တို့၏အဘွားသည် ၅-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၆-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်အေးအေးနွဲ့
**B.Sc, B.Ed၊ အထက်တန်းပြ**
**အထက(၁)သာကေတ**
**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၆)ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ် ၁၆၈နေ (ဦးစိန်မောင်-ဒေါ်ကျင်ကြည်)တို့၏သမီး၊ (ဦးတင်ဦး-ဒေါ်သန်းကြင်)တို့၏သမီးချွေးမ၊ (ဦးစိုးတိတ်)-ဒေါ်တင်တင်အေး၊ဒေါ်ခင်ဝင်းရီ၊ ဗိုလ်မှူးကြီးအုန်းလွင်(ငြိမ်း)-ဒေါ်ငွေငွေအောင်၊ဒေါ်သန်းသန်းရီ(အထက-၁၊ သာကေတ)၊ (ဒေါ်ခင်ခင်ဦး)၊ဦးမျိုးဦး-ဒေါ်အေးအေးမြင့်၊ ဒေါ်ဝေဝေဦးတို့၏ညီမ၊ ဦးလေးမြင့်(ခေတ္တ-စင်ကာပူ)၊ ဦးချစ်ဦး-ဒေါ်သင်းမာလာတို့၏အစ်မ၊ မထက်ရွှေရည်ဝင်း(B.Sc)၊ မပြည့်ဖြိုးသန္တာ(ဆေး-၂၊ ဒုနှစ်)တို့၏မိခင်၊ ဦးချိုဦး(Mariner)၏ချစ်လှစွာသောဇနီးသည် ၅-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့) ညနေ ၆း၅၃ နာရီတွင် ဗဟိုရံစည်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၆ရက် (အင်္ဂါနေ့)ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

---

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**
## ဦးတင်လှ (မြိတ်)
**အသင်းဝင်အမှတ်(၂၄၉၈)**
**အသက်(၈၀)**

မြိတ်မြို့၊ မြိတ်တောင်နယ်မြေ၊ မြို့မ(၂)ရပ်ကွက်၊အဓိပတိလမ်း၊အမှတ် ၁နေ (ဒေါ်အေးတင်)၏ခင်ပွန်းသည် ၅-၆-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် မြိတ်မြို့ ကလွင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## စောညွှန့်ရွှေ(ခ) စောနဲလ်စင်ကွန်း
**(ကြီးကြပ်ရေးမှူး)**
**မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်မှုဘဏ်**
**အသက်(၇၉)နှစ်**

အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ မြင်သာယာလမ်း၊ အမှတ် ၉နေ (ဦးဖိုးကွန်း - ဒေါ်အေးညို)၏ သား၊ (ဦးတင်အောင်-ဒေါ်အေဒါအောင်)တို့၏ မောင်၊ (ဦးစောမောင်ရွှေ)-ဒေါ်ခင်ရီ၊ ဒေါက်တာအောင်သောင်း - နော်ဒိုရာကွန်း၊(ဦးဖရန့်ဂျဒ်ဆင်)-နော်အဲနာကွန်း၊ ဦးတောက်ထိန်-နော်ပေါ်လီကွန်း၊ စောထွေးနိုင်-နော်စပီဖေတို့၏အစ်ကို၊ နော်အယ်ဒါ၊ ဦးစောလယ်တော(အစုအသင်းအုပ်ဆရာ)-နော်အယ်ဂေး၊စောသာစော-နော်စေးထီး(GM. POSTMANDALAY) တို့၏ဖခင်၊ စောဖရက်ရှက်စ်၊ နော်လင်းဒါကွန်း၊ နော်ဘနီးထာ၊ နော်မထီးနာတို့၏ဘိုးဘိုး၊ (နော်ဖေတဆက်)၏ ချစ်လှစွာသောခင်ပွန်းသည်၅-၆-၂၀၁၆ ရက် (တနင်္ဂနွေနေ့) ညနေ ၅း၁၅နာရီ တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၉-၆-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဦးစံလုံးလမ်းရှိ နံ့သာကုန်း ကရင်နှစ်ခြင်းခရစ်ယာန်အသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**
## ဦးဝင်းဒင်(ခ)ခါဂျာ
**(ပုလောမြို့)**
**အသင်းဝင်အမှတ်-၄၁၁၈**
**အသက်(၆၆)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၂)ရပ်ကွက်၊ ၄ရွှေဝါ ၂ လမ်းနေ ဒေါ်စောရီ၏ခင်ပွန်းသည် ၃-၆-၂၀၁၆ ရက် (သောကြာနေ့) ညနေ ၄း၅၀နာရီ တွင် ကွယ်လွန်သွားပါ၍ ၅-၆-၂၀၁၆ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီ တွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

## ဦးထိန်ဝင်း(ခ)ဗိုလ်ထိန်
**(IMC ယောဂီဟောင်း)**
**(အထက-၂၊ ကမာရွတ်)**
**(ST.Augustine)**
**ကျောင်းသားဟောင်း**
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊နီဗွာန်လမ်း၊အမှတ် ၆၄၃၊ ငါးလွှာ (B)နေ (ဦးငွေလှိုင်-ဒေါ်ကြည်ကြည်)တို့၏သား၊ ဦးမြတ်ကျော်-ဒေါ်ထွေးစိန်၊ (ဦးစိုးမြင့်သိန်း)-ဒေါ်စုစုမြင့်၊ ဦးအောင်ကြီး-ဒေါ်စိုးရည်ဆိုင်၊ ဒေါ်စန်းစန်းနု(ရန်ကုန်တိုင်းရဲရုံး)၊ဒေါက်တာထိန်လင်း - ဒေါက်တာသန်းငွေးကြည်တို့၏ညီ/မောင်၊ဦးအေးကို-ဒေါ်နီနီလှိုင်(သိမ်ကြီးဈေး Dရုံ)၊ ဒေါ်ခင်သင်းလှိုင်တို့၏အစ်ကို၊ (ဦးမြကြည်)-ဒေါ်ရီတို့၏ သားသမက်၊ဒေါ်တင်တင်အေး၏ချစ်လှစွာသောခင်ပွန်း၊ကိုတိုးဉာဏ်သင်း-ဒေါ်မအေးသက်မော်ဝင်း၊ မတင်ဇာမော်ဝင်းတို့၏ဖခင်၊ မနှစ်သက်တိုး၏အဘိုး၊ တူ၊ တူမ ၁၉ယောက်တို့၏ ဦးလေးသည် ၅-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) တွင် စင်ကာပူစံတော်ချိန် ည ၁၀း၂၅ နာရီတွင် စင်ကာပူနိုင်ငံ (Khoo Teck Hospital)၌ ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၆ရက် (အင်္ဂါနေ့) စင်ကာပူစံတော်ချိန် ညနေ ၅နာရီတွင် စင်ကာပူနိုင်ငံ Mandai Crematorium Hall-4 ၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၆-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသိန်းလွင် (ပြည်)
**အင်ဂျင်နီယာမှူးကြီး(ငြိမ်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**ပန်းတောင်းမြို့နယ်၊ အမှတ်(၂)ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၉၇၄/၇၈**
**အသက်(၈၈)နှစ်**

မင်းတုန်းမြို့နေ ကျောင်းအုပ်ကြီး (ဦးစောမောင်-ဒေါ်သာရင်)တို့၏သား၊ ကျောင်းအုပ်ကြီး(ဦးစိုး-ဒေါ်အေး)တို့၏တူ၊ ပြည်မြို့နေ(ဦးဉာဏ်ဆင့်-ဒေါ်ခင်ညွှန့်) ရွှေနန်းတော်သင်္ကန်းတိုက်တို့၏သားသမက်၊ ပြည်မြို့၊ ပြည်သာယာရပ်ကွက်၊ ဆေးရုံသစ်ကြီးနောက်လမ်း၊ မြကျောက်ရတနာခြံနေ (ဒေါ်မြမြသန်း)၏ ချစ်လှစွာသောခင်ပွန်း၊ ပြည်မြို့နေ (ဦးလှကျော်၊ အငြိမ်းစားထောင်ပိုင်ကြီး-ဒေါ်လှမြင့်)တို့၏မောင်၊ရန်ကုန်မြို့နေ(ဦးတင်မောင်သန်း)(စစစ)-ဒေါ်ကြည်လှိုင်တို့၏အစ်ကို၊ ပြည်မြို့နေ (ဒေါ်စန်းကြည်၊ ဒေါ်သန်းရီ) (ရွှေနန်းတော်သင်္ကန်း)တို့၏မောင်၊ ရန်ကုန်မြို့နေ(ဦးမောင်မောင်ညွှန့်) ဒုမန်နေဂျာ၊ ဟိုတယ်ခရီး-ဒေါ်မြသီတာဝင်း(လ/ထညွှန်မှူး၊ ငြိမ်း) လယ်/ဆည်၊ (ဒေါက်တာဦးမောင်မောင်အေး)(အရိုးအထူးကု)-ဒေါက်တာဒေါ်မြမြချို (မေ့ဆေးဆရာဝန်ကြီး)တို့၏ အစ်ကို၊ သားသမီး ကိုးယောက်တို့၏ဖခင်သည် ၃-၆-၂၀၁၆ရက် (သောကြာနေ့) ည ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၆နာရီမှ မွန်းတည့် ၁၂နာရီအထိ ပြည်လမ်း(BMW Car Show Room နောက်)၊ ဒိုင်းမွန်းကွန်ဒို(B)၊ အမှတ် ၆၀၂ နေအိမ်သို့ ရက်လည်ဆွမ်းနှင့် ၃-၇-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ပြည်မြို့၊ ပြည်သာယာရပ်ကွက်၊ဆေးရုံကြီးနောက်မြကျောက်ခြံသို့ တစ်လပြည့် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးသိန်းလွင်(ပြည်) အသက်(၈၈)နှစ်
**အင်ဂျင်နီယာမှူးကြီး(ငြိမ်း)၊ ဆောက်လုပ်ရေး**

မင်းတုန်းမြို့နေ ကျောင်းအုပ်ကြီး (ဦးစောမောင်-ဒေါ်သာရင်)တို့၏သား၊ ပြည်မြို့နေ (ဦးဉာဏ်ဆင့်-ဒေါ်ခင်ညွှန့်) ရွှေနန်းတော်သင်္ကန်းတိုက်တို့၏သားသမက်၊ ပြည်မြို့၊ ပြည်သာယာရပ်ကွက်၊ဆေးရုံသစ်ကြီးနောက်လမ်း၊ မြကျောက်ရတနာခြံနေ (ဒေါ်မြမြသန်း)၏ချစ်လှစွာသောခင်ပွန်း၊ (ဗိုလ်မြင့်လွင်) ပဲခူး၊ ဦးဇော်ဇော်လွင်-(ဒေါ်သက်သက်လွင်)၊(ကိုကျော်ကျော်လွင်)၊ မကြည်မိုး၊ ဦးမျိုးလွင်(မြကျောက်Coffee)၊ ဦးကျော်မိုးလွင်-ဒေါ်နိုင်နိုင်လွင်၊ (ဦးခင်မောင်လွင်)၊ ဦးအောင်လွင်ဦး(ရတနာဗီဒီယိုဖြန့်ချိရေး)၊ ဒေါက်တာသန့်သန့်လွင်(MNTV)၊ ယာယီ ဒုတိယဗိုလ်မှူးကြီးရဲမာန်ဝင်း(ရေ)-ဒေါ်ယုယုလွင်တို့၏ဖခင်၊ ကိုကျော်စွာသိန်း(MRTV-4)၊ ကိုစောရန်နိုင်၊ မရင်အေးမြ (Grade-8, E၊ အထက-၂၊ ကမာရွတ်)၊ ရဲသူရိန်ဝင်း(Grade-6, A၊ အလက-၁၊ ဒဂုံ)၊ ကြယ်စင်ဝင်း(Grade-5, B၊ အလက-၁၊ ဒဂုံ)တို့၏ဘိုးဘိုးကြီးသည် ၃-၆-၂၀၁၆ရက် (သောကြာနေ့) ည ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၆နာရီမှ မွန်းတည့် ၁၂နာရီအထိ ပြည်လမ်း(BMW Car Show Room နောက်)၊ ဒိုင်းမွန်းကွန်ဒို(B)၊ အမှတ် ၆၀၂ နေအိမ်သို့ ရက်လည်ဆွမ်းနှင့် ၃-၇-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ပြည်မြို့၊ ပြည်သာယာရပ်ကွက်၊ ဆေးရုံကြီးနောက် မြကျောက်ခြံသို့ တစ်လပြည့် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကျင်တိတ်
**အသက်(၈၅)နှစ်**

ကျောက်တန်းမြို့၊ အလယ်ပိုင်းရပ်ကွက်၊ လွတ်လပ်ရေးလမ်း၊ အမှတ် ၈၀ နေ ဒေါ်မြရင်၏ခင်ပွန်း၊ ဦးဝင်းစိန်-ဒေါ်စန်းစန်းမြင့်၊ ဦးချစ်အုန်း-ဒေါ်သန်းသန်းအေး၊ ဒေါက်တာကြည်ထူး-ဒေါ်ဝင်းဝင်းမော်၊ ဦးနေဝင်းအောင်၊ ဦးအေးကို-ဒေါ်ခင်လေးဝင်း၊ ဒေါ်စန်းစန်းထွေး၊ ဦးညွှန့်ဝင်းတို့၏ဖခင်၊ မြေး ၁၄ယောက်တို့၏အဘိုးသည် ၆-၆-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ကျောက်တန်းမြို့ တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဦးဝင်းမောင် (ကညွှတ်ကွင်း)
**ကုန်ဝန်ထောက်(ငြိမ်း)၊ ဆိပ်ကမ်းအာဏာပိုင်**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မင်းဒင် ၁ လမ်း၊ တိုက် ၁၃၊ အခန်း ၁နေ (ဦးတင့်-ဒေါ်အေးကြည်)တို့၏သား၊ ဒေါ်ခင်ဝ၏ခင်ပွန်း၊ ဦးအောင်နိုင်ဦး-ဒေါ်သစ်သစ်စိုး၊ ဦးသိန်းဦး(မြဝတီထရေးဒင်းလီမိတက်၊ စက်သုံးဆီဌာန)၊ ဒေါ်စန္ဒာလွင်(YESC)၊ မမြတ်မြတ်ဝင်း၊ (ဗိုလ်ဇော်လတ်)၊ မောင်နေလင်း(O.M.M Co.,Ltd)၊ မသက်မွန်ထိုက်(Maxpower-Thaketa Co.,LTD) မောင်မြတ်ထွဋ် (ထွန်းလျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး)၊ နန့်နွယ်တာထွန်းတို့၏ဖခင်၊ မောင်ဟန်ထွန်းအောင်၊ မောင်သိန်းထိုက်အောင်၊ မသက်နှင်းစု၊ မမေသူကို၊ မောင်ဘုန်းမြတ်တာတို့၏အဘိုး၊ မောင်ဟိန်းရဲရင့်၏ဘိုးဘိုးကြီးသည် ၅-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့)ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၆ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၁၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၆-၂၀၁၆ ရက် (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကျော်တင် (မုံရွာ)
**မန်နေဂျာ (MPPE၊ ငြိမ်း)**
**MD (မုံရွာရွှေအုပ်စုကုမ္ပဏီလီမိတက်)**
**အသက်(၇၄)နှစ်**

မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ စာရေးတန်းလမ်းနေ(ဦးချစ်-ဒေါ်စောရင်)တို့၏သား၊ ဒေါ်တင်ရှိ၊ [ဒေါ်တင်အုန်း (မြန်မာထမင်းဆိုင်)]၊ ဒေါ်ခင်ညိုတို့၏မောင်၊ ကိုဖုန်းမော်အေး-မရီရီတင်၊ [ကိုသန့်ဇင်ကျော်(ခ)ကိုသန်းနိုင်]တို့၏ဖခင်၊ မခိုင်မြမြမော်၊ မနှင်းယုယုမော်တို့၏အဘိုး၊ (ဒေါ်နွဲ့နွဲ့ရီ)၏ခင်ပွန်းသည် ၆-၆-၂၀၁၆ ရက် နံနက် ၀၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၆ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် မုံရွာမြို့ ဆားကျင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်တင်တင်
**အလပြ(ငြိမ်း)၊ အထက(၂)မင်္ဂလာဒုံ**
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အကျဉ်းဦးစီးဌာန၊ သဇင်လိုင်း၊ အရာရှိကြီးများနေအိမ်၊ အမှတ် ၂နေ (ဗိုလ်ကြီးအောင်ကျော်မြင့်) တေဇ-၂၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီးဇော်လင်းထွန်း-ဒေါ်ခင်ဥမ္မာ၊ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်စစ်အောင်-ဒေါ်ချစ်စန္ဒီလမင်းထွန်း၊ မအေးကျော့ကျော့ခိုင်တို့၏မိခင်ကြီး၊ မြေးသုံးယောက်တို့၏အဘွားသည် ၆-၆-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁၁း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# တာမိုးညဲမြို့အနီးရှိ ဘိန်းခင်းများနှင့် ဘိန်းစခန်းများကို ပထမအကြိမ် ဖျက်ဆီး



လှဝင်းအောင်(မြန်/ဆက်)

**တာမိုးညဲ ဇွန် ၆**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မူဆယ်ခရိုင် တာမိုးညဲမြို့ ဒေသခံများနှင့် တက်ကြွလှုပ်ရှားသူများစုပေါင်းပြီး မြို့အနီးအနားရှိ ဘိန်းခင်းများနှင့် ဘိန်းစခန်းများကို ယနေ့နံနက် ၉ နာရီက လိုက်လံဖျက်ဆီးမီးရှို့ခဲ့သည်။

၎င်းတို့သည် ကချင်နှစ်ခြင်းဘုရားကျောင်းတွင် စုဝေးပြီး တာမိုးညဲမြို့ဒေသခံ ဘိန်းတိုက်ဖျက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဒဘမ်လမွန်းက ဦးဆောင်သည့် ဒေသခံတက်ကြွစွာ ပါဝင်လှုပ်ရှားသူများ စုစုပေါင်းဦးရေ ၁၀၀ ခန့် စုပေါင်းကာ မြို့အနီးအနားပတ်ဝန်းကျင်ရှိ ဘိန်းစခန်းများကို လိုက်လံဖျက်ဆီးရာ မူးယစ်ဆေးဝါးအသုံးပြုရာတွင် အသုံးပြုသော ဆေးထိုးအပ်များ၊ စိတ်ကြွဆေးပြားများနှင့် ရောင်းဝယ်သူတစ်ဦး ဖမ်းဆီးရမိသည်။

ထိုသို့ပြုလုပ်ရခြင်းသည် တာမိုးညဲမြို့အတွင်း မူးယစ်ဆေးဝါးကင်းစင်စေလိုသော ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး ဖမ်းဆီးရမိသူများကို မြို့နယ်ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

**တာမိုးညဲမြို့အနီးနားရှိ ဘိန်းခင်းနှင့် ဘိန်းစခန်းများကို ဒေသခံများနှင့် တက်ကြွလှုပ်ရှားသူများ စုပေါင်းပြီး လိုက်လံဖျက်ဆီးစဉ်**

## မှတ်သားဖွယ်ရာမိုးရေချိန်များ   ၆-၆-၂၀၁၆

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မာန်အောင်မြို့တွင် ၂ ဒသမ ၆၈ လက်မ၊ ချောင်းဆုံမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ ပြည်မြို့တွင် ၂ ဒသမ ၃၆ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ မဒေါက်မြို့တွင် ၂ ဒသမ ၂၈ လက်မ၊ လောင်းလုံးမြို့တွင် ၂ ဒသမ ၁၃ လက်မ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၀၉ လက်မ၊ မြောက်ဦးမြို့နှင့် သထုံမြို့တို့တွင် ၂ ဒသမ ၀၅ လက်မစီ၊ သရက်မြို့တွင် ၂ ဒသမ ၀၁ လက်မ၊ ဟသ်ာတမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ ဂန့်ဂေါမြို့တွင် ၁ ဒသမ ၈၁ လက်မ၊ မင်းဘူးမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ မှော်ဘီ(စိုက်ပျိုးရေး)တွင် ၁ ဒသမ ၇၃ လက်မ၊ စစ်တွေမြို့နှင့် ထားဝယ်မြို့တို့တွင် ၁ ဒသမ ၆၉ လက်မစီနှင့် နွားထိုးကြီးမြို့တွင် ၁ ဒသမ ၆၂ လက်မတို့ ဖြစ်သည်။ **(မိုး/ဇလ)**

# အိမ်ရှင်မြန်မာအသင်း ဟောင်ကောင်ကို ဂိုးပြတ်သွင်းပြီး တတိယနေရာရရှိ

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် ဇွန် ၆**

လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ (AYA Bank Cup 2016) တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ကျင်းပရာ အိမ်ရှင်မြန်မာအသင်းက တတိယနေရာရရှိခဲ့သည်။ တတိယနေရာလုပွဲတွင် အိမ်ရှင်မြန်မာအသင်းသည် ဟောင်ကောင်အသင်းကို သုံးဂိုးပြတ်အနိုင်ရရှိပြီး တတိယရရှိခဲ့သည်။ နည်းပြ ဂတ်ဖရိုင်းဒရစ်လက်ထက် ရှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးမှု၊ မိနစ် ၁၈၀ ကျော် ဂိုးပေါက်ပျောက်ဆုံးမှုတို့ကို *စာမျက်နှာ ၁၄ ကော်လံ ၃* ●



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်း ပထမဆုရ ဗီယက်နမ်အသင်းအား ချန်ပီယံဆုချီးမြှင့်စဉ်

## ဩစတြေးလျမုန်တိုင်းကြောင့် လူသုံးဦးသေဆုံး အိမ်များပြိုပျက်မှု အန္တရာယ်နှင့်ရင်ဆိုင်နေရ

စာမျက်နှာ-၁၀

## ကိုလံဘီယာ၏ အောင်မြင်ချိန်နှင့် ဗင်နီဇွဲလား၏ကျဆုံးချိန်

စာမျက်နှာ-၁၁

## နမ့်ခမ်း-လားရှိုး ခရီးသည်တင် ယာဉ်ငယ်တစ်စီး ပျောက်ဆုံးနေ

စာမျက်နှာ-၁၃

